# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲ ဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ - ၇၈)


၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက် | ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၈ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၂)၊ အမှတ် (၁၀၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာပြခန်းများနှင့် ဂုဏ်ပြုယာဉ်များ ခင်းကျင်းပြသထားမှု ပြည်သူများ စိတ်ပါဝင်စားစွာ တစ်ခဲနက်လာရောက်ကြည့်ရှုလေ့လာ

နေပြည်တော် ဇန်နဝါရီ ၈

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာပြခန်းများနှင့် ဂုဏ်ပြုယာဉ်များကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ရှေ့ တပေါင်းကွင်း၌ ပဉ္စမနေ့အဖြစ် ဆက်လက်ခင်းကျင်းပြသထားရာ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနားတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆင်နွှဲခဲ့ကြသူများနှင့် ပြည်သူများ တစ်ခဲနက်လာရောက် လေ့လာကြည့်ရှုကြသည်။ (အပေါ်ပုံ)

*စာမျက်နှာ ၆ ကော်လံ ၁ ✻*


**ယနေ့ ဖတ်စရာ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ (၇၅) နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နန်ပေါင်လေဆိပ်ပန်းဥယျာဉ် ဖွင့်လှစ်
ပြည်တွင်းသတင်း စာ ၃

သွေးလွန်တုပ်ကွေးရောဂါ ကူးစက်မှုနဲ့ သေဆုံးမှု မြင့်တက်လာတဲ့ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်
နိုင်ငံတကာရေးရာ စာ ၁၄

ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ချိုးဖောက်မှုများတွင် ယာယီတားဝရမ်း၊ ထာဝရတားဝရမ်းနှင့် ယာယီအရေးယူဆောင်ရွက်သည့် အမိန့်ချမှတ်ခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ
ဥပဒေရေးရာဆောင်းပါး စာ ၁၆






စာ ၁၈


## ထူးခြားသည့် ညအပူချိန်များ

၈-၁-၂၀၂၂

| | |
|---|---|
| ဟားခါးမြို့ | ၀ ဒီဂရီစင်တီဂရိတ် |
| နမ့်စန်မြို့ | ၂ ဒီဂရီစင်တီဂရိတ် |
| လွိုင်လင်မြို့ | ၄ ဒီဂရီစင်တီဂရိတ် |
| မိုင်းယန်းမြို့ | ၄ ဒီဂရီစင်တီဂရိတ် |
| ပူတာအိုမြို့ | ၅ ဒီဂရီစင်တီဂရိတ် |

## စည်းစနစ်တကျထုတ်ယူသုံးစွဲ မပျက်မကွက်ပြန်လည်ထူထောင်

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝသယံဇာတများသည်လည်း အရေးပါသော အရင်းအမြစ်များဖြစ်ကြသည်။ သဘာဝသယံဇာတများဟုဆိုရာတွင် မြေနှင့် ရေတို့သည် စိုက်ပျိုးမွေးမြူ ကုန်ထုတ်လုပ်ရေးအတွက် အရေးပါပြီး သစ်တော၊ သတ္တု စသည့် သဘာဝသယံဇာတများမှာမူ ထုတ်ယူသုံးစွဲရေးအတွက်ဖြစ်သည်။ မိမိတို့နိုင်ငံသည် သစ်တော၊ သတ္တုသယံဇာတများ ကြွယ်ဝသည့် တိုင်းပြည်ဖြစ်သော်လည်း ရေရှည်ထုတ်ယူသုံးစွဲနိုင်ရန်အတွက် မျှော်မှန်း၍ ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားမိန့်ခွန်းပြောကြားရာတွင် သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲမှုနှင့် စပ်လျဉ်း၍ "နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာမှာ သဘာဝသယံဇာတတွေကို ထုတ်ယူသုံးစွဲသင့်တာမှန်ပေမယ့်လည်း စည်းစနစ်တကျ ထုတ်ယူသုံးစွဲဖို့လိုပါတယ်။ တိုင်းပြည်နဲ့ နောင်မျိုးဆက်များရဲ့ အနာဂတ်ကို ထည့်သွင်းတွက်ချက်ဆောင်ရွက်ရပါမယ်။ ယခင်က ရရှိခဲ့တဲ့ ထိခိုက်မှုများအတွက်လည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားရပါမယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် သယံဇာတများကို ထုတ်ယူအသုံးပြုရာမှာ ကုန်ကြမ်းအဖြစ် ရောင်းချခြင်းထက် ကုန်ချောအဖြစ် တိုးတက်ထုတ်လုပ်ဆောင်ရွက်ခြင်းဟာ ဝင်ငွေပိုမိုရရှိခြင်း၊ ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းတိုးတက်ဖန်တီးပေးနိုင်ခြင်းနဲ့ ပြည်တွင်း၌ နည်းပညာနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေခြင်း စတဲ့အကျိုးကျေးဇူးတွေ ရရှိမှာဖြစ်ပါတယ်"ဟူ၍ ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ ဒေသအများအပြားတို့တွင် ရွှေ၊ ကျောက်စိမ်း၊ ကျောက်မျက်နှင့် ဓာတ်သတ္တုတူးဖော်မှုများ တရားဝင်ရော၊ တရားမဝင်ပါ တူးဖော်မှုများ ပြုလုပ်လျက်ရှိကြရာ ယင်းနှင့်ဆက်စပ်၍ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများ၊ ဒေသခံပြည်သူများ၏ နစ်နာဆုံးရှုံးမှုများကိုလည်း သတင်းများ တွေ့ရှိရသည်။ ဒေသ၏ ရေ၊ မြေအရင်းအမြစ်များ ပျက်စီးဆုံးရှုံးခြင်း၊ မြစ်ချောင်းများ တိမ်ကောပြီး ရေကြောင်းသွားလာမှု၊ သောက်သုံးရေနှင့် စိုက်ပျိုးရေ ရယူနိုင်မှုများ ဆုံးရှုံးခြင်း၊ စိုက်ပျိုးမြေများပေါ်သို့ စွန့်ပစ်မြေစာများ၊ ရေဆိုးများ ဖုံးလွှမ်းခံရခြင်း၊ ပြဒါး၊ အာဆင်းနစ် စသည့် အဆိပ်သင့်စေသည့် ဓာတ်ပစ္စည်းများကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်းစသည်တို့အပါအဝင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်များကို ထိခိုက်ပျက်စီးစေသည့် နည်းလမ်းများဖြင့် သဘာဝသယံဇာတများကို ထုတ်ယူနေကြပြီး အခြားတစ်ဖက်တွင်မူ ထိခိုက်မှုများအတွက် ပြန်လည်ကုစားမှု၊ သဘာဝပတ်ဝန်းကျင်များကို ပြန်လည်ထူထောင်မှုများ ပြုလုပ်ရန်မှု ပျက်ကွက်လျက်ရှိကြကြောင်းကိုလည်း သိရသည်။

နိုင်ငံ၏ မြေပေါ်မြေအောက်သယံဇာတများကို ထုတ်ယူသုံးစွဲရာတွင် နိုင်ငံ၏ အကျိုးစီးပွား၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေးရှုကြရန် လိုအပ်သကဲ့သို့ နောင်လာနောက်သားမျိုးဆက်သစ်များအတွက်လည်း ထည့်သွင်းတွက်ချက်ကြရန် လိုအပ်သည်။ မိမိအကျိုးစီးပွား တစ်ခုတည်းကိုသာ ဦးတည်ကာ ဘယ်သူသေသေ ငတေမာလျှင်ပြီးရော ဟူသော စိတ်ဓာတ်ဖြင့် နိုင်ငံ၏ သယံဇာတများကို ထုတ်ယူသုံးစွဲပြီး အဆိပ်သင့် ကြေမွပျက်စီးသွားသည့် ရေ၊ မြေတို့ကို လက်လွှတ်စပယ်ထားခဲ့ခြင်းဖြင့် အနာဂတ်မျိုးဆက်တို့၏ ပြစ်တင်ရှုတ်ချမှုကို ခံကြရမည်ဖြစ်သည်။ နိုင်ငံ၏ သယံဇာတများကို အများအကျိုး၊ နိုင်ငံအကျိုးအတွက် အဓိကထား၍ စည်းစနစ်တကျထုတ်ယူသုံးစွဲခြင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများကို မပျက်မကွက်ပြန်လည်ထူထောင်ခြင်းဖြင့် တာဝန်ကျေပွန်ကြစေရေး နှိုးဆော်တိုက်တွန်းအပ်ပါကြောင်း။ ။



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပေးအပ်ချီးမြှင့်သည့် စည်သူဘွဲ့ရရှိသူအား ချင်းပြည်နယ်ဝန်ကြီးချုပ်က မိသားစုဝင်ထံ လက်ရောက်ပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၈**

၁၉၈၅ မှ ၁၉၈၈ ခုနှစ်အထိ နိုင်ငံတော်ကောင်စီဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဦးဝမ်းသူဟာရှိန်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၁၇ ရက် (တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်) တွင် စည်သူဘွဲ့ကို ချီးမြှင့်ခဲ့သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက ချီးမြှင့်ခဲ့သည့် စည်သူဘွဲ့တံဆိပ်နှင့် ဂုဏ်ပြုစာလွှာတို့အား ဖေယျာသီရိမြို့နယ်ရှိ ဘုရင့်နောင်ရိပ်သာ၌ ယနေ့နံနက် ၈ နာရီတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်က ဦးဝမ်းသူဟာရှိန်း၏ မိသားစုဝင်ဖြစ်သူ ဦးမေအောင်လိန်း ထံ လက်ရောက်ပေးအပ်ကြောင်း သိရသည်။ **သတင်းစဉ်**



## ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့၌ ကျောင်းဆောင်သစ်ပန္နက်တင်ပွဲ ကျင်းပ

**လောက်ကိုင် ဇန်နဝါရီ ၈**

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသည့်အတွက် ပညာရေးမြှင့်တင်ခြင်းဖြင့် ခေတ်မီနိုင်ငံတော်တည်ဆောက်ရေး ဆောင်ရွက်ရန်နှင့် MSME စီးပွားရေးလုပ်ငန်းများအတွက် အထောက်အကူရရှိစေရန်ရည်ရွယ်ပြီး အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးသော ကျောင်းများကို တိုးချဲ့ဖွင့်လှစ်နိုင်ရန် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့ အမှတ် (၂) ရပ်ကွက် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းဆောင်သစ်ပန္နက်တင်အခမ်းအနားကို ယနေ့နံနက်က ကျင်းပသည်။



ကျောင်းဆောင်သစ် ပန္နက်တင်အခမ်းအနားတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမိုးဇော်လတ်က ပန္နက်တိုင်ကို စတင်စိုက်ထူပေးပြီး(ဝဲပုံ) အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့သည်။ ထို့နောက် ဒေသပညာရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦး၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ပန္နက်တိုင်များကို သတ်မှတ်နေရာများတွင် အသီးသီးစိုက်ထူပေးခဲ့ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

အဆိုပါကျောင်းဆောင်သစ်သည် နိုင်ငံတော်အစိုးရ၏ လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေးအတွက် ခရိုင် ၅၀ တွင် အထက်တန်းကျောင်းတစ်ကျောင်းစီကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာစသည့် ပညာရပ်များကို တွဲဖက်သင်ကြားပေးမည့်အပြင် MSME စီးပွားရေးလုပ်ငန်းများအတွက် အထောက်အကူ ရရှိစေရန်ရည်ရွယ်ပြီး အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားပေးသော ကျောင်းများကို တိုးချဲ့ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည့် ကျောင်းများတွင် ပါဝင်ကြောင်း သိရသည်။

ကျောင်းဆောင်သစ်ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ နိုင်ငံတော်ဘတ်ဂျက်မှ ငွေကျပ် ၄၇၉ ဒသမ ၄၅၄ သန်း ခွဲဝေချထားပေးကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**လောက်ကိုင်(ပြန်/ဆက်)**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၈**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာငွေကျပ် ၄၅၃၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇန်နဝါရီ ၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ် စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇန်နဝါရီ ၉ ရက်မှ ၁၅ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၄၅၃၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန ၏ Website: www.doca.gov.mm ၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်တို့ လေဆိပ်ပန်းဥယျာဉ်ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ (၇၅) နှစ်မြောက် စိန်ရတု ကချင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နန်ပေါင်လေဆိပ်ပန်းဥယျာဉ်ဖွင့်လှစ်

**မြစ်ကြီးနား ဇန်နဝါရီ ၈**

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ကျရောက်မည့် (၇၅) နှစ်မြောက် စိန်ရတု ကချင်ပြည်နယ်နေ့ကို ဂုဏ်ပြုသည့်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများက ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ နန်ပေါင်လေဆိပ်ပန်းဥယျာဉ်ကို ဖွင့်လှစ်ပေးကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမောင်မောင်အုန်း၊ ဦးလှမိုး၊ ဦးသောင်းဟန်၊ ဦးအောင်နိုင်ဦး၊ ဒေါက်တာညွန့်ဖေ၊ ဦးမင်းသိန်းဇံ၊ ဦးမျိုးသန့်၊ ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ ဦးဇော်အေးမောင်တို့သည် နံနက် ၁၀ နာရီခွဲတွင် တပ်မတော်လေယာဉ်ဖြင့် မြစ်ကြီးနားမြို့ နန်ပေါင်လေဆိပ်သို့ ရောက်ရှိကြရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ကချင်ပြည်နယ်အတွင်းရှိ ကချင်မျိုးနွယ်စု ခြောက်မျိုး၊ ရှမ်းမျိုးနွယ်စု ငါးမျိုးနှင့် ဗမာ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအကအဖွဲ့များက အကအလှများဖြင့် နွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးများသည် (၇၅) နှစ်မြောက် စိန်ရတု ကချင်ပြည်နယ်နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်မည့် လေဆိပ်ဝင်းအတွင်းရှိ လေဆိပ်ပန်းဥယျာဉ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးလှမိုးနှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်တို့ လေဆိပ်ပန်းဥယျာဉ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ရှေးဦးစွာ လေဆိပ်ပန်းဥယျာဉ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးလှမိုးနှင့် တိုင်းမှူးဗိုလ်ချုပ်ကိုကိုမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် Jeng Phang နော်တောင်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်တို့က လေဆိပ်ပန်းဥယျာဉ်ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းမှူး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများက အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး **(အောက်ပုံ)** လေဆိပ်ပန်းဥယျာဉ်ကို လှည့်လည်ကြည့်ရှုကြသည်။




(၇၅) နှစ်မြောက် စိန်ရတု ကချင်ပြည်နယ်နေ့ အခမ်းအနားကို ကချင်ပြည်နယ် အစိုးရအဖွဲ့ အနေဖြင့် ဇန်နဝါရီ ၉ ရက်တွင် မြစ်ကြီးနားမြို့၌ ရိုးရာမနောအကဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် ပြည်နယ်နေ့အထိမ်းအမှတ် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲဖွင့်ပွဲကို ကျင်းပသွားမည်ဖြစ်ပြီး ဇန်နဝါရီ ၁၀ ရက် စိန်ရတု ကချင်ပြည်နယ်နေ့တွင် သဝဏ်လွှာဖတ်ပွဲ အခမ်းအနား၊ ရိုးရာမနောအကနှင့်အတူ ဌာနဆိုင်ရာပြခန်းများ၊ ဒေသထွက်ကုန်ပစ္စည်းပြခန်းများ၊ အားကစားပြိုင်ပွဲများ၊ ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ထူးဆောင်ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းများ ချီးမြှင့်အပ်နှင်းပွဲ၊ ရေကူးပြေးလမ်း ၁၀ လမ်းပါ ရေကူးကန်ဖွင့်ပွဲတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင် မြစ်ကြီးနားမြို့၌ အသစ်တည်ဆောက်ဖွင့်လှစ်ပေးသွားမည့် အားကစားနှင့် ကာယပညာသိပ္ပံကျောင်း မြေနေရာနှင့် ကွန်ပျူတာတက္ကသိုလ်မြေနေရာလျာထားမှု ကြည့်ရှုစစ်ဆေး

မြစ်ကြီးနား ဇန်နဝါရီ ၈

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ကချင်ပြည်နယ် ဝန်ကြီးချုပ်တို့သည် ယနေ့ မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့၌ အသစ်တည်ဆောက် ဖွင့်လှစ်ပေးသွားမည့် အားကစားနှင့် ကာယပညာသိပ္ပံကျောင်း မြေနေရာနှင့် ကွန်ပျူတာတက္ကသိုလ် မြေနေရာလျာထားမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမင်းသိန်းဇံ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်တို့နှင့်အတူ မော်ဖောင်းကျေးရွာအုပ်စု ပိတောင်ကွင်းသို့ ရောက်ရှိပြီး မြစ်ကြီးနားမြို့တွင် အသစ်တည်ဆောက် ဖွင့်လှစ်ပေးသွားမည့် အားကစားနှင့် ကာယပညာ သိပ္ပံကျောင်းမြေနေရာ၊ ကွန်ပျူတာတက္ကသိုလ် မြေနေရာနှင့် ဌာနဆိုင်ရာ လျာထားမြေနေရာများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်တို့သည် မြစ်ကြီးနားမြို့ သီတာရပ်ကွက်ရှိ ရေကူးပြေးလမ်း ၁၀ လမ်းပါ ရေကူးကန်တည်ဆောက်ပြင်ဆင်ပြီးစီးမှု၊ ရေကူးကန်အနီး မြေကွက်လပ်တွင် ဖူဆယ်အားကစားရုံ တည်ဆောက်နေမှုနှင့် ငြိမ်းချမ်းသာယာဘောလုံးကွင်း အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရေးအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ မှာကြားသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင် မြစ်ကြီးနားမြို့၌ အသစ်တည်ဆောက်ဖွင့်လှစ်ပေးသွားမည့် အားကစားနှင့် ကာယပညာသိပ္ပံကျောင်း မြေနေရာနှင့် ကွန်ပျူတာတက္ကသိုလ် မြေနေရာလျာထားမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ မြစ်ကြီးနားပညာရေးဒီဂရီကောလိပ် ဆရာ ဆရာမ၊ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၈

**ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲ ၂ နာရီတွင် မြစ်ကြီးနားပညာရေးဒီဂရီကောလိပ်သို့ သွားရောက်၍ အဆိုပါကောလိပ်ရှိ အားကစားခန်းမ၌ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံသည်။**




တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပညာရေးဒီဂရီကောလိပ်တွင် တက်ရောက်ပညာ သင်ယူနေကြသည့် အနာဂတ်နိုင်ငံတော်အတွက် အားထားရမည့် ဆရာဆရာမလျောင်းလျာသင်တန်းသားသင်တန်းသူများကို ယခုလိုတွေ့ဆုံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အခြေခံပညာရေးကဏ္ဍသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးအကြီးဆုံး အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ ယခုကတည်းက မိမိတို့ကိုယ်တိုင် ထူးချွန်သော၊ အသင်အပြကောင်းမွန်သော ဆရာ ဆရာမများဖြစ်လာအောင် ရည်မှန်းကြိုးစားကြစေလိုပါကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်ရသည့်အခါ သင်ကြားပို့ချရမည့် ဘာသာရပ်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ပြန်လည်သင်ကြားပို့ချနိုင်ရေး ကြိုးစားသင်ယူကြစေလိုပါကြောင်း၊ တာဝန်ထမ်းဆောင်သည့်အခါ ကျောင်းသားကျောင်းသူများကို ဆင်းရဲခြင်း၊ ချမ်းသာခြင်းစသည့် မည်သည့်ခွဲခြားမှုမျိုးမှမရှိစေဘဲ အမှန်တကယ်ပညာတတ်အောင် ပြုစုပျိုးထောင်သင်ကြားပေးကြရမည်ဖြစ်ပါကြောင်း၊ လုပ်ဖော်ကိုင်ဖက် ပညာရေးမိသားစုအချင်းချင်း မေတ္တာထား၍ ကိုယ်ချင်းစာတရားများဖြင့် အပြန်အလှန်လေးစားစွာ ဆက်ဆံဆောင်ရွက်ကြစေလိုပါကြောင်း၊ စေတနာဖြူစင်ပြီး ရိုးသားကြိုးစားသည့် နှလုံးလှသော ဆရာ ဆရာမများဖြစ်အောင် ကြိုးစားကြစေလိုပါကြောင်း၊ နိုင်ငံအတွက် အားထားရမည့် ထူးချွန်ထက်မြက်သော နိုင်ငံသားကောင်းသမီးမွန်များကို ပြုစုပျိုးထောင်မွေးထုတ်ပေးစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက လိုအပ်ချက်များနှင့် သိရှိလိုသည်များကို မေးမြန်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးဖြေကြား၍ ကျောင်းအတွက်လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ (ဓာတ်ပုံ)

တွေ့ဆုံပွဲသို့ မြစ်ကြီးနားတက္ကသိုလ် ပါမောက္ခချုပ်၊ မြစ်ကြီးနား ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီးနှင့် ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများ၊ ပထမနှစ်၊ ပထမနှစ်ဝက်(၂၀၂၂) သင်တန်းသား သင်တန်းသူများ၊ ပထမနှစ်၊ ဒုတိယနှစ်ဝက်(၂၀၂၀) သင်တန်းသား သင်တန်းသူများနှင့် ဒုတိယနှစ်၊ ပထမနှစ်ဝက်(၂၀၁၉) သင်တန်းသား သင်တန်းသူများ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၆၀၂ ဦး တက်ရောက်ကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မြစ်ကြီးနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်၍ တည်ဆောက်ရေးလုပ်ငန်းခွင်များ၊ အဆောက်အအုံပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှု၊ စာသင်ဆောင်၊ စာသင်ခန်းများနှင့် တည်ဆောက်ဆဲ အဆောက်အအုံအသစ်အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သီပေါမြို့ သီတဂူစက္ခုဒါနဆေးရုံကြီး၌ ငါးရက်အတွင်း မျက်စိဝေဒနာရှင် ၁၆၀၂ ဦးတို့အား စမ်းသပ်ကုသ

**သီပေါ ဇန်နဝါရီ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် မဟာမြတ်မုနိဘုရားကြီး သီတဂူစက္ခုဒါန ဆေးရုံတော်ကြီး၌ အကြိမ်(၅၀)မြောက် အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ကုသခြင်းကို ဇန်နဝါရီ ၃ ရက်မှ ယနေ့ နံနက်ပိုင်းအထိ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးခြင်းကို ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ ဦးဆောင်ဦးရွက်မှုနှင့် သီပေါမြို့ မဟာမြတ်မုနိဘုရားကြီး အကျိုးတော်ဆောင်ဆရာတော်ဘဒ္ဒန္တပညာသီရိ၏ကြီးကြပ်မှုဖြင့် ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း စသည့်မြို့ကြီးများမှ မျက်စိအထူးကုဆရာဝန်ကြီးများက စမ်းသပ်ခွဲစိတ်ကုသပေးလျက်ရှိပြီး ဇန်နဝါရီ ၃ ရက်မှ ၇ ရက်အထိ စုစုပေါင်း မျက်စိဝေဒနာရှင် ၁၆၀၂ ဦးတို့အား စမ်းသပ်ခွဲစိတ်ကုသပေးနိုင်ခဲ့သည်။

သီပေါမြို့နှင့် အနီးတစ်ဝိုက်မြို့များဖြစ်သော လားရှိုး၊ ကျောက်မဲ၊ နောင်ချိုကွတ်ခိုင်၊ နမ့်ဆန်(မြောက်)၊ မိုင်းငေါ့၊ မိုင်းလုံ စသည့်မြို့များမှ မျက်စိဝေဒနာရှင်များ၊ သီပေါမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ မျက်စိဝေဒနာရှင်များ လာရောက်စမ်းသပ်ကုသလျက်ရှိကြောင်း၊ သိရသည်။

**ခင်လေး(ပြန်/ဆက်)**



## SIM Card များ မှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များ မှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်စသည့်အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက် မှန်ကန်စွာဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ ဆင်းကတ်မှတ်ပုံတင်သည့် အမည် / နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကို မှန်/မမှန် စစ်ဆေးပြီး၊ ပြင်ဆင်ရန်လိုအပ်ပါက (၃၁-၁-၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန်အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏ အမည် / နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ မှန်/မမှန် စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) အတွက် ***601#** ၊ Atom အတွက် ***979*3*3#**၊ Ooredoo အတွက် ***666#**၊ Mytel အတွက် ***966#** သို့ ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာ အော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# (၄၄)ကြိမ်မြောက် သွေးလှူရှင်များဂုဏ်ပြုပွဲနှင့် လူမှုထူးချွန်တံဆိပ်(ပထမအဆင့်)ရရှိသော သွေးလှူရှင်များအား ဂုဏ်ပြုပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၈**

(၄၄)ကြိမ်မြောက် သွေးလှူရှင်များ ဂုဏ်ပြုပွဲနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချီးမြှင့်သည့် လူမှုထူးချွန်တံဆိပ်(ပထမအဆင့်) ရရှိသော သွေးလှူရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် သူနာပြုတက္ကသိုလ်(ရန်ကုန်)၌ ကျင်းပသည်။




အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက သွေးလှူရှင်များ ဂုဏ်ပြုပွဲအခမ်းအနားကို ကျင်းပခဲ့သည်မှာ ယခုဆိုလျှင် (၄၄) ကြိမ်မြောက် ရှိပြီဖြစ်ကြောင်း၊ သွေးလှူရှင်များကို နှစ်အတန်ကြာ လူမှုထူးချွန်တံဆိပ် မချီးမြှင့်နိုင်ခဲ့သော်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ လက်ထက်တွင် ပြန်လည်ချီးမြှင့်နိုင်ခဲ့ပါကြောင်း၊ သွေးလှူရှင် ၃၀ ကို လူမှုထူးချွန်တံဆိပ် (ပထမဆင့်) ဂုဏ်ပြုချီးမြှင့်ခဲ့သည့်အတွက် သွေးလှူရှင်များနည်းတူ ဝမ်းမြောက်ဝမ်းသာဖြစ်ရကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာပြည်တစ်ဝန်းရှိ သွေးသွင်းကုသမှုကို ဆောင်ရွက်ပေးနေသည့် ဆေးရုံများတွင် အခြေခံလိုအပ်ချက်ဖြစ်သည့် ဆေးပစ္စည်း၊ သွေး လှူဒါန်းရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့် သိုလှောင်ရသည့် စက်ပစ္စည်းများကို ပြည့်ဝစွာ ထောက်ပံ့ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထိုသို့ ထောက်ပံ့ပေးထားသော်လည်း ယခုကဲ့သို့ စဉ်ဆက်မပြတ် လှူဒါန်းပေးသော စေတနာသွေးလှူရှင်ကြီးများ၏ လှူဒါန်းကူညီမှုသာ မရှိခဲ့ပါက လူနာများအတွက် စိတ်ပူပန်မှုနှင့် ငွေကြေးကုန်ကျမှုများရှိမည့်အပြင် အမှန်တကယ် အန္တရာယ်ကင်းသည့် သွေးနှင့် သွေးပစ္စည်းများဖြင့် ကုသမှုခံယူခွင့် ရရှိနိုင်မည်မဟုတ်ပါကြောင်း၊ စေတနာသွေးလှူရှင်များအနေဖြင့် ကိုဗစ်ရောဂါကူးစက်ခံရမှု အန္တရာယ်ကို ဂရုမစိုက်ဘဲ ဝေဒနာရှင်လူနာများအတွက် အမျိုးသားသွေးဌာနသို့ လာရောက်လှူဒါန်းပေးခဲ့ရာ ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၂ ခုနှစ်အထိ စုစုပေါင်း ၁၁၂၄၉၇ ဦး ရှိခဲ့ပါကြောင်း၊ ထိုသို့ လှူဒါန်းမှုများကြောင့် အမျိုးသားသွေးဌာနမှ ရန်ကုန်မြို့ပေါ်ရှိ ပြည်သူ့ဆေးရုံများနှင့် ပုဂ္ဂလိကဆေးရုံများအပါအဝင် ဆေးရုံစုစုပေါင်း ၃၆ ရုံအတွက် လုံလောက်စွာ ထောက်ပံ့နိုင်ခဲ့သည့်အတွက် သွေးသွင်းကုသရန် လိုအပ်သောလူနာများ ကပ်ရောဂါကာလအတွင်း အပူအပင်မရှိ ကုသမှုခံယူနိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် အမျိုးသားသွေးဌာန တစ်ခု၊ မန္တလေး၊ မကွေး၊ မော်လမြိုင်၊ မြစ်ကြီးနား၊ တောင်ကြီး၊ ပုသိမ်၊ နေပြည်တော်တို့တွင်ရှိသည့် ဆေးရုံကြီးများတွင် တွဲဖက်ထားသည့် သွေးဘဏ် ခုနစ်ခု၊ ခုတင်(၂၀၀)နှင့် ခုတင်(၁၀၀)ဆံ့ ဆေးရုံများတွင်လည်း ဓာတ်ခွဲခန်းနှင့် တွဲဖက်ဆောင်ရွက်သော သွေးဘဏ်များကို တိုးချဲ့ဖွဲ့စည်းထားပါကြောင်းနှင့် လူနာများအတွက် လှူဒါန်းပေးသော သွေးလှူရှင်များနှင့် ကူညီထောက်ပံ့ပေးသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်တို့က သွေးလှူရှင် ၇၅ ဦးကို ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ကြသည်။ **(ဓာတ်ပုံ)**

ထိုသွေးလှူရှင် ၇၅ ဦးတွင် လူမှုထူးချွန်တံဆိပ် (ပထမဆင့်)ရရှိသော သွေးလှူရှင် ၃၀၊ အကြိမ် ၁၂၀ နှင့်အထက် သွေးလှူရှင် ၃၅ ဦး၊ အကြိမ် ၁၀၀ နှင့်အထက် သွေးလှူရှင် ၁၀ ဦး ပါဝင်ကြောင်း သိရသည်။

ဂုဏ်ပြုချီးမြှင့်မှုအပြီးတွင် သွေးသွင်းကုသပြီး ရောဂါပျောက်ကင်း ကျန်းမာလျက်ရှိသော ကလေးငယ်များက တေးသီချင်းများဖြင့် ကပြသီဆိုဖျော်ဖြေကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဂုဏ်ပြုဆုငွေများချီးမြှင့်ကြသည်။

ယနေ့ကျင်းပသည့် ဂုဏ်ပြုပွဲအခမ်းအနားတွင် သွေးလှူရှင်စုစုပေါင်း ၅၅၁ ဦးကို ကျန်းမာရေးဝန်ကြီးဌာနမှ ဂုဏ်ပြုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အလှူငွေစုစုပေါင်း ၁၉၅ သိန်းကိုလည်းကောင်း၊ စေတနာရှင် အလှူရှင်များက အလှူငွေစုစုပေါင်း ၃၂၁ သိန်းကိုလည်းကောင်း ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်ကြားနိုင်ပါသည်

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေးဖောက်ဖျက်ခံရမှုများနှင့်ပတ်သက်၍ တိုင်ကြားစာများကို လက်ခံလျက်ရှိပြီး ယင်းတိုင်ကြားစာများကို စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ညှိနှိုင်းဖြေရှင်းပေးခြင်းများနှင့် သက်ဆိုင်ရာဌာနများသို့ ဖြေရှင်းကုစားပေးရန် တိုက်တွန်းအကြံပြုခြင်းများ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါအခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသည့် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များတွင် ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကိုကိုယ်စားပြု၍ သော်လည်းကောင်း **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**သို့ လိပ်မူ၍ မှတ်ပုံတင်စာဖြင့်ဖြစ်စေ၊ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ **ဖက်စ် -၀၁- ၆၅၄၆၇၈ နှင့် ကော်မရှင် website ဖြစ်သော** **www.mnhrc.org.mm** တို့မှတစ်ဆင့်ဖြစ်စေ တိုင်ကြားနိုင်ပါသည်။

၃။ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းများတွင် ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ မသန်စွမ်းသူများအခွင့်အရေး ဖောက်ဖျက်ခံရခြင်းများလည်း အကျုံးဝင်ပါသဖြင့် နိုင်ငံအနှံ့အပြားတွင် ကလေးသူငယ်၊ မသန်စွမ်းနှင့် အမျိုးသမီးအခွင့်အရေး ချိုးဖောက်ခြင်းများ ခံစားကြုံတွေ့ရပါက ကော်မရှင်သို့ ကိုယ်တိုင်ဖြစ်စေ၊ တာဝန်သိသူတစ်ဦးဦးမှ ကိုယ်စားပြု၍ဖြစ်စေ တိုင်တန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

၄။ တိုင်တန်းရာတွင် အောက်ပါအချက်အလက်များ ပြည့်စုံစွာဖော်ပြရမည်ဖြစ်ပါသည်-

(က) တိုင်တန်းသူ၏အမည်၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ၊ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်တန်းသူသည် မည်ကဲ့သို့ မူလအခွင့်အရေး ဖောက်ဖျက်ခံရကြောင်း အချက်အလက်များဖြင့် အမှုနှင့်သက်ဆိုင်သော အထောက်အထားများ ပူးတွဲလျက် ပြည့်စုံစွာ ဖော်ပြရန်၊

(ဂ) တိုင်တန်းဖော်ပြချက်သည် မှန်ကန်စွာရေးသား ဖော်ပြခြင်းဖြစ်ကြောင်း ဝန်ခံချက် လက်မှတ်ရေးထိုးရန်၊

(ဃ) တိုင်တန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ။

၅။ ယခုအခါ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ ပေးပို့လာသော တိုင်တန်းချက်များတွင် **နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ မပါရှိခြင်းများ တွေ့ရှိနေရပါသဖြင့်** တိုင်ကြားသူများအနေဖြင့် မိမိတို့၏ တိုင်တန်းချက်တွင် **နိုင်ငံသားစိစစ်ရေးကတ်မိတ္တူကို မဖြစ်မနေ ပူးတွဲပေးပို့ပါရန်**လည်း အလေးအနက် တိုက်တွန်းအပ်ပါသည်။

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်



(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာပြခန်းများနှင့် ဂုဏ်ပြုယာဉ်များ ခင်းကျင်းပြသထားမှုကို ပြည်သူများစိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုစဉ်။

✻ *ရွှေဖုံးမှ*

ယနေ့တွင် ခင်းကျင်းပြသထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ပြခန်းများ၌ လာရောက်လေ့လာကြည့်ရှုသူပြည်သူများဖြင့် အထူးစည်ကားနေပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုင်းရင်းသားရိုးရာဒေသထွက် အစားအသောက်များကို ပြည်သူများ နှစ်ခြိုက်စွာ ဝယ်ယူသုံးဆောင်ကြသည့်အပြင် ရိုးရာအဝတ်အထည်များ၊ လက်မှုပစ္စည်းများ၊ ဒေသထွက် ရှားပါးတိုင်းရင်းဆေးဝါးများ၊ (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ရိုးရာယဉ်ကျေးမှုအလိုက် ပြုလုပ်ထားသည့် အထိမ်းအမှတ်ပစ္စည်းများကိုလည်း ပြည်သူများ ကြိတ်ကြိတ်တိုး ဝယ်ယူမှုကြောင့် ပစ္စည်းများ ပြတ်လပ်သည်အထိ ရောင်းချရသည်ကို တွေ့မြင်ရသည်။

**ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိ**

ထို့ပြင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် မိတ်ဖက်အသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ပြည်သူများ အခြေခံစားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာ အသုံးပြုနိုင်ရန်အတွက် ပြခန်းများဖွင့်လှစ်၍ စေတနာအပြည့်ဖြင့် ရောင်းချပေးလျက်ရှိရာ လာရောက်ဝယ်ယူကြသူများ အထူးများပြားလျက်ရှိသည့်အပြင် စက်မှုဝန်ကြီးဌာန၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥတ္တရခရိုင်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ရန်ပုံငွေအရောင်းဆိုင်များကလည်း လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်များကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိရာ စိတ်ဝင်စားစွာဖြင့် လာရောက်ဝယ်ယူကြသူများ လွန်စွာစည်ကားနေသည်ကို တွေ့မြင်ရသည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြခန်း၌လည်း မြန်မာ့ယဉ်ကျေးမှုကို ပေါ်လွင်စေမည့် ရုပ်သေးရုပ်စုံများဖြင့် ကကြိုးကကွက်စုံလင်စွာ ဖျော်ဖြေတင်ဆက်ကပြမှုကို ပြပွဲလာပြည်သူများ အထူးအားပေး ကြည့်ရှုကြသည့်အပြင် တစ်ထိုင်တည်း ပုံတူပန်းချီရေးဆွဲပေးခြင်း အစီအစဉ်ကြောင့်လည်း အထူးစည်ကားလှသည်ကို တွေ့ရသည်။

တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ဝန်ကြီးဌာနများအလိုက် ပြခန်းများတွင်လည်း တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ဝန်ထမ်းများက ပြပွဲလာပြည်သူများအား နွေးထွေးပျူငှာသည့် အပြုံးများဖြင့် ကြိုဆိုကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရိုးရာယဉ်ကျေးမှုဆိုင်ရာ ဗဟုသုတများ၊ ဒေသန္တရဗဟုသုတများ၊ ဝန်ကြီးဌာနများ၏ ပြည်သူ့အကျိုးပြုဆောင်ရွက်ချက်များကို အဖွဲ့လိုက် မျှဝေပေးကြသည်။

ထို့ပြင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနားတွင် ပါဝင်ပြသခဲ့သည့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးနှင့် ဝန်ကြီးဌာနများမှ ဂုဏ်ပြုယာဉ်များတွင်လည်း ပြည်သူများတိုင်းရင်းသားရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ချစ်ခင်တန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားများ၏ အထိမ်းအမှတ်များ၊ လူနေမှုစရိုက်များ၊ ဓလေ့ထုံးတမ်း အစဉ်အလာများ၊ ဒေသထွက်ကုန်များနှင့် ဝန်ကြီးဌာနများအလိုက် ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ချက်များကို သရုပ်ဖော်ပြသပေးထားရာ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ဒေသခံပြည်သူများ စိတ်အားထက်သန်စွာ လေ့လာကြည့်ရှုကြသည်။

**အထူးစည်ကားလျက်ရှိ**

ပြပွဲသို့ လာရောက်လေ့လာကြသူများအနေဖြင့်လည်း လှပတင့်တယ်ခမ်းနားစွာ ခင်းကျင်းပြသထားသည့် ဂုဏ်ပြုယာဉ်ကြီးများ၊ ရိုးသားဖြူစင်ဖော်ရွေလှသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် အတူ အမှတ်တရဓာတ်ပုံရိုက်ကြသူများဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။

အထူးပျော်ရွှင်စရာ အစီအစဉ်အနေဖြင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များက သက်ဆိုင်ရာ ရိုးရာယဉ်ကျေးမှုအကအလှများ၊ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကို ပေါ်လွင်စေသည့် သီချင်းများ၊ မျိုးချစ်စိတ်နှင့် ဇာတိမာန်ကို တက်ကြွစေမည့် သီချင်းများ၊ ရိုးရာသိုင်းအကအလှများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ဂုဏ်ပြုယာဉ်ကြီးများရှေ့နှင့် ပြခန်းများရှေ့တွင် ကပြဖျော်ဖြေကြရာ လာရောက်လေ့လာကြည့်ရှုကြသည့် ပြည်သူများကလည်း တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်အတူ ပျော်ရွှင်စွာ သီဆိုကခုန်ပါဝင်ဆင်နွှဲခြင်းကြောင့်လည်း အထူးစည်ကားလှသည်။

**စိတ်ကြိုက်ဝယ်ယူ စားသုံးနိုင်**

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုင်းရင်းသားရိုးရာ ဒေသထွက်အစားအသောက်များ၊ တိုင်းရင်းသားရိုးရာ အမှတ်တရပစ္စည်းများ၊ ဒေသထွက်ကုန်ပစ္စည်းများနှင့် ရိုးရာဝတ်စုံများကို ပြည်သူများ စိတ်ကြိုက်ဝယ်ယူ စားသုံးနိုင်ရန်အတွက် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိရာ ပြည်သူများ စိတ်ဝင်တစားဖြင့် စားသောက်သူများ၊ ဝယ်ယူကြသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ဝန်ကြီးဌာနများမှ ထွက်ကုန်ထုတ်ကုန် ပစ္စည်းများ ပြခန်းပေါင်း ၄၀၊ တိုင်းရင်းသားရိုးရာ ဒေသထွက် အစားအသောက် ပြခန်းပေါင်း ၁၅ ခန်း၊ စုစုပေါင်း ၅၅ ခန်း ဖွင့်လှစ်၍ နေ့စဉ်ရောင်းချပေးလျက်ရှိရာ တစ်ရက်လျှင် ပျမ်းမျှ တိုင်းရင်းသားရိုးရာ ဒေသထွက် အစားအစာ စုစုပေါင်း သိန်း ၅၀၀ ကျော်ခန့်၊ တိုင်းရင်းသား ရိုးရာအမှတ်တရပစ္စည်းများ၊ ဒေသထွက်ကုန်ပစ္စည်းများနှင့် ရိုးရာဝတ်စုံများ စုစုပေါင်း သိန်း ၁၀၀ ကျော်ခန့် ပစ္စည်းများ ပြတ်လပ်သည်အထိ ရောင်းချရလျက်ရှိကြောင်း သိရှိရသည်။

**အထူးစိတ်ဝင်စားစွာဖြင့် လေ့လာ**

နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အထိမ်းအမှတ်ပြခန်းများတွင်လည်း တန်ခိုးကြီးဘုရားပုံစံငယ်များ၊ ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာဓာတ်ပုံများ၊ ဝတ်စားဆင်ယင်မှုသရုပ်ဖော်ပုံစံများ၊ ဒေသထွက်လူမှုအသုံးအဆောင်ပစ္စည်းများနှင့် စားသောက်ကုန်များ၊ လက်မှုနှင့် စက်မှုပညာပစ္စည်းများ၊ အပန်းဖြေလည်ပတ်အနားယူနိုင်သည့် အထင်ကရနေရာများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ထင်ရှားကျော်ကြားသူများ၏ ဓာတ်ပုံများ၊ မြတ်နိုးတန်ဖိုးထား ထိန်းသိမ်းထားသည့် ယဉ်ကျေးမှုအမွေအနှစ်များနှင့် အဆောက်အအုံပုံစံငယ်များကို ခင်းကျင်းပြသထားပြီး နိုင်ငံတော်အစိုးရ၏ လုပ်ငန်းဆောင်ရွက်မှုများကို ပြည်သူများ ပိုမိုသိရှိနိုင်စေရန်အတွက်လည်း ဝန်ကြီးဌာနများအလိုက် ပြည်သူ့အကျိုးပြုပြခန်းများကို ပြသထားရာ ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် ပြည်သူများ အထူးစိတ်ဝင်စားစွာဖြင့် လေ့လာကြည့်ရှုကြသည်။

*စာမျက်နှာ ၇ သို့*





ပြည်သူများက လက်မှုပစ္စည်းများ၊ ဒေသထွက်ရှားပါးတိုင်းရင်းဆေးဝါးများကို စိတ်ဝင်တစားကြည့်ရှုလေ့လာစဉ်။

စာမျက်နှာ ၆ မှ

ထို့ပြင် ကျောင်းသား ကျောင်းသူများနှင့် လူငယ်များ စိတ်ဝင်တစားဖြစ်စေရန်အတွက်လည်း ပြခန်းများတွင် ရင်ခုန်စိတ်လှုပ်ရှားစရာ ကံစမ်းမဲအစီအစဉ်များ၊ ပဟေဠိဖြေကြားသည့် အစီအစဉ်များ၊ ကိုယ်တိုင်ပါဝင်ဆင်နွှဲရသည့် ဂိမ်းကစားခြင်းအစီအစဉ်များနှင့် လက်ပန်းချီရေးဆွဲပေးခြင်း အစီအစဉ်ကောင်းများကိုလည်း ထည့်သွင်းထားသည်ကို တွေ့မြင်ရသည်။

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ စိတ်ဝင်စားဖွယ် အစီအစဉ်တစ်ခုအဖြစ် ပြည်သူများ တီဗွီဖန်သားပြင်မှသာ တွေ့မြင်နိုင်သည့် သတင်းစတူဒီယိုအတွင်း သတင်းကြေညာသည့် ပုံစံများကို ပြပွဲသို့ လာရောက်လေ့လာကြသူများ ကိုယ်တိုင်ဝင်ရောက် သတင်းကြေညာဟန် သရုပ်ဆောင်နိုင်ပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားသည့်အတွက် လူကြိုက်များသည့် ပြခန်းတစ်ခုလည်း ဖြစ်ခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့်လည်း "လှပသာယာပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြခန်းများ၊ Community Centre လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ၊ ရွှေ့လျားစာကြည့်တိုက် လုပ်ငန်းများနှင့် ပြည်သူ့ အသိပညာပေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို ပြည်သူများ ဗဟုသုတရရှိစေရန် ပြသထားသည်။



ဖျော်ဖြေရေးအစီအစဉ်များအဖြစ် အနုပညာရှင်များက တေးသီချင်းများ ဖျော်ဖြေတင်ဆက်မှုကို တွေ့ရစဉ်။





ပြည်သူများက (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာပြခန်းများ ပြသထားမှုကို ကြည့်ရှုလေ့လာစဉ်။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအနေဖြင့်လည်း ပြည်တွင်းနှင့် နိုင်ငံတကာရှိ သတင်းထူး၊ သတင်းဦးများကို ဖော်ပြပေးနေသည့် နေ့စဉ်ထုတ်သတင်းစာများဖြစ်သော မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာများကို www.mdn.gov.mm website နှင့် Mobile Application မှ အချိန်မရွေး အခမဲ့ဖတ်ရှုနိုင်ကြောင်းကို ပြခန်းဖွင့်လှစ်၍ ပြပွဲလာသူများ သိရှိနိုင်စေရန် အသိပညာပေးဆောင်ရွက်ပေးခဲ့သည့်အပြင် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနအနေဖြင့် ပြပွဲသို့ လာရောက်ကြသည့်ပြည်သူများကို စာပေဗဟုသုတအသိအမြင်များ တိုးပွားလာစေရန် ရည်ရွယ်၍ သုတ၊ ရသဆိုင်ရာစာအုပ်များကို စာပေဗိမာန်ရွှေ့လျားအရောင်းဆိုင် ဖွင့်လှစ်ရောင်းချပေးနေသည်ကိုလည်း တွေ့ရသည်။

ဖျော်ဖြေရေးအစီအစဉ်များအဖြစ် ညပိုင်းတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များက တိုင်းကျိုးပြည်ပြုတေးသီချင်းများနှင့် ခေတ်ပေါ်တေးသီချင်းများဖြင့်လည်းကောင်း၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မျိုးချစ်စိတ်နှင့်ဇာတိမာန်တက်ကြွစေမည့် တေးသီချင်းများဖြင့်လည်းကောင်း၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယိမ်းအဖွဲ့များက ရိုးရာတေးသီချင်းများကို အကအလှများပေါင်းစပ်၍ လည်းကောင်း မြူးကြွပျော်ရွှင်စွာဖြင့် ဖျော်ဖြေကြရာ ပြည်သူများ တစ်ခဲနက် ပါဝင်ဆင်နွှဲကြသည်။

အဆိုပါဂုဏ်ပြုယာဉ်များ၊ အထိမ်းအမှတ်ပြခန်းများနှင့် တိုင်းရင်းသားရိုးရာ အစားအစာ အရောင်းပြခန်းများသို့ လာရောက်ကြည့်ရှုသည့် အများပြည်သူများ အန္တရာယ်တစ်စုံတစ်ရာ မဖြစ်ပေါ်စေရန် တပ်မတော်နှင့်ပူးပေါင်းပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ကလည်း လုံခြုံရေးအပြည့်အဝပေးထားသည့်အပြင် ကျန်းမာရေးတစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက ကျန်းမာရေး စောင့်ရှောက်မှုများပေးနိုင်ရန်အတွက် နေပြည်တော် ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဆေးအဖွဲ့မှ ဆေးခန်းဖွင့်လှစ်ထားရှိသည်ကို တွေ့ရသည်။

ထို့ပြင် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက လာရောက်လေ့လာကြည့်ရှုကြသည့် ကျောင်းသား ကျောင်းသူ၊ ပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းစွာသွားလာနိုင်ရန်အတွက် ပွဲတော်သို့လာသည့် လမ်းများ၌ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း တွေ့ရသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်သည် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာ ပြခန်းများနှင့် ဂုဏ်ပြုယာဉ်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါပွဲတော်၌ ဝန်ကြီးဌာနပြခန်း ၂၅ ခန်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြခန်း ၁၅ ခန်း၊ တိုင်းရင်းသားရိုးရာ အစားအစာပြခန်း ၁၅ ခန်း စုစုပေါင်းပြခန်း ၅၅ ခန်းနှင့် ဝန်ကြီးဌာနများအလိုက် ကိုယ်စားပြုဂုဏ်ပြုယာဉ် ၂၆ စီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ဂုဏ်ပြုယာဉ် ၁၅စီး၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုယာဉ် တစ်စီး၊ ပြည်ထောင်စု နောက်ပိတ် ဂုဏ်ပြုယာဉ် တစ်စီးနှင့် တပ်မတော်ကိုယ်စားပြုဂုဏ်ပြုယာဉ် ငါးစီး စုစုပေါင်း ဂုဏ်ပြုယာဉ် ၄၈ စီးတို့ကို ဇန်နဝါရီ ၄ ရက်မှ စတင်၍ ဇန်နဝါရီ ၈ ရက်အထိ ငါးရက်တိုင်တိုင် ခင်းကျင်းပြသပေးခဲ့ရာ ပြည်သူများ စိတ်ဝင်တစား တစ်ခဲနက် လေ့လာကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်း - အောင်ရဲသွင်၊ အေးအေးသန့်**
**ဓာတ်ပုံ- ကိုကိုထိန်**

## ပေါင်းတည်မြို့နယ် အ.ထ.က(ခွဲ)ပေါက်တန်း၌ ပညာရေးစုံညီပွဲတော်ကျင်းပ

**ပေါင်းတည် ဇန်နဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့က အ.ထ.က( ခွဲ )ပေါက်တန်း၌ ကျင်းပခဲ့သည်။(ယာပုံ)

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဒေါ်ဆဲပွယ်ဖောက ပညာရေးစုံညီပွဲတော်များ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် မုဒိတာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးထွန်းထွန်းက ပညာရေးအခြေအနေနှင့်ပတ်သက်၍ စုံညီပွဲတွင် ဆရာ၊ မိဘ၊ ကျောင်းသား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပညာရေးသာမက လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူလေးများက ပညာရေးစုံညီသီချင်းဖြင့် သီဆိုဖျော်ဖြေပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွင်း ပညာသင်ကြားရေးထူးချွန်ဆုများ၊စာပေပညာ၊အားကစားနှင့် ပန်းချီအနုပညာ ထူးချွန်ဆုများကို တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးခဲ့ကြောင်းနှင့် အခမ်းအနားသို့ မြို့နယ်ပညာရေးမှူး၊ အ.ထ.က (ခွဲ) ပေါက်တန်းကျောင်းအုပ်ကြီး ဦးထွန်းထွန်းနှင့် အ.ထ.က ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် အိမ်မဲမြို့နယ်နှင့် ကန်ကြီးထောင့်မြို့နယ်များသို့ ဒေသဖွံ့ဖြိုးရေးကွင်းဆင်းဆောင်ရွက်



**ပုသိမ် ဇန်နဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယနေ့ ညနေပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ အိမ်မဲမြို့နယ် ဘုရားကြီးကုန်းကျေးရွာ နည်းပညာပြန့်ပွားရေးစင်တာသို့ သွားရောက်၍ နေကြာ(ရေဆင်းစပ်မျိုး-၁)ငါးဧက စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှု(ယာပုံ)နှင့် ဆိုလာစနစ်ဖြင့် ရေတင်၍ Sprinkler (rain gun)ဖြင့် နေကြာခင်းအား ရေဖျန်း ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးက နေကြာစိုက်ပျိုးထားရှိမှု၊ ရေဖျန်းခြင်းနှင့် ပေါင်းရှင်းခြင်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က စိုက်ပျိုးရေးနည်းစနစ်များ မှန်ကန်စေရန်၊ နေရောင်ခြည်စွမ်းအင်သုံး ရေတင်စနစ်များ ပိုမိုတွင်ကျယ်စွာ အသုံးပြုသွားရန်၊ နေကြာစိုက်ခင်းများ ရေလိုအပ်လာလျှင် ထိရောက်အကျိုးရှိစွာပေးဝေနိုင်သည့် ရေဖျန်းစနစ်များ တွင်ကျယ်စွာ အသုံးပြုနိုင်ရန်၊ ပိုးမွှားအန္တရာယ် ကြိုတင်ကာကွယ်စေရေး တောင်သူများအား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကျောင်းကုန်းမြို့နယ် ဆိပ်သာကြီးကျေးရွာနှင့် ကန်ကြီးထောင့်မြို့နယ် ဆိပ်သာလေးကျေးရွာသို့ ဆက်သွယ်ထားသည့် ကျုံလမုချောင်းကူးတံတား (၁၂၀ ပေ x ၁၄ပေ)တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ သွားရောက်၍ ချဉ်းကပ်လမ်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး စနစ်တကျဆောင်ရွက်စေရေး၊ အရည်အသွေးပြည့်မီစေရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးစေရေး မှာကြားခဲ့ပြီး ပြည်သူများက လိုအပ်သည်များ တင်ပြမှုအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဘဏ္ဍာနှစ်အလိုက် နေကြာနှင့် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရန်နှင့် စားသုံးဆီပိုလျှံလာစေရေး တွန်းအားပေး ဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဇန်နဝါရီ ၈**

ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ပြည်ပသို့ စားသုံးဆီတင်ပို့ရောင်းချနိုင်ရေးအတွက် ဘဏ္ဍာနှစ်အလိုက် နေကြာနှင့် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရန်နှင့် စားသုံးဆီ ပိုလျှံလာစေရေးကို တွန်းအားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ နည်းပညာနှင့် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စီမံဆောင်ရွက်လျက်ရှိကြောင်း ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက နေကြာစိုက် တောင်သူများနှင့် တွေ့ဆုံစဉ် အသိပေးပြောကြားလိုက်သည်။

ဒုတိယဝန်ကြီးသည် ယမန်နေ့နံနက်ပိုင်းက နေပြည်တော် ပုဗ္ဗသီရိမြို့နယ် သပြေတန်းကျေးရွာအုပ်စု ဆောင်းနေကြာစိုက်ခင်း၌ နေကြာစိုက် တောင်သူများနှင့် တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး နေကြာမျိုးသန့်များ ရွေးချယ်အသုံးပြုရေး၊ စိုက်ပျိုးထုတ်လုပ်သူများအတွက် တွက်ခြေကိုက်အကျိုးရှိစေမည့် အထွက်နှုန်းရရှိရေး၊ သွင်းအားစု ဓာတ်မြေဩဇာများ အချိုးမှန်ကန်စွာ သုံးစွဲရေး၊ ခေတ်မီလယ်ယာသုံးစက်ကိရိယာများ အသုံးပြုလုပ်ကိုင်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ဆွေးနွေးပြောကြားခဲ့သည်။

ထို့ပြင် တောင်သူများ၏ တင်ပြဆွေးနွေးမှုများအပေါ် ဦးစီးဌာနအလိုက် တာဝန်ရှိသူများက သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနိုင်ရေး၊ စိုက်ပျိုးရေအလေအလွင့်မဖြစ်ပေါ်စေရေးအတွက် ရေအသုံးချသူအဖွဲ့(WUG) တောင်သူများက စနစ်တကျ ပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေးနှင့်အတူ မွေးမြူရေးလုပ်ငန်းကို တွဲဖက်လုပ်ကိုင်နိုင်မည့် အခြေအနေများနှင့် လယ်ယာမြေဆိုင်ရာ ဥပဒေစည်းမျဉ်း စည်းကမ်းများကို ရှင်းလင်းဆွေးနွေးကြပြီး တောင်သူများနှင့်အတူ နေကြာသီးနှံစိုက်ကွင်းအတွင်း ပေါင်းလိုက်ခြင်း၊ ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကြသည်။

**နည်းပညာပြန့်ပွားရေး**

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင် ၂၁၆ မိုင် ၅ ဖာလုံရှိ ပညာပေးရေးနှင့် သုတေသနလုပ်ငန်းများဆိုင်ရာ နို့စားနွားမွေးမြူရေးခြံ (နေပြည်တော်) သို့ ရောက်ရှိပြီး သုတေသနလုပ်ငန်းများ ပံ့ပိုးမှုဆိုင်ရာ နို့စားနွားမွေးမြူထားရှိမှုအခြေအနေ၊ နို့ပေါင်းစက်ရုံ၊ နို့စားနွားမွေးမြူထားရှိမှုနှင့် နွားစာချဉ်ဖတ်ထုတ်လုပ်မှုများကို ကြည့်ရှုစစ်ဆေးကြပြီး (ဝဲပုံ) နို့စားနွားမွေးမြူရေးဆိုင်ရာ နည်းပညာပြန့်ပွားရေး၊ နို့စားနွားမွေးမြူရေးကို ဒေသတွင်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နိုင်ရေး၊ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ညီညွတ်သည့်နို့နှင့် နို့ထွက်ပစ္စည်းများ တန်ဖိုးမြင့် ကုန်ချောထုတ်လုပ်မှုဖွံ့ဖြိုးလာရန်၊ ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်ရေးအတွက် အားပေးဆောင်ရွက်ကြရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားခဲ့သည်။

**သတင်းစဉ်**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဇန်နဝါရီ ၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှာင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ(မိန်းမဝတ်၊ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈) ခု၊ အပတ်စဉ် တစ်ခုလျှင် ခြောက်ပတ်ကြာသင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း သတ္တမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၉-၁-၂၀၂၃ ရက်နေ့မှ ၁၇-၂-၂၀၂၃ ရက်နေ့အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/ အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ဝ၉-၄၂၇၉ဝဝဝ၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ဝ၂-၄ဝ၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ၊ ဖုန်း- ဝ၅၇-၂ဝ၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း- ဝ၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ဝ၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊ ဖုန်း- ဝ၉-၄၅၅၇၈၈ဝ၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ဝ၄၂- ၂၅၃၇၃၊ ဝ၄၂-၂၁ဝ၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း (လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက် စစ်တွေမြို့၊ ဖုန်း- ဝ၄၃- ၂၂ဝ၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှာင်)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ၊ ရှာင်မြို့၊ ဖုန်း- ဝ၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ် (၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ဝ၅၉-၂ဝ၂၄ဝဝ၉

**လူမှုဝန်ထမ်းဦးစီးဌာန**

ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ




## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့်ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၈**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ နန္ဒဝန်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဝါးခယ်မကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ အောင်ဓမ္မရိပ်သာကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ သဲအင်းဂူဝိပဿနာ ဓမ္မရိပ်သာကျောင်းတိုက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရေတွင်းကုန်းကျောင်းတိုက်နှင့် မြောက်ဥက္ကလာပမြို့နယ်ရှိ ပညာလင်္ကာရမဏ္ဍိုင်ကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ သာသနာ့ဝေပုလ္လပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ သာသနာ့ဝန်ဆောင်မြို့ဦးကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ သာသနာ့မဏ္ဍိုင်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ မြစေတီစာသင်တိုက်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ အရှေ့ခင်မကန်ကျောင်းတိုက်နှင့် အမရပူရမြို့နယ်ရှိ ဆင်ဖြူမယ်ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဝေဠုဝန်ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

### ရေချွေတာရေး နည်းလမ်းများ

- ❊ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
- ❊ ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
- ❊ အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- ❊ အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။
- ❊ ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

## တပ်ကုန်းမြို့၌ နေပြည်တော်ကောင်စီမှ ကြီးမှူးကျင်းပသည့် အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ခြင်း ဖွင့်ပွဲအခမ်းအနားကျင်းပ

**တပ်ကုန်း ဇန်နဝါရီ ၈**



နေပြည်တော်ကောင်စီမှ ကြီးမှူးကျင်းပသည့် တပ်ကုန်းမြို့နယ်လုံးဆိုင်ရာ စတုတ္ထအကြိမ် အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ခြင်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က မြဝတီရပ်ကွက် မြို့ဦးပရိယတ္တိစာသင်တိုက် မြို့ဦးဘုရားတိုက်ကြီးတွင် ကျင်းပရာ တပ်ကုန်းမြို့နယ် အနော်ရထာရပ်ကွက် မြို့ရှေ့စန္ဒာရုံကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တစန္ဒသိရီအရှင်သူမြတ်အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် သာသနာရေးဦးစီးဌာနမှ သာသနာရေးမှူး ဦးဆန်းထွန်းအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက မြို့ဦးစာသင်တိုက် မြို့ဦးဘုရားတိုက်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ဆီမီးနှင့် ရေချမ်း ဆက်ကပ်ပူဇော်ပြီးနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် တက်ရောက်လာကြသော ဧည့်ပရိသတ်များက မြို့ရှေ့စန္ဒာရုံကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ စန္ဒသိရီအရှင်သူမြတ်ထံမှ ငါးပါးသီလ ခံယူ ဆောက်တည်ကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက သာသနာတော် ဆိုင်ရာများ လျှောက်ထားပြီး နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ ဗုဒ္ဓရုပ်ပွားတော်ကိုးဆူ၊ ပဋ္ဌာန်းကျမ်းစာအုပ်၊ ပဋ္ဌာန်းပရိတ်ပန်းအိုး၊ ပရိတ်ရေနှင့် ဝတ္ထုငွေများ ဆက်ကပ်ပူဇော်ခဲ့ကြကာ ဆရာတော်၊ သံဃာတော်များ ဦးဆောင်၍ ပရိသတ်အားလုံးက ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော် သုံးကြိမ်ရွတ်ဖတ် ပူဇော်ခဲ့ကြသည်။

တပ်ကုန်းမြို့နယ်လုံး ဆိုင်ရာ စတုတ္ထအကြိမ် အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကို ဇန်နဝါရီ ၇ ရက် မှ ၁၁ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

## သာပေါင်းမြို့နယ်၌ ကြက်ခြေနီလှုပ်ရှားမှုနှင့် ရှေးဦးသူနာပြုစုခြင်းအကြောင်း အသိပညာပေး

**သာပေါင်း ဇန်နဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်ကြက်ခြေနီအသင်းခွဲမှ ကြီးမှူး၍ "ကြက်ခြေနီလှုပ်ရှားမှုနှင့် ရှေးဦးပြုစုခြင်းအကြောင်း အသိပညာပေးဟောပြောပွဲ" ကို ယမန်နေ့က သာပေါင်းမြို့နယ် စစ်ပင်ကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးသက်ညီညီမင်းက ဟောပြောပွဲ ပြုလုပ်ရသည့် ရည်ရွယ်ချက်နှင့် အကြောင်းရင်းများကို မိတ်ဆက်ပြောကြားပြီး ဒုတိယမြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးဇော်ဝင်းနိုင်က ကြက်ခြေနီလှုပ်ရှားမှုများနှင့် ရှေးဦးပြုစုခြင်း၏ အရေးပါပုံများကို လက်တွေ့သရုပ်ပြ ဟောပြောဆွေးနွေးသည်။

ထို့နောက် စာသင်ကျောင်းတွင်အသုံးပြုရန် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးပစ္စည်းများကို ဒုတိယမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှူး ဦးဇော်ဝင်းနိုင်က ပေးအပ်လှူဒါန်းရာ တာဝန်ခံကျောင်းအုပ်ကြီးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားသည်။



ဆက်လက်၍ ကျောင်းကြက်ခြေနီအသင်းခွဲငယ် တာဝန်ခံအဖွဲ့နှင့်တွေ့ဆုံပြီး အသင်းခွဲငယ် ဖွဲ့စည်းရခြင်းနှင့်ပတ်သက်သော ရည်ရွယ်ချက်နှင့် ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ မြို့နယ်အသင်းခွဲမှ ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ထုတ်ဝေသော ကြက်ခြေနီလှုပ်ရှားမှုအကြောင်း သိကောင်းစရာစာအုပ်များနှင့် စာရွက်စာတမ်းများကို အသင်းခွဲငယ်ထံ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**မျိုးဇော်သိန်း(ပြန်/ဆက်)**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code "1111" ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**"အဂတိလိုက်စားမှုတားဆီးဖို့ "1111" ကို ဖြေကြားစို့"**

**"ဝန်ဆောင်မှုများ ကောင်းစေရေး "1111" ကို ဖြေကြားပေး"**

**"အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့"**

# နှစ်သစ်မှာ ကြွေးသစ် မတင်စေချင်၊ နှစ်ဟောင်းက ကြွေးဟောင်းသာ ဆပ်စေချင်

ဒေါက်တာ မြတ်မိုး

အကျပ်အတည်းတွေ၊ ဒုက္ခတွေ၊ အနိဋ္ဌာရုံတွေ၊ ဖိစီးမှုတွေ၊ သံသယတွေ၊ မလုံခြုံမှုတွေ၊ မျှော်လင့်ချက်မဲ့မှုတွေ၊ သောကတွေနဲ့ ကမ္ဘာကြီးက မငြိမ်းချမ်း။ မငြိမ်းချမ်းမှုရဲ့ မူလအစက ရောဂါကပ်၊ နေရာအနှံ့မှာဖြစ်နေတဲ့ ကန့်သတ်စစ်။ ရောဂါနဲ့ စစ်ပွဲနဲ့ ပေါင်းမိတော့ စီးပွားပျက်။ စီးပွားကပ်ရဲ့ အကျိုးဆက်က ဆင်းရဲမှုနဲ့ အငတ်ဘေး။ အလုပ်အယမ်းကြမ်းလွန်းတဲ့ ဗဟိဒ္ဓကမ္ဘာကြီးက အနေအထားအရ ငြိမ်းချမ်းဖို့လမ်းစ တော်တော်နဲ့မမြင်၊ မိမိအဇ္ဈတ္တအတွင်းသဏ္ဍာန်မှာ ငြိမ်းချမ်းဖို့သာ အဓိကဖြစ်လာတဲ့အခါ မိမိစိတ်လေး ငြိမ်းချမ်းမှုရဲ့ လမ်းစကိုသာ ရှာနေမိတော့တယ်။ တစ်ကျော့ပြန် ကိုဗစ်နဲ့ မုန်တိုင်းနှင်းထုကြားမှာ နောက်ထပ် မမြင်ချင်၊ မကြားချင်လောက်တဲ့ အနိဋ္ဌာရုံတွေကို စိတ်မချမ်းမသာဖြစ်နေသူတွေ၊ အလွန်အကျွံတွေးနေမိသူတွေ၊ စိတ်ဓာတ်ကျနေသူတွေအတွက်....

### ဆောင်တရား၊ ရှောင်တရား

ကမ္ဘာကြီးငြိမ်းချမ်းဖို့ဆိုတဲ့အတွေးက ဝေးပါသေးတယ်။ တောင်းဆိုဖို့လည်း ခက်ပါတယ်။ မိမိစိတ်ကိုငြိမ်းချမ်းအောင်သာ ဘယ်လိုကြိုးစားမလဲ ဆိုတဲ့အချက်က ပိုအရေးကြီးပါတယ်။ တစ်ဦးချင်း ငြိမ်းချမ်းမှ အများငြိမ်းချမ်းမှုကို ရမှာကိုး။ အများ ငြိမ်းချမ်းမှ ကမ္ဘာကြီး ငြိမ်းချမ်းမယ်။ ကမ္ဘာကြီး အတွက် တစ်ဦးချင်းဆီက စလိုက်ရင် အဆင်ပြေပါတယ်။ အရေးကြီးတာက ကိုယ့်စိတ်ကိုယ် ဦးစွာငြိမ်းချမ်းအောင်လုပ်ဖို့ပါပဲ။ ဘယ်လို လုပ်နိုင်ပါ့မလဲ...။

**ဆရာတော်ကြီးများက တစ်ဦးချင်း ငြိမ်းချမ်းမှ ကမ္ဘာကြီးငြိမ်းချမ်းမယ်။ ဒါကြောင့် တစ်ဦးချင်း ငြိမ်းချမ်းအောင် ပွားများအားထုတ်ရမယ့် နည်းလမ်းများနဲ့တကွ ဟောကြားခဲ့တဲ့ တရားတော်များစွာ ရှိပါတယ်။ ဆရာတော်ကြီးများရဲ့ တန်ဖိုးကြီး ဓမ္မဒေသနာများထဲက ငြိမ်းချမ်းမှု ရှေးရှုတဲ့အချက်ကို အနှစ်ထုတ်ပြီး ပြန်လည်တင်ပြရရင် ပယ်ရမယ့်တရားနဲ့ သယ်ရမယ့်တရား၊ ရှောင်ရမယ့်တရားနဲ့ ဆောင်ရမယ့်တရား ထိုနှစ်ပါးသာလျှင် ပဓာန ဖြစ်ပါတယ်။**

### သမ္မပဒါန်လေးပါးဖြင့် ငြိမ်းချမ်းရေးကို ရှေးရှု

အပယ်တရားနဲ့ ရှောင်ရမယ့်တရားက အကုသိုလ်၊ သယ်ယူပြီးဆောင်ရမယ့် တရားက ကုသိုလ်ပါ။ ဆရာတော်ကြီးများ ဟောကြားချက်အရတော့ သမ္မပဒါန်လေးပါးဆိုပါတော့။ သမ္မပဒါန်ဟူသည် အားကြီးသော ဝီရိယပါတဲ့။ အားကြီးသောဝီရိယနဲ့ အားထုတ် ရမယ့် ဤလေးပါးသော တရားဆိုတာက မဖြစ်သေးတဲ့အကုသိုလ်တွေ မဖြစ်အောင် ကြိုးစားခြင်း၊ ဖြစ်ပြီးတဲ့အကုသိုလ်တွေကို ပယ်နိုင်အောင် ကြိုးစားခြင်း၊ မဖြစ်သေးတဲ့ ကုသိုလ်တွေကို ဖြစ်လာအောင်ကြိုးစားခြင်းနဲ့ ဖြစ်ပြီးတဲ့ ကုသိုလ်တွေကို တိုးပွားအောင် ကြိုးစားခြင်းပါပဲ။ တစ်ဦးချင်း တစ်ဦးချင်း ကြိုးစားရမယ့်အရာတွေပါပဲ။

**ဆောင်ရမှာ ကုသိုလ်၊ ရှောင်ရမှာ အကုသိုလ် ဆိုတော့ ဘယ်အရာက အကုသိုလ်၊ ဘယ်အရာက ကုသိုလ်ဆိုတာသိဖို့ လိုလာပြန်ပြီပေါ့။ ဘယ်အရာက ကုသိုလ်၊ ဘယ်အရာက အကုသိုလ်မှ မသိဘဲ ဘာကို ရှောင်၊ ဘာကိုဆောင်ကြမလဲဆိုတာ အရေးကြီး လာပါတယ်။ အကုသိုလ်ကို အကုသိုလ်မှန်းသိမှ၊ ခွဲခြားသိမှ ဘယ်လိုကုစားရမှန်း သိပါမယ်။ ကုစား ပြီးရင်လည်း နောင်ထပ်မဖြစ်အောင် ဘယ်လို ထိန်းသိမ်းစောင့်ရှောက်ရမလဲသိနေမှသာ ကြိုးစား အားထုတ်ဖြစ်ပါမယ်။ တစ်နေ့တစ်နေ့ ကုသိုလ် တိုးပြီး အကုသိုလ်လျော့ဖို့ကသာလျှင် အဓိက မဟုတ်ပါလား...။**

### အာရုံနဲ့ဒွါရ ဘာကိုထိန်းချုပ်မလဲ

ပယ်ရမှာ အကုသိုလ်ဆိုတာ အားလုံးကလည်း သိကြတယ်။ လောဘ၊ ဒေါသ၊ မောဟ စသဖြင့်ပေါ့။ ဒါပေမယ့် ဘာလုပ်မိရင်၊ ဘာကိုတွေးရင် ဘယ်လို ပြောလိုက်ရင် ဘယ်လို လောဘ၊ ဘယ်လို ဒေါသ ဖြစ်သွားတယ် ဆိုတာကျတော့ နှလုံးသွင်းပုံချင်း မတူကြတော့ပြန်ဘူး။ စိတ်ကိုဖြူစင်အောင်ထား၊ မကောင်းမှုရှောင်၊ ကောင်းမှုကိုဆောင်ပါလို့ မြတ်စွာ ဘုရားက ဆုံးမပြီးသားပါ။ ဘုရားအဆုံးအမကိုခံယူ ပါတယ်ဆိုတဲ့ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေက သာ လိုက်နာဖို့သာ ခက်နေကြတာ။

**ပုထုဇဉ်တွေပီပီ အမြင်၊ အကြား၊ အနံ့၊ အရသာ၊ အထိအတွေ့၊ အတွေးဆိုတဲ့ အာရုံခြောက်ပါးကို အစအဆုံးလိုက်ခံစား၊ ထိန်းချုပ်ဖို့ကြတော့ ခက်နေကြပြန်တယ်။ အာရုံကတော့ ၃၆၀ ဒီဂရီက လာနေမှာပဲ။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါး မရှောင်၊ အတွင်းရော အပြင်ကပါ လာနေမှာ။ ဒါကြောင့် တဏှာအစစ် တစ်ရာ့ရှစ်လို့ ခေါ်တာကိုး။ အကျယ်ကတော့ ကိလေသာတစ်ထောင့်ငါးရာတဲ့။ များမှများတဲ့ ကိလေသာတွေ၊ သူ့အာရုံနဲ့သူ ဝင်ရမယ့် တာဝန်ရှိတဲ့အတိုင်း ဝင်မှာက သူ့တာဝန်၊ စိစစ် ထိန်းချုပ်ရမှာက ကိုယ့်တာဝန်၊ အာရုံဘယ်က လာလာ ထိန်းချုပ်ရမှာက ကိုယ့်ရဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ အာရုံနဲ့ထိတွေ့တဲ့ ဖြစ်ရတဲ့ ခြောက်ခုသော ဒွါရများ...။**

အာရုံနဲ့ဒွါရ တိုက်တိုက်ချင်း ကနဦးဖြစ်တဲ့ စိတ်လေးက အဖြူထည်ပါ။ ဘာအရောင်မှ မပါဘူး၊ အဲဒီဖြူနေတဲ့စိတ်လေးကို ကောင်းအောင်၊ ဆိုးအောင် ခြယ်လှယ်သမှုပြုလိုက်တာက စေတသိက်ဆိုတဲ့ နာမ်တရားတွေသာ ဖြစ်ပါတယ်။ စိတ်နဲ့အတူဖြစ်၊ အတူချုပ်ပြီး မှီရာလည်းတူပြီး စိတ်နဲ့လည်း အာရုံတူကြတယ်လို့ ဆိုပါတယ်။ သူ့တာဝန်နဲ့သူ သူ့အလုပ်နဲ့သူ ထမ်းဆောင်နေကြတဲ့သဘောပါပဲ။ ငါ့သဘော၊ သူ့သဘောတွေ မပါပါဘူး။ နှလုံးသွင်းမှု အပေါ်မှာတော့ မူတည်တာပေါ့။ နှလုံးသွင်းမှန်ရင် ကုသိုလ်၊ မမှန်ရင်အကုသိုလ် ဖြစ်ပြန်လေတော့.. နှလုံးသွင်းမှန်မမှန်ဆိုတာကလည်း သူခံစားရတဲ့ အာရုံတွေဟာ ကောင်းတယ်၊ မကောင်းဘူး အတိတ်ကမှတ်သားထားတဲ့ သညာသိအပေါ် မူတည် နေတယ်လို့ သိထားပါတယ်။ ကောင်းတာကို မကောင်းဘူး၊ မမှန်တာကို မှန်တယ်လို့ မှတ်ထားမိတဲ့အခါမှာတော့ အဝိဇ္ဇာအမှောင်ဖုံးပြီပေါ့။

### လောဘ ဒိဋ္ဌိမာနဆိုတဲ့သဘော

အကုသိုလ်နဲ့ ကုသိုလ်ကို ပြန်ဆက်ကြည့်ရအောင်ပါ။ အာရုံမှာ ငြိကပ်တပ်မက်လွန်းပြီး ဖြစ်ချင်တာကများ၊ လိုချင်တဲ့လောဘ များလွန်းလို့လည်း မငြိမ်းချမ်းမှုဖြစ်ရတယ်။ ကိုယ့်လောဘက မှန်တယ်ချည်း ထင်နေတာကိုး။ မှန်တယ်ထင်တာက အာရုံရဲ့အမှန်သဘောကိုမသိလို့၊ အမှန်မသိအောင် လည်း ဖုံးထားတာက မောဟ၊ နှလုံးသွင်း မှားတယ် ဆိုတာ အာရုံရဲ့အမှန်သဘောကို မသိလို့ မှားကြတာပါ။ မသိမှုတော့ မိစ္ဆာဒိဋ္ဌိပေါ့၊ ကုသိုလ်ဆိုတာမရှိ၊ ကုသိုလ်လုပ်လည်း ဘာအကျိုးရှိမှာလဲ၊ အကုသိုလ် ဆိုတာမရှိ၊ အကုသိုလ်လုပ်လည်း အကုသိုလ်မဖြစ်။ ဒါကမိစ္ဆာဒိဋ္ဌိရဲ့သဘော၊ မသိမှုရဲ့ ဆန့်ကျင်ဘက် ဖြစ်တဲ့ နှလုံးသွင်းမှန်စွာ သိမှုကသာ ဉာဏ်ပါတဲ့ သဘော ဖြစ်ပါတယ်။ ထောင်လွှားတက်ကြွ မောက်မာတဲ့သဘောကလည်း အမှန်ကိုမသိသေးလို့ ပါပဲ။ မာနပေါ့။ ကိုယ်ကပဲမြတ်တယ်၊ ကိုယ်က ချည်းသာတယ်လို့ ထင်နေပြီး "မှန်ကင်းတစ်လှည့် ထင်းတစ်လှည့်"ဆိုတဲ့ သဘောအမှန်ကို မသိခဲ့ရင် မာနဟာကိုယ့်အတွက်တော့ အရှုံးဖြစ်သွားနိုင်ပါတယ်။

### ဒေါသအမြစ်တွယ်ခဲ့ရင်

လောဘက အားကြီးလာတဲ့အခါ လိုချင်တာ မရရင် ဒေါသဖြစ်ရပြန်တယ်။ ဒေါသဆိုတဲ့တရားက ကြမ်းတမ်းခက်ထန်တဲ့သဘောသာ ဆောင်လေတော့ မိမိရော သူတစ်ပါးပါ ပျက်စီးရတယ်၊ သူ့အပူမပေးမိခင် ကိုယ်အရင်လောင်တဲ့သဘောပါပဲ။ စိတ်ကြမ်းတာ၊ ညှိုးနွမ်းတာ၊ အားငယ်တာ၊ ကြောက်လန့်တာ အားလုံးဒေါသချည်းပဲ။ ဒေါသ ထက်ဆိုးတာ ရှိပါသေးတယ်။ သူတစ်ပါးကို ဒုက္ခ ရောက်စေချင်၊ ပျက်စီးစေချင်၊ သေစေချင်တာ၊ သူက အကျိုးပေးပိုဆိုးပါတယ်။

> **✻ လောဘက အားကြီးလာတဲ့အခါ လိုချင်တာ မရရင် ဒေါသဖြစ်ရပြန်တယ်။ ဒေါသဆိုတဲ့တရားက ကြမ်းတမ်းခက်ထန်တဲ့သဘောသာ ဆောင်လေတော့ မိမိရော သူတစ်ပါးပါ ပျက်စီးရတယ်၊ သူ့အပူမပေးမိခင် ကိုယ်အရင်လောင်တဲ့ သဘောပါပဲ။ စိတ်ကြမ်းတာ၊ ညှိုးနွမ်းတာ၊ အားငယ်တာ၊ ကြောက်လန့်တာ အားလုံးဒေါသချည်းပဲ။ ဒေါသထက်ဆိုးတာ ရှိပါသေးတယ်။ သူတစ်ပါးကို ဒုက္ခ ရောက်စေချင်၊ ပျက်စီးစေချင်၊ သေစေချင်တာ၊ သူက အကျိုးပေးပိုဆိုးပါတယ်**
>
> **✻ လောဘဒေါသအမြစ်က အတ္တကို စေ့ဆော်တော့ အတ္တအချင်းချင်းထိပ်တိုက်တွေ့၊ အတ္တကြီးသူချင်းက အင်အားကြီးတွေပဲ ဆိုရင်တော့ လောကကြီး ကျွမ်းထိုးမှောက်ခုံဖြစ်ဖို့ မနေးကေန်ပါပဲ။ Ego ဆိုတဲ့ အတ္တနဲ့မာနက မငြိမ်းချမ်းခြင်းရဲ့ တကယ့်တရားခံပါ၊ လူတွေ မငြိမ်းချမ်းရင် ကမ္ဘာကြီးလည်း မငြိမ်းချမ်းနိုင်ပါဘူး**

လောဘဒေါသအမြစ်က အတ္တကို စေ့ဆော်တော့ အတ္တအချင်းချင်းထိပ်တိုက်တွေ့၊ အတ္တကြီးသူချင်းက အင်အားကြီးတွေပဲဆိုရင်တော့ လောကကြီး ကျွမ်းထိုးမှောက်ခုံဖြစ်ဖို့ မနေးကေန်ပါပဲ။ Ego ဆိုတဲ့ အတ္တနဲ့မာနက မငြိမ်းချမ်းခြင်းရဲ့ တကယ့်တရားခံပါ၊ လူတွေ မငြိမ်းချမ်းရင် ကမ္ဘာကြီးလည်း မငြိမ်းချမ်း နိုင်ပါဘူး။ မငြိမ်းချမ်းမှုတွေကြားထဲ ego-trip လို့ခေါ်တဲ့ လူအချင်းချင်း အမြတ်ထုတ်ချင်၊ အသာ ရချင်တဲ့ လူစုလူဝေးကလည်း ရှိသေးတယ်။ ငွေ၊ အာဏာ၊ ကျော်ကြားချင်မှု တစ်ခုခုကြောင့်ပေါ့။ သူတို့ကြောင့် ဆင်းရဲသူတွေ ပိုဆင်းရဲရတယ်၊ နစ်နာနေသူတွေ ပိုနစ်နာရတယ်ဆိုတာ ပြန်ကြည့်ဖို့ သူတို့လိုလူတွေအတွက် ခက်ခဲနေတတ်တယ်။

### မနာလိုဝန်တိုမှု၊ ပြန်တွေး တွေဝေငေးငိုင်နေတတ်တဲ့ တရားဆိုးတွေ

လောဘ ဒေါသက သူ့ချည်းမလာပါဘူး။ တစ်ခါ တစ်ရံ ဣဿာနဲ့ မစ္ဆရိယ တစ်နည်း မနာလို ဝန်တိုမှု ကိုပါ တွဲခေါ်လာတတ်ပါတယ်။ သူတစ်ပါး စည်းစိမ် ပညာကို ငြူစူမရှုစိမ့်၊ ကိုယ့်စည်းစိမ်ဥစ္စာပညာကို တော့ မပေးချင်၊ လျှို့ဝှက်တတ်တဲ့သဘောတွေဟာ ဆိုးတဲ့တရားတွေထဲ ပါပါတယ်။ နောက်တစ်ခုက ကိုယ်လုပ်လိုက်မိတဲ့ ဒုစရိုက်၊ ကိုယ်မလုပ်လိုက်မိတဲ့ ကုသိုလ်တစ်ခုခုကို လုပ်မိလေခြင်း၊ မလုပ်မိလေခြင်း စသဖြင့် တွေးတွေးပြီး ပူပန်စိုးရိမ်နေတတ်တာ၊ နောင်တရနေတဲ့ သဘောဟာလည်း တရားဆိုး တစ်ခုပါပဲ။

### ကိုယ့်စိတ်ကိုယ်သိနေဖို့လို

အထက်မှာ ဆိုခဲ့သလို ကိုယ်ပြုမိတဲ့ အကုသိုလ်ကို ပယ်နိုင်အောင် ကြိုးစားပါဆိုတဲ့ သမ္မပဒါန်က ဒီသဘောပါပဲ။ ပြန်တွေးပူပန်နေခြင်းက ကုက္ကုစ္စ အကုသိုလ် သဘောဖြစ်လို့ အလုပ်မဖြစ်ပါဘူး။ ဆင်ခြင်ပြီး နောင်မဖြစ်အောင် ဝီရိယထားကြိုးစားမှသာ ကုသိုလ်ဖြစ်မှာပါ။ မှန်မှန်ကန်ကန် အားထုတ်တဲ့ ဝီရိယမျိုးရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ထိုင်းမှိုင်းခြင်းနဲ့ တွေဝေငေးငိုင်မှုဆိုတဲ့ တရားဆိုး တွေလည်း ရှိပါသေးတယ်။ ချုပ်လိုက်ရင်တော့ ဖြူစင်နေတဲ့စိတ်ကို ခြယ်လှယ်နေတာ ထိုထို စေတသိက်အကုသိုလ်တွေပါလားဆိုတာ သိသွား ရတာပါပဲ။ ဒီလိုသိရတဲ့အခါ ထိုဖြစ်စဉ်လေးတွေ ဖြစ်လာတိုင်း ပေါ်လာတိုင်း ပယ်နိုင်အောင် ရှောင်နိုင် အောင် ကြိုးစားချင်စိတ်ရှိဖို့သာ လိုရင်းဖြစ်ပါတယ်။

ကိုယ့်စိတ်ကိုယ် သိနေဖို့သာ လိုတာပါ။ အာရုံတွေဝင်လာတိုင်း ကိုယ့်စိတ်က ကုသိုလ်ဖြစ်နေလား၊ အကုသိုလ်ဖြစ်နေလားပေါ့။ ကုသိုလ်ဖြစ်ဖို့ဆိုရင် အာရုံနဲ့ဒွါရတိုက်လို့ ဖြစ်လာတဲ့စိတ်နဲ့ယှဉ်တဲ့ ကုသိုလ်စေတသိက်တွေကြောင့်ဆိုတာ လေ့လာနိုင်ပါတယ်။ ဒီနာမ်တရားတွေက ကိလေသာ အညစ်အကြေးတွေကို ကင်းဝေးစင်ကြယ်စေလို့ ဖြစ်ပါတယ်။ ဘုရား၊ တရား၊ သံဃာရတနာ မြတ်သုံးပါးကို ယုံကြည်တာ၊ ကံ ကံ၏အကျိုးကို ယုံကြည်တာ၊ ထိုတရားတွေဟာ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေရဲ့ တရားအနှစ်ပါပဲ။

**ဘုရားဆိုတဲ့ အာရုံ၊ တရားဆိုတဲ့အာရုံ၊ သံဃာဆိုတဲ့အာရုံတွေအပေါ်မှာ ကြည်ညိုတယ်။ ကြည်ညိုတော့ မိမိရဲ့နာမ်တရားတွေလည်း ကြည်လင်လာတယ်ဆိုတဲ့ ယုံကြည်မှုသဒ္ဓါတရားဟာ သဒ္ဓါအစစ်လို့ ဆိုထိုက်ပါတယ်။ ယုံကြည်မှုရှိလာရင် ထိုကောင်းတဲ့ အာရုံတွေအပေါ်မှာ ထပ်ခါထပ်ခါအောက်မေ့ခြင်း၊ ပွားများခြင်းသည် သတိဆိုတဲ့ တရားရှိမှသာ ဖြစ်နိုင်တဲ့အတွက် ဒီနေရာမှာ သဒ္ဓါနဲ့သတိဆိုတဲ့ တရားနှစ်ခုကို ထပ်ဖြည့်ချင်ပါတယ်။**

### ကောင်းမြတ်အကျင့် မကျင့်သမျှ အလှမ်းဝေးနေဦးမည့် ငြိမ်းချမ်းရေး

ယနေ့ကာလ အကုသိုလ်တွေ တိုးပွားများပြား လာခြင်းရဲ့ အကြောင်းတရားတစ်ခုမှာ အရှက် အကြောက် နည်းလာတာလည်းပါတယ်။ မကောင်း တာလုပ်မိလို့ အရှက်အကြောက်မရှိ၊ ကောင်းတာ လုပ်ဖို့ဆိုရင်တော့ ရှက်တတ်ကြောက်တတ်ကြတာ သတိထားမိတယ်၊ အားလုံး ကပြောင်းကပြန်ချည်းပဲ။ မကောင်းတာလုပ်မိရင်

*စာမျက်နှာ ၁၁ သို့*




## ကိုယ်တွေ့ကမ္ဘာ့အံ့ဖွယ်နေရာ ၃၀

**ဒေါက်တာ တင်ထွန်းဦး**



စာရေးဆရာ ဒေါက်တာတင်ထွန်းဦး၏ အုပ် ၃၀ မြောက် လုံးချင်းစာအုပ်သစ်ဖြစ်ပြီး စာရေးသူကိုယ်တိုင်ရောက်ရှိမြင်တွေ့ လေ့လာခဲ့သော ကမ္ဘာတစ်လွှားမှ ထူးခြားဆန်းကြယ် အံ့ဖွယ်နေရာများအနက် ထင်ရှားကျော်ကြား၍ စိတ်ဝင်စားဖွယ်ကောင်းသည့် ကမ္ဘာ့အံ့ဖွယ်နေရာ ၃၀ ကို ရွေးချယ်စုစည်းပြီး လုံးချင်းစာအုပ်သစ်အဖြစ် ရေးသားပြုစုထားခြင်းဖြစ်သည်။

နိုင်ငံပေါင်း ၇၀ သို့ ရောက်ခဲ့ပြီးဖြစ်သည့် ဒေါက်တာ တင်ထွန်းဦးသည် ကမ္ဘာ့အံ့ဖွယ်နေရာအတော်များများသို့ သွားရောက်ခဲ့ပြီး ယင်းတို့အနက် ကိုယ်တိုင်ရောက်ရှိ မြင်တွေ့ခဲ့ရသည့် စိတ်ဝင်စားဖွယ် အကောင်းဆုံး အံ့ဖွယ်နေရာ ၅၀ ခန့်ကို ရေးသားပြုစုထားခဲ့ပြီးဖြစ်ကာ ယခုစာအုပ်တွင် စာရေးသူ၏ ကိုယ်တွေ့ ကမ္ဘာ့အံ့ဖွယ် ၅၀ ခန့်မှ ဆောင်းပါး ၃၀ ကို ရွေးချယ်စုစည်း ထုတ်ဝေထားသည်။

ယခုစာအုပ်တွင် တစ်နိုင်ငံမှ ကမ္ဘာ့အံ့ဖွယ်နေရာ တစ်နေရာစီပါဝင်အောင် ရွေးချယ်ထားသော်လည်း အချို့နိုင်ငံများတွင် ကမ္ဘာ့အံ့ဖွယ်နေရာ တစ်ခုမက တည်ရှိနေသဖြင့် နိုင်ငံပေါင်း ၂၇ နိုင်ငံမှ ကမ္ဘာ့အံ့ဖွယ်နေရာများကို ရွေးချယ်စုစည်းတင်ပြထားပြီး ထိုနေရာဒေသများသို့ ရောက်ရှိခဲ့စဉ် တွေ့မြင်လေ့လာခဲ့သည်များ၊ ကိုယ်တွေ့အတွေ့အကြုံများကို အခြေခံ၍ ယင်းတို့နှင့် ဆက်စပ်သော မှတ်ဖွယ်မှတ်ရာ အချက်အလက်အများအပြားကို ရှာဖွေစုစည်းထည့်သွင်း၍ ရောင်စုံဓာတ်ပုံများဖြင့် ဝေဝေဆာဆာ ဖော်ပြထားသော ကိုယ်တွေ့ ခရီးသွားဆောင်းပါးပေါင်းချုပ် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ သုတစွယ်စုံစာအုပ်တိုက်မှ ထုတ်ဝေ၍ စာမျက်နှာ ၂၄၀ ကျော်ပါဝင်သော စာအုပ်ဆိုက်ကြီးဖြစ်ကာ ရောင်းဈေးမှာ ကျပ် ၁၂၀၀၀ ဖြစ်သည်။

မြန်မာ့အလင်း

## သင့်ကျန်းမာရေးအတွက် သတိပေး ခေါင်းလောင်းသံ ၂၀၀

**ဒေါက်တာ ခင်မိုးမိုး**




စာရေးဆရာမ ဒေါက်တာခင်မိုးမိုး၏ ဆေးပညာပေးစာအုပ်သစ်ဖြစ်သည်။ လူအများစုအနေဖြင့် မိမိခန္ဓာကိုယ်တွင် ဖြစ်ပေါ်သည့် ဝေဒနာများကို ကြိုတင်သတိမပြုမိသဖြင့် အချိန်မီ ကုသမှု မခံယူလိုက်ရ၍ အသက်သေဆုံးကြရမှုများရှိရာ ယခုစာအုပ်တွင် ကျန်းမာရေးအတွက် အလေးအနက်ထားပြီး စစ်ဆေးရန်လိုအပ်သော ပြင်းထန်သည့်ရောဂါများနှင့် ပတ်သက်၍ လက္ခဏာရပ်များကို သတိပေး မီးမောင်းထိုးပြထားသည်။

ခေါင်းအစခြေအဆုံး ဖြစ်ပေါ်နိုင်သည့် ရောဂါလက္ခဏာများကို တစ်ပိုင်းချင်းစိစစ်ပြီး အသေးစိတ် ဖော်ပြထားသည့်အပြင် အထွေထွေလက္ခဏာများ၊ ကိုယ်ဝန်ဆောင်နှင့် မီးဖွားချိန်တွင် ဖြစ်ပေါ်တတ်သည့် လက္ခဏာများနှင့် ဆေးရုံများတွင်ဖြစ်တတ်သော ပြဿနာများကို ခေါင်းစဉ်ခွဲပေါင်း ၆၃ ခုဖြင့် ဖော်ပြထားပြီး စာမျက်နှာ ၃၇၀ ခန့် ပါဝင်သည်။ သုတစွယ်စုံစာအုပ်တိုက်မှ ထုတ်ဝေပြီး ရောင်းဈေးမှာ ကျပ် ၉၀၀၀ ဖြစ်သည်။

ပြည်သူလူထု ကျန်းမာရေးအတွက် အသက်အန္တရာယ်မှ အမှန်တကယ် ကြိုတင်ကာကွယ်ပေးနိုင်မည့် လက်တွေ့အသုံးချဆေးပညာစာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

မြန်မာ့အလင်း

## မူဆယ်မြို့ရှိ မြန်မာ - တရုတ် နယ်စပ်ဂိတ်သုံးဂိတ်ကို ပြန်ဖွင့်ရန် တရားဝင်စာထုတ်ပြန်ထားသော်လည်း ဖွင့်လှစ်နိုင်မှုမရှိသေး

**မူဆယ် ဇန်နဝါရီ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ရှိ တရုတ်-မြန်မာနယ်စပ် ကုန်စည်ပို့ဆောင်ရေး ဂိတ်များဖြစ်သော နန်းတော်ဂိတ်၊ မန့်ဝိန်းဂိတ်နှင့် ဆင်ဖြူဂိတ်တို့ကို နယ်စပ်ကုန်သွယ်မှု ပိုမိုကောင်းမွန်စေရန်အတွက် ဇန်နဝါရီ ၈ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း ယူနန်ပြည်နယ် ရွှေလီအခြေစိုက် ပြည်ပရေးရာဘက်မှ တရားဝင်ကြေညာချက်စာထုတ်ပြန်ထားသော်လည်း ကိုဗစ်- ၁၉ ရောဂါအခြေအနေများကြောင့် ယနေ့(ဇန်နဝါရီ ၈ ရက်) နံနက်ပိုင်းတွင် ဖွင့်လှစ်နိုင်ခြင်းမရှိသေးကြောင်း သိရသည်။

ဇန်နဝါရီ ၅ ရက်က ထုတ်ပြန်စာတွင် တရုတ်နိုင်ငံ၏ လက်ရှိ ကိုဗစ်- ၁၉ ကပ်ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေး မူဝါဒအရ နှစ်နိုင်ငံအတွက် အရေးပါသော ရွှေလီ- မူဆယ် နယ်စပ်ကုန်သွယ်မှု ပိုမိုကောင်းမွန်စေရန် နယ်စပ်ဂိတ်ပေါက်များ ပြန်လည်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ တရုတ်- မြန်မာ စီးပွားရေးကုန်သွယ်မှုနှင့် နှစ်နိုင်ငံ ယဉ်ကျေးမှုဖလှယ်ရေး၊ပြည်သူများ၏ အသက်မွေးဝမ်းကြောင်း အကျိုးစီးပွားရေး ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသတွေအကြား ချစ်ကြည်ရင်းနှီးမှု ခိုင်မာစေရေးနှင့် နှစ်နိုင်ငံ ပူးပေါင်းဆက်ဆံဆောင်ရွက်မှု တိုးတက်မြင့်မားလာစေရေးတို့အတွက်ဖြစ်ကြောင်း ဖော်ပြထားသည်။ ထို့အပြင် တရုတ်စံတော်ချိန် နံနက် ၈ နာရီမှ ည ၉ နာရီခွဲအထိ အကောက်ခွန်ရှင်းလင်းနိုင်ပြီး လူနှင့် ကိုယ်ပိုင်ကားငယ်၊ ဆိုင်ကယ်များ ဝင်ထွက်သွားလာနိုင်ကာ ည ၁၁ နာရီခွဲအထိ ပို့ကုန်သွင်းကုန် ကုန်တင်ယာဉ်များနှင့်ယာဉ်မောင်းများ ကုန်စည်ပို့ဆောင်ရေးဝင်းအတွင်း ဝင်ထွက်နိုင်မည်ဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

ယင်းထုတ်ပြန်စာသည် တစ်ဖက်နိုင်ငံ တာဝန်ရှိသူများဘက်မှ တရားဝင်ကြေညာချက် ထုတ်ပြန်ထားခြင်းဖြစ်သော်လည်းယနေ့နံနက်တွင် ဖွင့်လှစ်နိုင်မှု မရှိသေးခြင်းဖြစ်ကာ ပြည်သူများကမူ လာရောက်စောင့်ကြည့်ခြင်းများရှိသည်ကို တွေ့ရသည်။

အဆိုပါ နယ်စပ်ကုန်သွယ်ရေးဂိတ်များကို ကိုဗစ်-၁၉ ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ် ဧပြီလမှစ၍ ရက်အကန့်အသတ်မရှိ ပိတ်သိမ်းထားခြင်းဖြစ်ပြီး မူဆယ်မန့်ဝိန်းဂိတ်မှ မြန်မာ့လယ်ယာထွက်ကုန်၊ စိုက်ပျိုးရေးထွက်ကုန်များကို တရုတ်ပြည်ဘက်သို့ တင်ပို့ခြင်း၊ နန်းတော်ဂိတ်နှင့် ဆင်ဖြူဂိတ်တို့မှ လူဝင်လူထွက် အဓိထားပြီး သွင်းကုန် တစ်နိုင်တစ်ပိုင် သယ်ယူခြင်းများ ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**ချယ်ရီမြေ(မူဆယ်)**



နယ်စပ်ဂိတ်ဖွင့်ရန် ကြေညာထားချိန်တွင် လာရောက်စောင့်ဆိုင်းနေသော ပြည်သူများ။

*စာမျက်နှာ ၁၀ မှ*

> ❈ **ကုသိုလ်/အကုသိုလ် ခွဲခြားသိလာရင်ကို ငြိမ်းချမ်းခြင်းအတွက် အောင်မြေတစ်ဝက် နင်းပါပြီ။ အကုသိုလ်ရဲ့အပြစ်က အခုဘဝ နောင်ဘဝ တိုက်ဆိုင်ရင် အကျိုးပေးပါတယ်။ ကံ ကံ၏ အကျိုးကို အချိန်သိပ်မစောင့်ရဘဲ လက်ငင်း အကျိုးပေးတတ်တယ်ဆိုတာ သိထားရင် ရှောင်ရန်ဆောင်ရန် မခက်ပါဘူး။ မြင်တတ် ကြည့်တတ်ဖို့က သတိတစ်လုံးပါပဲ။ အဆင်မပြေတာတွေ၊ မနှစ်မြို့စရာတွေ၊ အတားအဆီးတွေ များတဲ့အခါ သတိထားစေချင်တာက ကိုယ်သာ အနာခံပြီး စိတ်မနာမိစေဖို့ အရေးကြီးပါတယ်**

ရှက်တတ်ကြောက်တတ်တဲ့သဘောဟာ အကုသိုလ်ရဲ့လားရာကို သိနေသူတွေအတွက်သာ ဖြစ်ပါတော့တယ်။ အကုသိုလ်လောဘရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ အလောဘရှိသူတွေသာလျှင် စွန့်ကြဲပေးကမ်းလှူဒါန်းမှုမှာ ပြီးပြည့်စုံတဲ့ ဒါနအရာ မြောက်တတ်ကြပါတယ်။ အလောဘ ရှိသလို အဒေါသဆိုတဲ့ မေတ္တာတရားလည်း ရှိပြန်တယ်။ သူတစ်ပါး အကျိုးစီးပွား ချမ်းသာခြင်းကို မလိုလား၊ သူ့ပစ္စည်း၊ သူ့ဥစ္စာသာ အလိုကြီးတပ်မက်လိုချင် နေကြသရွေ့ ပဋိပက္ခသံသရာက ဆုံးမှာမဟုတ်ပါဘူး။ ကိုယ့်ထက်အားနည်းသူ၊ ကိုယ့်လောက်မရှိသူကို အကြင်နာကင်းပြီး သနားညှာတာမှုမရှိ၊ သူတစ်ပါး ချမ်းသာတိုးတက်နေရင် ဝမ်းမြောက်ခြင်းလည်းမရှိ၊ ချမ်းသာခြင်း/ ဆင်းရဲခြင်းလည်းမဖြစ်၊ ကံ ကံ၏အကျိုးပေးပါလားဆိုပြီး အလယ်အလတ် သဘောနဲ့ ဥပေက္ခာပြုနိုင်တဲ့ သဘောထားလည်း မရှိ၊ ထို မရှိ မရှိဆိုတဲ့ ဆန့်ကျင်ဘက်သဘောဆောင်တဲ့ လက္ခဏာတွေ ရှိနေသမျှ ငြိမ်းချမ်းမှုနဲ့လည်း အလှမ်းဝေးနေကြဦးမှာ ဖြစ်ပါတယ်။

အထက်ပါ အဆိုးတရားအားလုံးရဲ့ ဆန့်ကျင်ဘက် အတွေးအကြံ၊ အပြောအဆို၊ အပြုအမူတို့သာလျှင် ငြိမ်းချမ်းရေးအတွက် ကောင်းမြတ်တဲ့ အကျင့်တွေဖြစ်တဲ့အတွက် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာသဘောတွေကို မိမိလက်တွေ့ဘဝမှာ ချိန်ဆကျင့်ကြံခြင်းသာလျှင် ငြိမ်းချမ်းရေးအတွက် စစ်မှန်တဲ့အာမခံချက်တွေ ဖြစ်လာပါလိမ့်မယ်။

ကုသိုလ်/အကုသိုလ် ခွဲခြားသိလာရင်ကို ငြိမ်းချမ်းခြင်းအတွက် အောင်မြေတစ်ဝက် နင်းပါပြီ။ အကုသိုလ်ရဲ့အပြစ်က အခုဘဝ နောင်ဘဝ တိုက်ဆိုင်ရင် အကျိုးပေးပါတယ်။ ကံ ကံ၏အကျိုးကို အချိန်သိပ်မစောင့်ရဘဲ လက်ငင်းအကျိုးပေးတတ်တယ်ဆိုတာ သိထားရင် ရှောင်ရန်ဆောင်ရန် မခက်ပါဘူး။ မြင်တတ်ကြည့်တတ်ဖို့က သတိ တစ်လုံးပါပဲ။ အဆင်မပြေတာတွေ၊ မနှစ်မြို့စရာတွေ၊ အတားအဆီးတွေ များတဲ့အခါ သတိထားစေချင်တာက ကိုယ်သာအနာခံပြီး စိတ်မနာမိစေဖို့ အရေးကြီးပါတယ်။

မပြီးနိုင်မဆုံးနိုင် စိတ်နာခြင်းက အကုသိုလ်ကို အဖန်တလဲလဲ တိုးစေတတ်တာ သတိထားမိလာပြီ။ ချစ်ခြင်းမုန်းခြင်း၊ ဖိစီးခြင်း၊ ပျော်ရွှင်ခြင်း စတာတွေအားလုံး ကိုယ့်အတွင်းစိတ်ကပဲ လာတာပဲဆိုတာ သိလာပြီဆိုရင် ဆင်းရဲချမ်းသာတာနဲ့မပျော်ရွှင်မှု၊ ပျော်ရွှင်မှုဟာ ဆက်စပ်မှုမရှိ၊ ဆင်းရဲပေမယ့် စိတ်ချမ်းသာနေသူတွေ၊ ချမ်းသာပေမယ့် ပူနေရသူတွေ တစ်ပုံကြီးရှိနေတာပဲလို့ သိနိုင်လာပါလိမ့်မယ်။ ဒါကြောင့် ပြောချင်တာက ဆင်းရဲပေမယ့် ကိုယ့်အတွင်းစိတ်ကို ကြွံခိုင်အောင်လုပ်ပါ။ ခွင့်လွှတ်ပေးပြီး ပျော်ပျော်နေပါ။ ဒေါသနဲ့ အမုန်းဖယ်ပြီး ကိုယ့်ကိုယ်ကိုယ် ကျေနပ်အောင်နေပါ။ စိတ်ကြောင့် အသက်တိုစေတဲ့ ဒီရုပ်ဒီခန္ဓာကြီးကို ဖိစီးနှိပ်စက်မခံပါနဲ့လို့သာ ဆိုလိုက်ပါရစေ။

အကြောက်တရားနဲ့ ငြိမ်းချမ်းတာထက် သူများကို ဒုက္ခမရောက်စေတဲ့နည်းလမ်း၊ ကိုယ်လည်း အများကြီးမခံစားရတဲ့ နည်းလမ်းမျိုးနဲ့ ငြိမ်းချမ်းအောင်နေဖို့ ကြိုးစားကြည့်စေချင်ပါတယ်။ အကြောက်တရားတို့၊ ခြိမ်းခြောက်တာတို့က တာရှည်မခံပါဘူး။ စေတနာ ထားတတ်မှုနဲ့ သူ့အကျိုး၊ ကိုယ့်အကျိုး ရိုသေလေးစားမှုပြနိုင်ရင်ကို ငြိမ်းချမ်းပါတယ်။ ငြိမ်းချမ်းရေးတကယ်လိုချင်ရင်လည်း တစ်ဦးချင်း အကျိုးစီးပွားထက် အများရဲ့အကျိုးစီးပွားကိုလည်း ငဲ့စောင်းကြည့်ပေးဖို့သာ အဓိကဖြစ်ပါလိမ့်မယ်။ အရေးကြီးဆုံးကတော့ ခံစားချက်တွေ ဦးစားမပေးဘဲ ချစ်တတ်ဖို့၊ ဂရုစိုက်ပေးဖို့၊ ကရုဏာတရားနဲ့ စာနာပေးနိုင်ဖို့သာပါ။

သို့မှသာ အကြွေးဟောင်းလည်း ဆပ်ပြီး၊ အကြွေးသစ်လည်း အတင်မခံရတဲ့ အခြေအနေကောင်းတစ်ခုကို ရရှိနိုင်ပါလိမ့်မယ်။ ။

## ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါနှင့်ဆက်စပ်ပြီး သေဆုံးသူ စံချိန်တင်များပြားလာ

**တိုကျို ဇန်နဝါရီ ၈**

ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ နှင့်ဆက်စပ်ပြီး သေဆုံးသူ စံချိန်တင်များပြားလာသည်ဟု ကျန်းမာရေး အာဏာပိုင်များက ပြောသည်။

တစ်ရက်လျှင် ကိုဗစ် -၁၉ ရောဂါကြောင့် သေဆုံးသူ ၄၀၀ ကျော်အထိ ရှိလာသည်။ ဇန်နဝါရီ ၈ ရက်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူဦးရေမှာ မကြာသေးမီရက်အနည်းငယ်နှင့်နှိုင်းယှဉ်လျှင် အနည်းငယ်ကျဆင်းသွားသည်။ သို့သော်လည်း လာမည့်ရက်ပိုင်းအတွင်း အခြေအနေမှာ ပို၍ဆိုးရွားလာနိုင်ကြောင်း ကျွမ်းကျင်သူများက သတိပေးထားသည်။ ဇန်နဝါရီ ၈ ရက်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၀၇ ဦးရှိသည်ဟု ကျွမ်းကျင်သူများက ပြောသည်။

အိုက်ချီခရိုင်မှာ အခြားသောခရိုင်များထက် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူလူနာ ပို၍များပြားသည်။ တစ်နိုင်ငံလုံးအနှံ့ ကိုဗစ် -၁၉ ရောဂါ ကူးစက်ခံရသူဦးရေမှာ ၁၉၀၀၀၀ ကျော်ရှိသည်ဟု ကျန်းမာရေး အာဏာပိုင်များကပြောသည်။ ဂျပန်နိုင်ငံမှာ ကိုဗစ် -၁၉ ရောဂါ ကူးစက်မှု ရှစ်ကြိမ်မြောက်လှိုင်းနှင့် ကြုံတွေ့နေရခြင်းဖြစ်သည်။

သို့သော်လည်း ကူးစက်မှုအရေအတွက်မှာ ပြီးခဲ့သည့်နှစ် နွေရာသီထက် များပြားခဲ့ခြင်းမရှိပေ။ အာဏာပိုင်များမှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အရေအတွက် အတိအကျကို သိရှိနိုင်ခြင်းမရှိဟု တိုကျိုဆေးတက္ကသိုလ်မှ ကျွမ်းကျင်သူတစ်ဦးကပြောသည်။ အမှန်တကယ်ကူးစက်ခံရသည့် အရေအတွက်မှာ ယခုသိရှိထားသည့် အရေအတွက်ထက် ပို၍များပြားနိုင်ကြောင်း ပါမောက္ခ ဟာမာဒါ အက်ဆူအိုကပြောသည်။ ဆေးဘက်ဆိုင်ရာစနစ်တွင် ဝန်ပိမှုများမှ ရှောင်ရှားရန်အတွက် သတိထားကြရန် နိုင်ငံတစ်လွှားမှ ပြည်သူများကို သတိပေးထားသည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ဂျီးရီးယားနိုင်ငံတောင်ပိုင်းရှိ ဘူတာရုံကို သေနတ်သမားများ တိုက်ခိုက်၊ လူအချို့ ပြန်ပေးဆွဲခံရ

**အဘူဂျာ ဇန်နဝါရီ ၈**

နိုင်ဂျီးရီးယားတောင်ပိုင်းပြည်နယ် အဲဒိုဖ္ဘ ရထားဘူတာရုံတွင် သေနတ်သမားများက ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး လူအချို့ကို ပြန်ပေးဆွဲသွားကြောင်း သိရသည်။

အဆိုပါ သေနတ်သမားများကို ဇန်နဝါရီ ၈ ရက်တွင် ရဲများက လိုက်လံဖမ်းဆီးနေသည်ဟု သိရသည်။ ဇန်နဝါရီ ၇ ရက်ညပိုင်းက အီဂူဘန်ရထားဘူတာရုံတွင် ပြန်ပေးဆွဲခံရသည့် လူအရေအတွက် အတိအကျကိုသိရှိနိုင်ရန် ကြိုးပမ်းနေကြောင်း ရဲဌာနမှ ပြောရေးဆိုခွင့်ရှိသူက ဆင်ဟွာသို့ ပြောသည်။

သေနတ်သမားသည် ဝင်ပေါက်မှဝင်လာခဲ့ပြီး ၎င်းအချိန်တွင် ခရီးသွားများမှာ အိမ်နီးချင်း ဒယ်တာပြည်နယ်သို့သွားရန် စောင့်ဆိုင်းနေကြသည်။ အချို့သော ခရီးသွားများမှာ ဒဏ်ရာရရှိခဲ့ပြီး သေနတ်သမားများမှာ မြင်ကွင်းမှ လျှင်မြန်စွာပျောက်ကွယ်သွားခဲ့သည်။ ပြန်ပေးဆွဲခံရသူများကို ကယ်တင်ရန်နှင့် သေနတ်သမားများကို ဖမ်းဆီးနိုင်ရေး ရဲတပ်ဖွဲ့က ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။ **ဆင်ဟွာ**

## တရုတ်နိုင်ငံ၏ ရေခဲ-နှင်း ခရီးသွားလုပ်ငန်းမှာ ၂၀၂၅ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသွား သန်း ၅၂၀ ကို ဆွဲဆောင်နိုင်လိမ့်မည်ဟု ခန့်မှန်းထား

**ရှန်ဟိုင်း ဇန်နဝါရီ ၈**



ရေခဲ-နှင်း ဥယျာဉ်အတွင်း ခရီးသွားတစ်ဦးကို တွေ့ရစဉ်။

၂၀၂၄-၂၀၂၅ ခုနှစ် နှစ်ကုန်ပိုင်း ရေခဲ -နှင်း ရာသီတွင် တရုတ်နိုင်ငံ၏ ရေခဲနှင့် နှင်းအပန်းဖြေခရီးသွားလုပ်ငန်းသည် ကမ္ဘာလှည့်ခရီးသွား သန်း ၅၂၀ကို ဆွဲဆောင်နိုင်လိမ့်မည်ဟု မျှော်မှန်းထားသည်။

အဆိုပါလုပ်ငန်းမှ အခွန်ငွေ ယွမ် ၇၂၀ ဘီလီယံ ကျော်ရရှိမည်ဟု ခန့်မှန်းထားသည်။ ခရီးသွားဝင်ရောက်မှု ခန့်မှန်းခြေကို တရုတ်ခရီးသွားအကယ်ဒမီက ရေခဲ-နှင်း ခရီးသွားလုပ်ငန်း၏ နှစ်စဉ်အစီရင်ခံစာကို အခြေခံကာ ထုတ်ပြန်ထားခြင်းဖြစ်သည်။

အဆိုပါ အစီရင်ခံစာအရ တရုတ်နိုင်ငံသည် ၂၀၂၁-၂၀၂၂ ခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသွား ၃၄၄ သန်း ဝင်ရောက်ခဲ့ပြီး အဆိုပါခရီးသွားကဏ္ဍမှ ယွမ် ၄၇၄ ဘီလီယံရရှိခဲ့ပြီး ယင်းလုပ်ငန်းမှာ အရှိန်အဟုန်ဖြင့် တိုးတက်နေသည်ဟု သိရသည်။ တရုတ်နိုင်ငံသည် ၂၀၁၆ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ရေခဲနှင့် နှင်းခရီးသွားကဏ္ဍအတွက် အခြေခံအဆောက်အအုံများ ဆောက်လုပ်ရန် ယွမ် ၂ ဒသမ ၈၈ ထရီလီယံ ရင်းနှီးမြှုပ်နှံခဲ့သည်။

၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းတွင် လုပ်ငန်းပေါင်း ၉၀၀၀ နီးပါးမှာ ရေခဲနှင့် နှင်းခရီးသွားကဏ္ဍအတွက် ပါဝင်လိုကြောင်း စာရင်းပေးသွင်းခဲ့ကြသည်။ ရေခဲနှင့် နှင်းခရီးသွားလုပ်ငန်းတွင် စိတ်ပါဝင်စားသည့် လုပ်ငန်းများမှာ တစ်နှစ်ထက်တစ်နှစ် ၂၀ ဒသမ ၁ ရာခိုင်နှုန်းတိုးလာသည်ဟု သိရသည်။ တရုတ်နိုင်ငံ၏ ဆောင်းရာသီ အပန်းဖြေခရီးသွားလုပ်ငန်းမှ ၂၀၂၂ ခုနှစ် နှင့် ၂၀၂၃ ခုနှစ်တို့တွင် ခရီးသွားပေါင်း သန်း ၃၀၀ ကို ဆွဲဆောင်နိုင်လိမ့်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

**ဆင်ဟွာ**

## တရုတ်နိုင်ငံအရှေ့ပိုင်း၌ ယာဉ်မတော်တဆမှုဖြစ်ပွား ၁၇ ဦး သေဆုံး၊ အများအပြား ဒဏ်ရာရ

**နန်ချန်း ဇန်နဝါရီ ၈**

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်းရှီးပြည်နယ် နန်ချန်းဒေသတွင် ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းက ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့ရာ ၁၇ ဦး သေဆုံးပြီး အခြား ၂၂ ဦး ပြင်းထန်ဒဏ်ရာရရှိကြောင်း သိရသည်။

အဆိုပါ ယာဉ်မတော်တဆမှုမှာ ဇန်နဝါရီ ၈ ရက် နံနက် ၁ နာရီဝန်းကျင်က နန်ချန်းမြို့အပြင်ရှိ ကျေးရွာတစ်ရွာ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ ထိခိုက်ဒဏ်ရာရရှိသူများကို ဆေးကုသမှုခံယူရန် ဆေးရုံသို့ ပို့ဆောင်ထားကြောင်းနှင့် ယာဉ်မတော်တဆမှု ဖြစ်ပွားရခြင်း အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း ဒေသအာဏာပိုင်များက ပြောသည်။ **ဆင်ဟွာ**




နန်ချန်းဒေသရှိ ဆေးရုံတစ်ရုံ၌ ဒဏ်ရာရရှိသူ တစ်ဦး ဆေးကုသမှုခံယူစဉ်။

## မက္ကဆီကိုနိုင်ငံ၌ မြေအောက်ရထားနှစ်စင်းတိုက်မှုကြောင့် တစ်ဦးသေဆုံးပြီး ၅၇ ဦးဒဏ်ရာရ

**မက္ကဆီကိုစီးတီး ဇန်နဝါရီ ၈**

မက္ကဆီကိုစီးတီးမြို့တွင် မြေအောက်ရထားနှစ်စင်း တိုက်မှုကြောင့် တစ်ဦးသေဆုံးပြီး ၅၇ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဒေသခံ အာဏာပိုင်များက ဇန်နဝါရီ ၇ ရက်တွင် ပြောသည်။

ဒဏ်ရာရရှိသူများကို ဒေသဆေးရုံသို့ ခေါ်ဆောင်သွားခဲ့ပြီး ရထားတွဲအတွင်း ပိတ်မိနေသူ လေးဦးအနက် သုံးဦးကို ကယ်တင်နိုင်ခဲ့ကြောင်း မက္ကဆီကိုစီးတီးမြို့တော်ဝန် ကလောက်ဒီရာ ရှိုင်းဘောင်က ပြောသည်။




ရထားတိုက်မှုကြောင့် ဒဏ်ရာရရှိသူများကို ဆေးရုံပို့ဆောင်ပေးမည့် လူနာတင်ယာဉ်များကို တွေ့ရစဉ်။

လာရာဇာနှင့် ပက်ထရီရို ဘူတာတို့အကြား ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက ရထားတိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အခင်းဖြစ်ပွားနေရာသို့ ထိခိုက်ခံစားရသူများ စောင့်ရှောက်ပေးရေး အသင်းကို စေလွှတ်ခဲ့ပြီး ရထားတိုက်မှုဖြစ်ပွားရခြင်းအကြောင်းကို စုံစမ်းစစ်ဆေးမှု ပြုလုပ်သွားမည်ဟု မက္ကဆီကိုရှေ့နေချုပ်ရုံးက တွစ်တာပေါ်တွင် ရေးသားခဲ့သည်။ ရထားတိုက်မှုဖြစ်ပွားရခြင်းအကြောင်းကိုမူ မသိရသေးချေ။ မက္ကဆီကိုစီးတီး မြေအောက်ရထားမှာ နိုင်ငံအတွင်း သယ်ယူပို့ဆောင်မှုတွင် အသုံးများသော သယ်ယူပို့ဆောင်ရေးစနစ် တစ်ခုဖြစ်သည်။

**ဆင်ဟွာ**

## အီရတ်နိုင်ငံ၏ ဆင်းရဲမွဲတေမှုနှုန်း ၂၀၂၂ ခုနှစ်တွင် ၂၅ ရာခိုင်နှုန်းရှိဟုဆို

**ဘဂ္ဂဒက် ဇန်နဝါရီ ၈**

အီရတ်နိုင်ငံရှိ ဆင်းရဲမွဲတေမှုနှုန်းသည် ၂၀၂၂ ခုနှစ်တွင် ၂၅ ရာခိုင်နှုန်းရှိကြောင်း အီရတ်စီမံကိန်းဝန်ကြီးဌာနက ဇန်နဝါရီ ၇ ရက်တွင် ပြောသည်။

အီရတ်နိုင်ငံ၌ ဆင်းရဲမွဲတေမှုမြင့်မားရခြင်းမှာ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်အတွင်း ရေနံဈေးကျဆင်းမှုကြောင့် စီးပွားရေးကျပ်တည်းမှုများ၊ ကိုဗစ်-၁၉ ကပ်ရောဂါရိုက်ခတ်မှုများ အပါအဝင် အကြောင်းရင်းများစွာရှိကြောင်း ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အက်ဒူလ် ဇာဟာရာ အယ်ဟင်ဒါဝီက အီရတ်နိုင်ငံပိုင် သတင်းဌာနကို ပြောသည်။ **ဆင်ဟွာ**

## နှစ်နိုင်ငံကြား လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်နှင့် ပတ်သက်ပြီး သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့ တတိယအကြိမ် ဆွေးနွေးမည်



ကိုလံဘို ဇန်နဝါရီ ၈

**သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့သည် နှစ်နိုင်ငံကြား လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်နှင့် ပတ်သက်ပြီး ဇန်နဝါရီ ၉ ရက်မှ ၁၀ ရက်အတွင်း ကိုလံဘိုမြို့၌ တတိယအကြိမ်မြောက် ညှိနှိုင်းဆွေးနွေးမှု ပြုလုပ်သွားမည်ဖြစ်ကြောင်း သီရိလင်္ကာသမ္မတရုံး သတင်းပြန်ကြားရေး (ပီအမ်ဒီ) က ဇန်နဝါရီ ၈ ရက်တွင် ပြောသည်။**

ထို့အပြင် ထိုင်းနိုင်ငံမှ ကိုယ်စားလှယ် ၂၆ ဦး အဆိုပါ ဆွေးနွေးညှိနှိုင်းပွဲသို့ တက်ရောက်မည်ဖြစ်ကြောင်း ပီအမ်ဒီက ပြောသည်။ နှစ်နိုင်ငံကြား ညှိနှိုင်းအစည်းအဝေးတွင် ကုန်စည်ကူးသန်းရောင်းဝယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုများ၊ ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့စေရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအပါအဝင် ခေါင်းစဉ် ခုနစ်မျိုးဖြင့် ဆွေးနွေးသွားမည်ဟု ဆိုသည်။

ပီအမ်ဒီ၏ ထုတ်ပြန်ချက်အရ ၂၀၂၁ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံသည် ထိုင်းနိုင်ငံမှ အမေရိကန်ဒေါ်လာ ၃၅၅ သန်းတန်ဖိုးရှိ ကုန်ပစ္စည်းများကို တင်သွင်းခဲ့ပြီး ထိုင်းနိုင်ငံသို့ ၅၉ သန်းတန်ဖိုးရှိ ကုန်ပစ္စည်းများကို တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

## လာအိုနိုင်ငံ၌ ဒီဇင်ဘာလတွင် ငွေကြေးဖောင်းပွမှုနှုန်း အမြင့်ဆုံးအဖြစ် ၃၉ ဒသမ ၃ ရာခိုင်နှုန်းအထိ ရှိလာ

**ဗီယင်ကျန်း ဇန်နဝါရီ ၈**

လာအိုနိုင်ငံ၌ နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်းသည် ဒီဇင်ဘာလတွင် ၃၉ ဒသမ ၃ ရာခိုင်နှုန်းအထိ ရှိခဲ့ကြောင်း ဇန်နဝါရီ ၇ ရက်တွင် လာအို စာရင်းအင်းဗျူရို၏ ထုတ်ပြန်ချက်အရ သိရသည်။ ထို့ကြောင့် ဒီဇင်ဘာလသည် ၂၀၂၂ ခုနှစ်၏ ငွေကြေးဖောင်းပွမှုနှုန်း အမြင့်ဆုံးသို့ ရောက်ရှိလာခဲ့သည်။



လာအိုနိုင်ငံ၌ နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်ခဲ့ရာ နိုဝင်ဘာလတွင် ၃၈ ဒသမ ၄၆ ရာခိုင်နှုန်းရှိရာမှ ဒီဇင်ဘာလတွင် ၃၉ ဒသမ ၃ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ခြင်းဖြစ်သည်။ ဆက်သွယ်ရေးနှင့် ပို့ဆောင်ရေး၊ လူသုံးကုန်ပစ္စည်းများ ဈေးနှုန်းမြင့်တက်လာခြင်းနှင့်အတူ လာအိုကစ်ငွေကြေးတန်ဖိုး ဆက်တိုက်ကျဆင်းခြင်းက ငွေကြေးဖောင်းပွရခြင်း၏ အဓိက အကြောင်းရင်းများဖြစ်ကြောင်း သိရသည်။

ငွေကြေးဖောင်းပွမှုနှုန်းသည် ဇွန်လတွင် ၂၃ ဒသမ ၆ ရာခိုင်နှုန်း၊ ဇူလိုင်လတွင် ၂၅ ဒသမ ၅၅ ရာခိုင်နှုန်း၊ ဩဂုတ်လတွင် ၃၀ ဒသမ ၀၁ ရာခိုင်နှုန်း၊ စက်တင်ဘာလတွင် ၃၄ ဒသမ ၀၅ ရာခိုင်နှုန်း၊ အောက်တိုဘာလတွင် ၃၆ ဒသမ ၇၅ ရာခိုင်နှုန်းနှင့် နိုဝင်ဘာလတွင် ၃၈ ဒသမ ၄၆ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## ကမ္ဘောဒီးယားနိုင်ငံ စီဟန်နော့ခ်ဗီလီမြို့၌ ရေကာတာပြိုကျမှုကြောင့် ရေပြတ်လပ်မှုနှင့် ကြုံတွေ့နေရ

**ဖနောင်ပင် ဇန်နဝါရီ ၈**

ကမ္ဘောဒီးယားနိုင်ငံ အနောက်တောင်ဘက် ပရားစီဟန်နော့ခ်ပြည်နယ် စီဟန်နော့ခ်ဗီလီမြို့ရှိ အိမ်ထောင်စုများမှာ ရေကာတာတစ်ခု ပြိုကျမှုဖြစ်ပွားပြီးနောက် ရေပြတ်လပ်မှုနှင့် ကြုံတွေ့နေရကြောင်း တာဝန်ရှိသူများက ဇန်နဝါရီ ၈ ရက်တွင် ပြောသည်။

စီဟန်နော့ခ်ဗီလီမြို့ ကဘယ်လ်ချဟေးရေတံခွန်ဒေသရှိ ရေကာတာတစ်ခု ဇန်နဝါရီ ၇ ရက် ညပိုင်းက ကျိုးကျမှုဖြစ်ပွားခဲ့သောကြောင့် ရေတင်စခန်းတစ်ခုနှင့် ရေလှောင်ကန်မှ မြို့၏ ရေသန့်စင်စက်နှစ်လုံးအနက် တစ်လုံးသို့ ပေးပို့သောပိုက်လိုင်းတစ်ခု ပျက်စီးမှုဖြစ်ပွားခဲ့ကြောင်း ပရားစီဟန်နော့ခ်ပြည်နယ် အုပ်ချုပ်ရေးမှူး ခေါ့ချ်ချမ်ရိုအွန်းက ပြောသည်။

ရေကာတာပြိုကျမှုဖြစ်ပွားခဲ့သည့်အတွက် ရေသန့်စင်စက်တစ်လုံးလည်ပတ်မှု ရပ်နားထားရသောကြောင့် ရေပေးဝေမှု စုစုပေါင်း၏ ၅၀ ရာခိုင်နှုန်း လျော့ချခဲ့ရသည်ဟု ၎င်းက ပြောသည်။ ထို့ကြောင့် ရေကာတာ ပြုပြင်ပြီးသည်အထိ ရေကိုချွေချွေတာတာ သုံးစွဲကြရန် အုပ်ချုပ်ရေးမှူးက ကမ်းရိုးတန်းဒေသရှိ ဒေသခံများကို တောင်းဆိုထားသည်။

ရေကာတာ ပြိုကျမှုကြောင့် လူထိခိုက်မှုမရှိကြောင်းနှင့် သက်ဆိုင်ရာ အာဏာပိုင်များအနေဖြင့် သုံးရက်အတွင်း ရေကာတာကို ပြုပြင်သွားမည်ဖြစ်ကြောင်း ပြည်နယ်ပြောရေးဆိုခွင့်ရှိသူ ခေါင်းပီယာရွန်က ပြောသည်။ ရေကာတာ ပြိုကျရခြင်း၏ အကြောင်းအရင်းကို စုံစမ်းနေဆဲဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

ဆင်ဟွာ

## ဆီနီဂေါနိုင်ငံ၌ ဘတ်စ်ကားနှစ်စီးတိုက်မှုဖြစ်ပွားပြီး ၄၀ ထက်မနည်း သေဆုံး

**ဒါကာ ဇန်နဝါရီ ၈**

ဆီနီဂေါနိုင်ငံ အလယ်ပိုင်း ကက်ဖရင်းဒေသ၌ ဘတ်စ်ကားနှစ်စီးတိုက်မှုဖြစ်ပွားရာ ၄၀ ထက်မနည်းသေဆုံးပြီး အခြားအများအပြား ထိခိုက်ဒဏ်ရာရရှိကြောင်း ဒေသအာဏာပိုင်များက ဇန်နဝါရီ ၈ ရက်တွင် ပြောသည်။

အဆိုပါ ယာဉ်မတော်တဆမှုဖြစ်ပွားပြီးနောက် သုံးရက်ကြာ နိုင်ငံအဆင့် ဝမ်းနည်းဖွယ်ရာအဖြစ် ဇန်နဝါရီ ၈ ရက်တွင် ဆီနီဂေါသမ္မတ မက်ကီ ဆောလ်က အမိန့်ထုတ်ပြန်ခဲ့သည်။ ကက်ဖရင်းဒေသတွင် ပြင်းထန်သော ယာဉ်မတော်တဆမှုဖြစ်ပွားပြီး လူပေါင်း ၄၀ အထိ သေဆုံးခဲ့သောကြောင့် ဇန်နဝါရီ ၉ ရက်မှစတင်ကာ သုံးရက်ကြာ နိုင်ငံအဆင့် ဝမ်းနည်းဖွယ်ရာနေ့အဖြစ် ထုတ်ပြန်ကြေညာရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။

ထို့အပြင် လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် အများပြည်သူခရီးသည် ပို့ဆောင်ရေးတွင် ခိုင်မာသော အစီအမံများ ချမှတ်လုပ်ဆောင်ရန် အဆိုပါနေ့တွင် အစည်းအဝေးတစ်ရပ် ကျင်းပသွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။ အဆိုပါ လူအများအပြား ထိခိုက်သေဆုံးမှု ဖြစ်ပွားသည့် ယာဉ်မတော်တဆမှုနှင့် ပတ်သက်ပြီး နောက်ထပ်သတင်းအချက်အလက်များ ဖော်ပြထားခြင်း မရှိချေ။

ဆင်ဟွာ



ဘတ်စ်ကားနှစ်စီး တိုက်မိမှုဖြစ်ပွားစဉ်။

## အာဖဂန်နစ္စတန်နိုင်ငံ၌ ၆၁ နာရီအကြာ ပိတ်မိနေသော သတ္တုတွင်းလုပ်သား သုံးဦးကို ကယ်တင်နိုင်ခဲ့

**ဖိုင်ဇာဘတ် ဇန်နဝါရီ ၈**

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဘာဒက်ခ်ရှန်းပြည်နယ်တွင် အပျက်အစီးများအောက်၌ ၆၁ နာရီအကြာ ပိတ်မိနေသော သတ္တုတွင်းလုပ်သား သုံးဦးကို ကယ်ဆယ်ရေးအဖွဲ့က ကယ်တင်နိုင်ခဲ့ကြောင်း ပြည်နယ်ပြန်ကြားရေးနှင့် ယဉ်ကျေးမှု ညွှန်ကြားရေးမှူး ကာရီမာဇူဒင်က ဇန်နဝါရီ ၈ ရက်တွင် ပြောသည်။

ပြိုကျနေသော လိုဏ်ခေါင်းအတွင်း၌ ကျန်ရှိနေသော သတ္တုတွင်းလုပ်သား နှစ်ဦးကို ဇန်နဝါရီ ၇ ရက် ည ၉ နာရီ မိနစ် ၂၀ တွင် အပျက်အစီးများအောက်မှ ကယ်တင်နိုင်ခဲ့ပြီး အခြားတစ်ဦးကို ဇန်နဝါရီ ၆ ရက်က ကယ်တင်နိုင်ခဲ့သည့်အတွက် ကယ်ဆယ်ရေးလုပ်ငန်း အဆုံးသတ်ပြီဖြစ်ကြောင်း အာမာဒီက သတင်းထောက်များကို ပြောသည်။

သတ္တုတွင်းလုပ်သားအများအပြားသည် ဇန်နဝါရီ ၅ ရက်က ယာဝန်ခရိုင်ရှိ ရွှေတွင်းဥမင်လိုဏ်ခေါင်းတစ်ခု၌ အလုပ်လုပ်နေခဲ့ကြကြောင်းနှင့် လိုဏ်ခေါင်းပြိုကျပြီးနောက် သုံးဦး ပိတ်မိနေခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူက ပြောသည်။ ကယ်တင်နိုင်ခဲ့သော သတ္တုတွင်းလုပ်သားသုံးဦးကို ဆေးကုသမှုခံယူရန် ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# သွေးလွန်တုပ်ကွေးရောဂါ ကူးစက်မှုနဲ့ သေဆုံးမှု မြင့်တက်လာတဲ့ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်



သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသော ကလေးငယ်များ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းစီးတီးရှိ ကလေးဆေးရုံ၌ ဆေးကုသမှု ခံယူနေစဉ်။



လင်းလက်ကြယ်

**ကမ္ဘာ့** နေရာဒေသအနှံ့အပြားမှာ မိုးသည်းထန်စွာရွာသွန်းမှုနဲ့အတူ ခြင်ပေါက်ပွားမှုနှုန်း မြင့်တက်လာတာနဲ့အမျှ ခြင်ကြောင့်ဖြစ်တဲ့ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုနှုန်းကလည်း တစ်နေ့တခြား ပိုမိုများပြားလာတာကို ကမ္ဘာ့သတင်းမီဒီယာ စာမျက်နှာတွေမှာ အကျယ်တဝင့်တွေ့နိုင်ပါတယ်။ အထူးသဖြင့် လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ ဆူဒန်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေကိုကြည့်ရင် ရောဂါကူးစက်ဖြစ်ပွားမှုနှုန်းနဲ့ သေဆုံးမှုနှုန်းမှာ သိသိသာသာ မြင့်တက်လာတာကို တွေ့ရပါတယ်။

### လာအိုနိုင်ငံတစ်ဝန်း ၂၄ ဦး ထက်မနည်း သေဆုံးခဲ့

လာအိုနိုင်ငံမှာ ၂၀၂၂ ခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှု ၃၂၃၆၄ ခုရှိတယ်လို့ လာအိုကျန်းမာရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်အရ သိရပါတယ်။ ဒါဟာ ၂၀၂၁ ခုနှစ်က သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှု ၁၄၀၀ ရှိခဲ့ရာကနေ သိသိသာသာမြင့်တက်လာခဲ့တာ ဖြစ်ပါတယ်။ ဒါ့အပြင် သွေးလွန်တုပ်ကွေးရောဂါကြောင့် ၂၀၂၂ ခုနှစ်မှာ လာအိုနိုင်ငံတစ်ဝန်း ၂၄ ဦးထက်မနည်း သေဆုံးခဲ့တယ်လို့ လာအိုကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ကျန်းမာရေးဆိုင်ရာ ပြန်ကြားရေးနဲ့ ပညာရေးစင်တာရဲ့ မကြာသေးမီက ထုတ်ပြန်တဲ့ အချက်အလက်အရ သိရပါတယ်။

### မြို့တော်ဗီယင်ကျန်းမှ အများဆုံးဖြစ်

သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှု အများဆုံးမှာ မြို့တော်ဗီယင်ကျန်းမှဖြစ်ကာ ကူးစက်ခံရသူပေါင်း ၁၅၃၅၈ ဦးအထိရှိပြီး ၎င်းနောက်မှာ လောင်နမ်သာပြည်နယ်မှာ ၄၈၉၉ ဦးနဲ့ လောင်ဘရာဘန်းပြည်နယ်မှာ ၁၇၅၉ ဦးနဲ့ အများဆုံးဖြစ်တယ်လို့ ဆိုပါတယ်။ သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၂၄ ဦးမှာ မြို့တော် ဗီယင်ကျန်းနဲ့ အက်တာပူးပြည်နယ်မှ ခြောက်ဦးစီ၊ လောင်နမ်သာပြည်နယ်မှ ငါးဦး၊ ဆာရာဗန်ဒေသမှ သုံးဦး၊ ရှောင်ကောင်းဒေသမှ နှစ်ဦး၊ ဆီခုန်ဒေသနဲ့ အူဒွမ်ဇေဒေသမှ တစ်ဦးစီပါဝင်တယ်လို့ သိရပါတယ်။

### ဆေးဝန်ထမ်းတွေထံမှ အကြံဉာဏ်ရယူဖို့ အကြံပြုထား

အဲဒါကြောင့် သွေးလွန်တုပ်ကွေးရောဂါနဲ့ ကြိုတင်ကာကွယ်ရေး အသိပညာပေးမှုတွေနဲ့ပတ်သက်ပြီး ပြည်သူတွေကြား လှုပ်ရှားဆောင်ရွက်ဖို့ ကျန်းမာရေးတာဝန်ရှိသူတွေကို လာအိုကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားပါတယ်။ အဖျားကြီးခြင်း၊ ခေါင်းကိုက်ခြင်းနဲ့ ကြွက်သားနာကျင်ကိုက်ခဲဝေဒနာ ခံစားရသူတိုင်း ဆေးရုံသို့သွားရောက်ကာ ဆေးကုသမှုခံယူဖို့နဲ့ ဆေးဝန်ထမ်းတွေထံမှ အကြံဉာဏ်ရယူဖို့ အဆိုပါဝန်ကြီးဌာနက အကြံပြုထားပါတယ်။ ဒါ့အပြင် လူနာတွေအနေနဲ့လည်း ဆရာဝန်ညွှန်ကြားစာမပါဘဲ ဆေးဝယ်ယူသောက်သုံးခြင်းမှ ရှောင်ကြဉ်ကြသင့်တယ်လို့ အကြံပြုထားပါတယ်။

### ကမ္ဘောဒီးယားမှာ သွေးလွန်တုပ်ကွေး ဖြစ်ပွားမှု ၁၂၅၀၀ ရှိ

သွေးလွန်တုပ်ကွေးရောဂါကို လာအိုနိုင်ငံအပြင် အာဆီယံဒေသတွင်းနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ကမ္ဘောဒီးယားနိုင်ငံမှာလည်း အဖြစ်များတာ တွေ့ရတယ်။

ကမ္ဘောဒီးယားနိုင်ငံမှာ ၂၀၂၂ ခုနှစ်အတွင်းမှာ သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားမှု ၁၂၅၀၀ ရှိတယ်လို့ ကျန်းမာရေးတာဝန်ရှိသူတွေက ပြောပါတယ်။ ဒါဟာ ၂၀၂၁ ခုနှစ်က ကူးစက်ဖြစ်ပွားခဲ့တဲ့ ၁၈၁၁ ခုကနေ တိုးလာတာဖြစ်ပါတယ်။ သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှု မြင့်တက်လာရခြင်းမှာ နိုင်ငံတစ်ဝန်း ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုနဲ့ တစ်နှစ်ပတ်လုံးမိုးရွာသွန်းမှုကြောင့်ဖြစ်တယ်လို့ ကျန်းမာရေးဝန်ကြီးဌာနရှိ ကပ်ပါးဗေဒ၊ ပိုးမွှားဗေဒနဲ့ ငှက်ဖျားရောဂါထိန်းချုပ်ရေး အမျိုးသားဗဟိုဌာနမှ ဒုတိယညွှန်ကြားရေးမှူး လောင်ရီသီယာက ပြောပါတယ်။

### ကလေးငယ် ၁၉ ဦးထက်မနည်းသေဆုံးခဲ့

ဒါ့အပြင် ၂၀၂၁ ခုနှစ်မှာ သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ရှစ်ဦးသာ ရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်မှာ အဲဒီရောဂါကြောင့် ကလေးငယ် ၁၉ ဦးထက်မနည်း သေဆုံးခဲ့တယ်လို့ ပြောပါတယ်။ သွေးလွန်တုပ်ကွေးရောဂါ ကူးစက်မှုနဲ့ သေဆုံးမှုနှုန်း သိသိသာသာမြင့်တက်ခဲ့သော်လည်း သက်ဆိုင်ရာ တာဝန်ရှိသူတွေနဲ့အတူ ဒေသတွင်း အာဏာပိုင်တွေရဲ့ ပူးပေါင်းဆောင်ရွက်မှုကြောင့် အခြေအနေကို ထိန်းချုပ်ထားနိုင်ခဲ့တယ်လို့ ဆိုပါတယ်။

### အေးဒီးစ်ခြင်ကိုက်ခြင်းမှတစ်ဆင့် ကူးစက်

သွေးလွန်တုပ်ကွေးရောဂါဟာနေ့ခင်းဘက်မှာကိုက်တဲ့ အေးဒီးစ်ခြင်ကိုက်ခြင်းမှတစ်ဆင့် ကူးစက်ဖြစ်ပွားတဲ့ ဗိုင်းရပ်စ်ရောဂါဖြစ်တာကြောင့် သွေးလွန်တုပ်ကွေးရောဂါအဖြစ်များတဲ့နေရာမှာ နေထိုင်တဲ့ အိမ်ထောင်စုတွေကို သွေးလွန်တုပ်ကွေးခြင်နှိမ်နင်းရေး အဘိတ်ဆေးကို ဗဟိုဌာနအနေနဲ့ ဆက်လက်ဖြန့်ဖြူးပေးသွားမှာဖြစ်ကြောင်း လောင်ရီသီယာက ပြောပါတယ်။

သွေးလွန်တုပ်ကွေးရောဂါဟာ ခေါင်းကိုက်ခြင်း၊ အဖျားကြီးခြင်း၊ မောပန်းခြင်း၊ ကြွက်သားနဲ့ အဆစ်အမျက်တွေ နာကျင်ခြင်း၊ ဂလင်းတွေ ရောင်ရမ်းခြင်း၊ အော့အန်ခြင်းနဲ့ ယားယံခြင်းတွေအပြင် ပြင်းထန်တဲ့ အဖျားရောဂါအထိ ဖြစ်နိုင်တယ်လို့ ဆိုပါတယ်။ ကမ္ဘောဒီးယားနိုင်ငံရဲ့ သွေးလွန်တုပ်ကွေးရောဂါ အဖြစ်အများဆုံးကာလမှာ မိုးရာသီဖြစ်တဲ့ မေလမှ အောက်တိုဘာလအထိ လို့ သိရပါတယ်။

### ဗီယက်နမ်မှာ သွေးလွန်တုပ်ကွေးကြောင့် သေဆုံးသူ ၁၃၃ ဦးရှိ

လာအိုနိုင်ငံနဲ့ ကမ္ဘောဒီးယားနိုင်ငံတို့အပြင် သွေးလွန်တုပ်ကွေးရောဂါကို နောက်ထပ် အာဆီယံဒေသတွင်း နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဗီယက်နမ်နိုင်ငံမှာလည်း ကူးစက်သေဆုံးမှုများတာ တွေ့ရတယ်။ ဗီယက်နမ်နိုင်ငံမှာ ၂၀၂၂ ခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူပေါင်း ၃၅၄၂၈၂ ဦးအထိ ရှိတယ်လို့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်အရ သိရပါတယ်။ အဲဒီရောဂါကြောင့် သေဆုံးသူအရေအတွက်ကလည်း လာအိုနဲ့ ကမ္ဘောဒီးယားကို ကျော်လွန်ကာ ၁၃၃ ဦးအထိရှိတာ တွေ့ရတယ်။

ဗီယက်နမ်နိုင်ငံရဲ့ သွေးလွန်တုပ်ကွေးရောဂါကူးစက်မှုဟာ ၂၀၂၁ ခုနှစ်နဲ့ နှိုင်းယှဉ်ကြည့်ရင် ငါးဆလောက်အထိ မြင့်တက်လာခဲ့တယ်လို့ ဆိုပါတယ်။ ဒါ့အပြင် သေဆုံးသူ အရေအတွက်ကလည်း ၂၀၂၁ ခုနှစ်မှာ ၁၀၇ ဦးသာ ရှိခဲ့ရာမှာ ၂၀၂၂ ခုနှစ်မှာ ၁၃၃ ဦးအထိ မြင့်တက်လာခဲ့တာ ဖြစ်ပါတယ်။

ဆူဒန်နိုင်ငံမှာလည်း သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၂၆ ဦးရှိတယ်လို့ မကြာသေးမီက ထုတ်ပြန်ထားပါတယ်။ ဆူဒန်ကျန်းမာရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်အရ နိုင်ငံတွင်းရှိ ပြည်နယ်ကိုးခုမှ သေဆုံးသူ ၂၆ ဦး၊ အတည်ပြုရောဂါကူးစက်ခံရတဲ့ လူနာ ၄၆၂ ဦးနဲ့ သံသယလူနာ ၃၄၃၆ ဦးအထိ ရှိတယ်လို့ သိရပါတယ်။ ဒါပေမယ့် ကုလသမဂ္ဂကတော့ အောက်တိုဘာလနောက်ပိုင်း ဆူဒန်နိုင်ငံမှာ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူပေါင်း ၁၀၆၈ ဦး ရှိတယ်လို့ ထုတ်ပြန်ထားပါတယ်။

### ဘင်္ဂလားဒေ့ရှ်မှာ သွေးလွန်တုပ်ကွေးကြောင့် သေဆုံးသူ ၂၁၃ ဦးထက် မနည်းရှိ

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာလည်း ၂၀၂၂ ခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူပေါင်း ၂၁၃ ဦးထက်မနည်းရှိတယ်လို့ ဘင်္ဂလားဒေ့ရှ်အစိုးရ ထုတ်ပြန်ကြေညာချက်အရ သိရပါတယ်။ ဒါ့အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ၂၀၂၂ ခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားသူပေါင်း ၄၉၉၂၂ ဦးရှိပြီး ၄၆၉၂၈ ဦးမှာ ကျန်းမာရေးပြန်လည်ကောင်းမွန်လာခဲ့တယ်လို့ ဆိုပါတယ်။ ၂၀၂၁ ခုနှစ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူပေါင်း ၂၈၄၂၉ ဦးသာရှိခဲ့ပြီး သေဆုံးသူပေါင်းမှာလည်း ၁၀၅ ဦးသာ ရှိတယ်လို့ သိရပါတယ်။ ။

ကိုးကား - ဆင်ဟွာ

> ○ ကမ္ဘောဒီးယားနိုင်ငံမှာ ၂၀၂၂ ခုနှစ်အတွင်းမှာ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု ၁၂၅၀၀ ရှိတယ်လို့ ကျန်းမာရေးတာဝန်ရှိသူတွေက ပြောပါတယ်။ ဒါဟာ ၂၀၂၁ ခုနှစ်က ကူးစက်ဖြစ်ပွားခဲ့တဲ့ ၁၈၁၁ ခုကနေ တိုးလာတာဖြစ်ပါတယ်။ သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှု မြင့်တက်လာရခြင်းမှာ နိုင်ငံတစ်ဝန်း ရာသီဥတု ဖောက်ပြန် ပြောင်းလဲမှုနဲ့ တစ်နှစ်ပတ်လုံး မိုးရွာသွန်းမှုကြောင့်ဖြစ်

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁) ရာခိုင်နှုန်းရှိ

**(၈-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၇-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၈-၁-၂၀၂၃) ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၉၇၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၄၉,၃၉၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၇၁၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၈,၃၅၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၇-၁-၂၀၂၃) ရက်နေ့အထိ အသက်(၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၈၅၆,၅၅၄) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၀၁,၀၃၃) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၇-၁-၂၀၂၃ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၈၅၆,၅၅၄ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၀၁,၀၃၃ |

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အတွက် မြန်မာနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု၊ ရောဂါ နောက်ဆက်တွဲ ပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို ကာကွယ်နိုင်ရန်နှင့် လျှော့ချနိုင်ရန်တို့အတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက် ခံယူကြရန် လိုအပ်ပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေ ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၅၀ | ၁၉၉၅ | ၁၉၉၀ | ၁၉၅၅ | ၁၉၉၅ | ၂၀၁၅ | ၂၀၀၀ | ၁၉၈၀ | ၂၀၇၅ | ၂၀၉၀ | ၁၉၈၅ | ၁၉၉၅ | ၂၀၃၀ | ၂၀၃၀ | ၂၀၃၅ | ၂၂၅၀ | ၂၇၆၀ |
| 95 Ron | ၂၀၂၀ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၀ | ၂၀၆၅ | ၂၀၉၀ | ၂၀၇၅ | ၂၀၅၀ | ၂၁၄၅ | ၂၁၆၀ | ၂၀၆၀ | ၂၀၇၅ | ၂၁၀၀ | ၂၁၀၅ | ၂၁၀၅ | ၂၃၂၅ | ၂၈၄၀ |
| HSD (500 ppm) | ၂၂၀၀ | ၂၂၅၀ | ၂၂၄၅ | ၂၂၁၀ | ၂၂၄၅ | ၂၂၇၀ | ၂၂၆၅ | ၂၂၃၀ | ၂၃၄၅ | ၂၃၄၀ | ၂၂၄၀ | ၂၂၅၀ | ၂၂၈၀ | ၂၂၈၅ | ၂၂၈၅ | ၂၅၀၅ | ၃၃၆၀ |
| HSD (50 ppm) | ၂၂၈၀ | ၂၃၃၀ | ၂၃၂၅ | ၂၂၉၀ | ၂၃၂၅ | ၂၃၅၀ | ၂၃၄၅ | ၂၃၁၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၂၀ | ၂၃၃၀ | ၂၃၆၀ | ၂၃၆၅ | ၂၃၆၅ | ၂၅၈၅ | ၃၃၈၅ |
| HSD (10 ppm) | ၂၂၈၀ | ၂၃၃၀ | ၂၃၂၅ | ၂၂၉၀ | ၂၃၂၅ | ၂၃၅၀ | ၂၃၄၅ | ၂၃၁၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၂၀ | ၂၃၃၀ | ၂၃၆၀ | ၂၃၆၅ | ၂၃၆၅ | ၂၅၈၅ | ၃၃၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၅၂ | ၁၉၂၃ |
| 95 Ron | ၁၉၂၂ | ၁၉၉၄ |
| HSD (500 ppm) | ၂၁၀၁ | ၂၁၇၂ |
| HSD (50 ppm) | ၂၁၇၄ | ၂၂၄၇ |
| HSD (10 ppm) | ၂၁၇၄ | ၂၂၄၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ချိုးဖောက်မှုများတွင် ယာယီတားဝရမ်း၊ ထာဝရတားဝရမ်းနှင့် ယာယီအရေးယူဆောင်ရွက်သည့် အမိန့်ချမှတ်ခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ

— — — ဦးကျော်ကျော်(တရားရေး) — — —

**မူပိုင်ခွင့်အကာအကွယ်ပေးသည့်စနစ်တစ်ရပ် ကျင့်သုံးဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများတိုးတက်လာစေရေး၊ အဆင့်မြင့်နည်းပညာများ လွှဲပြောင်းရယူနိုင်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုနှင့် စီးပွားရေးကဏ္ဍများ မြင့်မားတိုးတက်လာစေရေးတို့ကို အထောက်အကူဖြစ်စေနိုင်မည့်အပြင် စွန့်ဦးတီထွင်သူများ၊ ဖန်တီးသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များစသည့် မူပိုင်ခွင့်ပိုင်ရှင်များ၏ မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေးများကို ဥပဒေနှင့်အညီ ရရှိခံစားစေနိုင်မည်ဖြစ်ပါသည်။**

၂၀၁၉ ခုနှစ်ကတည်းက ပြဋ္ဌာန်းခဲ့သည့် မူပိုင်ခွင့်ဥပဒေ(၄)ရပ်အနက် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကို ယခုအခါ စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီ ဖြစ်သည်။

နိုင်ငံတော်၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် အထောက်အပံ့ဖြစ်စေနိုင်ပြီး ပြည်သူအများ၏ တီထွင်ဖန်တီးနိုင်စွမ်းကို အားပေးမြှင့်တင်စေနိုင်မည့် မူပိုင်ခွင့်စနစ်တစ်ရပ် အကောင်အထည်ဖော်ရန်အတွက် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ တရားစီရင်ထုံးများကို သိရှိနားလည်ထားမှသာလျှင်–

(က) အမှတ်တံဆိပ်ကို အကာအကွယ်ပေးခြင်းအားဖြင့် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊

( ခ ) အမှတ်တံဆိပ်ပိုင်ရှင်နှင့် အခွင့်အရေးရရှိသူတို့၏ အကျိုးစီးပွားကို အကာအကွယ်ပေးနိုင်ရန်၊

( ဂ ) အမှတ်တံဆိပ်တုပမှုနှင့် ကုန်ပစ္စည်းအတုများ ဈေးကွက်သို့ ဝင်ရောက်လာမှုကို ဟန့်တားနိုင်ခြင်းအားဖြင့် မျှတသော ဈေးကွက်ယှဉ်ပြိုင်မှုစနစ်ကို တည်ဆောက်ရန်နှင့် အများပြည်သူအတွက် ဘေးကင်းလုံခြုံသော ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးနိုင်ရန်၊

(ဃ) ဒေသဆိုင်ရာအညွှန်းကို အကာအကွယ်ပေးခြင်းဖြင့် နိုင်ငံတော်မှ ထွက်ရှိသော ဒေသထုတ်ကုန်များ၏ အရည်အသွေးများကို မြှင့်တင်နိုင်ရန်နှင့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ခြင်းဖြင့် ဒေသတွင်းရှိ ပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဟူသော ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်နှင့် ဥပဒေပါစကားရပ်များကို ဦးစွာဖော်ပြရပါလျှင် –

**မူပိုင်ခွင့်(Intellectual Property Rights)** ဆိုသည်မှာ ကိုယ်ပိုင်အသိဉာဏ်ဖြင့်ပြုလုပ်သော တီထွင်ဖန်တီးမှုများကို အကာအကွယ်ပေးရန် ဥပဒေအရပေးအပ်သည့်အခွင့်အရေးကိုဆိုသည်။ ယင်းစကားရပ်တွင် စာပေနှင့် အနုပညာမူပိုင်ခွင့်၊ တီထွင်မှုမူပိုင်ခွင့်၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်နှင့် အခြားသောမူပိုင်ခွင့် အမျိုးအစားများလည်းပါဝင်သည်။ **(ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေပုဒ်မ ၂(ဈ))**

**အမှတ်တံဆိပ်** ဆိုသည်မှာ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုကို အခြားသောကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းများနှင့် ခွဲခြားသိရှိစေနိုင်သော ကိုယ်ပိုင်အမည်နာမများ၊ အက္ခရာများ၊ ကိန်းဂဏန်းများ၊ ပုံဖော်ထားသောအစိတ်အပိုင်းများ၊ အရောင်အသွေးပေါင်းစပ်မှုတို့အပါအဝင် မျက်စိဖြင့် မြင်တွေ့နိုင်သော အမှတ်အသားတစ်ခုခုကိုသော်လည်းကောင်း၊ ယင်းအမှတ်အသားတစ်ခုနှင့်တစ်ခု ပေါင်းစပ်ထားသည့် အမှတ်အသားတစ်ခုခုကိုသော်လည်းကောင်းဆိုသည်။ ယင်းစကားရပ်တွင် ကုန်အမှတ်တံဆိပ်၊ ဝန်ဆောင်မှုအမှတ်တံဆိပ်၊ စုပေါင်းပိုင်အမှတ်တံဆိပ်နှင့် အသိအမှတ်ပြုအမှတ်တံဆိပ်တို့လည်းပါဝင်သည်။ **(ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၂(ည))**

**ကုန်အမှတ်တံဆိပ်**ဆိုသည်မှာ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းတစ်ခု၏ ကုန်ပစ္စည်းများကို အခြားသောလုပ်ငန်းများ၏ ကုန်ပစ္စည်းများမှ ခွဲခြားသိရှိစေနိုင်သော အမှတ်တံဆိပ် တစ်ခုခုကိုဆိုသည်။ **(ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၂(ဋ))**

**ဝန်ဆောင်မှုအမှတ်တံဆိပ်** ဆိုသည်မှာ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းတစ်ခု၏ ဝန်ဆောင်မှုများကို အခြားသောလုပ်ငန်းများ၏ ဝန်ဆောင်မှုများမှ ခွဲခြားသိရှိစေနိုင်သော အမှတ်တံဆိပ်တစ်ခုခုကိုဆိုသည်။ **(ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေပုဒ်မ ၂(ဌ))**

**စုပေါင်းပိုင်အမှတ်တံဆိပ်** ဆိုသည်မှာ စက်မှုလုပ်ငန်းရှင်များ၊ ထုတ်လုပ်သူများ သို့မဟုတ် ကုန်သည်များဖြင့်စုစည်းထားသော အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် လူမှုစီးပွားရေးအဖွဲ့အစည်းများ သို့မဟုတ် သမဝါယမအသင်းကဲ့သို့ စုပေါင်းဖွဲ့စည်းထားသော အဖွဲ့အစည်းကပိုင်ဆိုင်သည့် အမှတ်တံဆိပ်တစ်ခုခုကိုဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါအဖွဲ့အစည်း၏ အဖွဲ့ဝင်များပိုင်ဆိုင်သည့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကို အခြားသောကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများမှ ခွဲခြားသိရှိစေနိုင်သော အမှတ်တံဆိပ်လည်းပါဝင်သည်။ **(ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေပုဒ်မ ၂(ဍ))**

**အသိအမှတ်ပြုအမှတ်တံဆိပ်** ဆိုသည်မှာ အမှတ်တံဆိပ်တစ်ခု၏ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု၏ မူရင်းဒေသ၊ အရည်အသွေး၊ အမျိုးအစားနှင့် အခြားထူးခြားသော အချက်အလက်များနှင့်စပ်လျဉ်း၍ အမှတ်တံဆိပ်ပိုင်ရှင်က ယင်း၏ ထိန်းချုပ်မှုဖြင့် အသုံးပြုခွင့်ရှိကြောင်း အသိအမှတ်ပြုသည့် အမှတ်တံဆိပ်တစ်ခုခုကိုဆိုသည်။ **(ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၂(ဎ))**

> ❖ **ယာယီတားဝရမ်း ထုတ်ပေးသင့် မသင့် စဉ်းစားရန် မူပိုင်တံဆိပ်ကိစ္စ၊ ဆင်တူယိုးမှားတုပခြင်းတို့ကို ကြိုတင်၍ ဆုံးဖြတ်ရန်မလိုပေ။ တရားလိုစွဲဆိုသည့် အမှုသည် အခြေအမြစ် ရှိ မရှိကိုသာ စဉ်းစားဆင်ခြင်ရန်လိုပေသည်။ ယခုအမှုတွင် တရားပြိုင်သည် ဆင်တူယိုးမှားကုန်အမှတ်တံဆိပ်ဖြင့် တရားလို၏ ကုန်အမှတ်တံဆိပ်ကိုတုပပြီး ဆေးသနပ်ခါးများ ထုတ်လုပ်ရောင်းချနေသည်ဟု အမြင်အားဖြင့် ယူဆနိုင်အောင် တရားပြိုင်အသုံးပြုသည့် မေးခွန်းစာရွက်၊ ဆေးသနပ်ခါးထည့်၍ ရောင်းချသော ဂျပ်ဘူးပါ အမှတ် တံဆိပ်၊ ပလတ်စတစ်ဘူးတို့ကို တရားလိုအသုံးပြုသည့် ပစ္စည်းများနှင့် နှိုင်းယှဉ်တင်ပြထားသည်ဖြစ်ရာ. . .**

**ဒေသဆိုင်ရာအညွှန်း** ဆိုသည်မှာ မူရင်းဒေသကို အထူးဖော်ညွှန်းသော အရည်အသွေး၊ ထင်ပေါ်ကျော်ကြားမှု သို့မဟုတ် အခြားထူးခြားသော ဝိသေသလက္ခဏာများပါရှိသည့် ကုန်ပစ္စည်းထွက်ရှိရာနိုင်ငံ၊ နယ်မြေ သို့မဟုတ် ဒေသမှ မူလထွက်ရှိသော ကုန်ပစ္စည်းဖြစ်ကြောင်း ညွှန်းပြချက်တစ်ခုခုကိုဆိုသည်။ **(ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေပုဒ်မ ၂(ဏ))**

**ကျော်ကြားသောအမှတ်တံဆိပ်** ဆိုသည်မှာ သတ်မှတ်ထားသော စံနှင့်အညီ နိုင်ငံတော်တွင် လူသိများပြီး ကျော်ကြားသောအမှတ်တံဆိပ်တစ်ခုခုကိုဆိုသည်။ **(ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၂(တ))**

**ကုန်သွယ်မှုအမည်** ဆိုသည်မှာ ကုန်သွယ်မှုလုပ်ငန်းတစ်ရပ်နှင့် တစ်ရပ် ခွဲခြားသိရှိနိုင်ရန်ဖော်ပြသော အမည် သို့မဟုတ် သတ်မှတ်ချက်ကိုဆိုသည်။ **(ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၂(ထ))**

**အမှတ်တံဆိပ်ပိုင်ရှင်** ဆိုသည်မှာ ဦးစီးဌာန၏ မှတ်ပုံတင်စာရင်းတွင် မှတ်ပုံတင်အမှတ်တံဆိပ်ပိုင်ရှင်အဖြစ် အသိအမှတ်ပြုမှတ်တမ်းတင်ခြင်းခံရသည့်ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဆိုသည်။ **(ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၂(ဒ))**

**အခွင့်အရေးရရှိသူ** ဆိုသည်မှာ အမှတ်တံဆိပ်ပိုင်ရှင်၊ ကျော်ကြားသောအမှတ်တံဆိပ်ပိုင်ရှင်၊ ဒေသဆိုင်ရာ အညွှန်းပိုင်ရှင်၊ ကုန်သွယ်မှုအမည်ပိုင်ရှင်၊ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးကိုလွှဲပြောင်းပေးခြင်းခံရသူ သို့မဟုတ် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းခံရသူအဖြစ် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးရရှိသည့် လူပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခုခုကို ဆိုသည်။ **(ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၂(ဓ))**

### အသုံးပြုခြင်းဖြင့် တံဆိပ်နှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ခွင့်(သို့မဟုတ်) အခွင့်အရေးရရှိခြင်း

တစ်ဦးတစ်ယောက်သောသူ၏ ထုတ်လုပ်သော ကုန်စည်ဖြစ်ကြောင်းကိုသော်လည်းကောင်း၊ အရောင်းအဝယ်ကုန်စည်ဖြစ်ကြောင်းကိုသော်လည်းကောင်း၊ ဖော်ပြရန်အသုံးပြုသော အမှတ်အသားကို ကုန်အမှတ်တံဆိပ်ဟုခေါ်သည်။ ကုန်အမှတ်တံဆိပ်ဟူသည် ဈေးကွက်တွင် ရောင်းချသောကုန်စည်များကို အခြားအလားတူ ကုန်စည်များနှင့် ခွဲခြားနိုင်ရန်လည်းကောင်း၊ တစ်ဦးတစ်ယောက်သော ပိုင်ရှင်နှင့် ဆက်စပ်မိစေရန် သို့မဟုတ် ကုန်စည်များအပေါ်တွင် ကပ်ထားသော သင်္ကေတ၊ အမှတ်တံဆိပ် (brand)၊ ခေါင်းစီး (Leading) အစရှိသည်များ၊ ၎င်းတို့အား စုပေါင်းထားချက်များ ပါဝင်သည်။ မြန်မာနိုင်ငံတွင် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်နှင့် စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းချက်မရှိပေ။ သို့ရာတွင် အသုံးပြုခြင်းဖြင့် တံဆိပ်နှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ခွင့် (သို့မဟုတ်) အခွင့်အရေးရရှိနိုင်သည်။ **( ဦးကျော်နှင့် ဦးဘအေး၊ ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ–၁၈၇)**

### ကုန်အမှတ်တံဆိပ် အတုပြုလုပ်ခြင်း

တရားလိုတို့သည် တောင်ကြီးမောက်မယ်ဘူး ကုန်အမှတ်တံဆိပ်ကို ၁၉၉၄ ခုနှစ်မှစ၍ အသုံးပြုခဲ့သဖြင့် ထိုကုန်အမှတ်တံဆိပ်နှင့် စပ်လျဉ်း၍ မူပိုင်ခွင့်ကို ၁၉၉၄ ခုနှစ်မှစ၍ ရရှိနိုင်သည်ဟုဆိုနိုင်သည်။ ထို့ကြောင့် တရားပြိုင်သည် တောင်ကြီးမောက်မယ် ကုန်အမှတ်တံဆိပ်ကိုထုတ်၍ ရောင်းချခွင့်မရှိပေ။ အတုပြုလုပ်သည်ဆိုရာတွင် အရာဝတ္ထု၏ ပုံသဏ္ဌာန်ထပ်တူထပ်မျှ တူရန်မလိုပေ။ မှားလောက်အောင် ဆင်တူယိုးမှားဖြစ်လျှင် လုံလောက်အကျုံးဝင်သည်ဟု ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၈ တွင် ပြဋ္ဌာန်းထားသည်။ တုပမှုဖြစ်စေရန်အတွက် တံဆိပ်အစစ်နှင့် အတုသည် အသေးစိတ်အချက်အလက်အားလုံး ထပ်တူ တူညီရန်မလို၊ အဆိုပါ တံဆိပ်နှစ်ခုတူနေခြင်းသည် အချင်းဖြစ် ကုန်ပစ္စည်းများကို ရောင်းချရန် ရည်စူးသော လူများအား လှည့်ဖြားရန် စီမံပြုလုပ်ထားသည်ဟုသဘောရရှိလျှင် တုပမှုဖြစ်ရန် ဥပဒေအရလုံလောက်ကြောင်း ဂေါ်ရှမ်းဆွတ်နှင့် အီးဒီမဒါးဘရားသာစ်အမှု၊ ၁၉၅၂ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၁၃၆ တွင် ပြဆိုထားသည်။ ကုန်အမှတ်တံဆိပ်ကို အတုပြုလုပ်ရာ၌ ကုန်အမှတ်တံဆိပ်အချင်းချင်းသည် ထပ်တူထပ်မျှတူညီရန်မလို။ အမှတ်တံဆိပ်နှစ်ခုကို ယှဉ်၍ ကြည့်ရှုလျှင် အနည်းငယ်ကွဲပြားချက်များရှိသော်လည်း တစ်ခုနှင့်တစ်ခု ဆင်တူယိုးမှားဖြစ်လောက်အောင် ဆင်တူမှုရှိလျှင် အတုပြုလုပ်ခြင်းမြောက်သည်။ **(ဦးတင်လတ် (ခ) ဦးစိုင်းလတ်ပါ၂ နှင့် ဦးကျော်ငြိမ်း၊ ၂၀၀၁ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ– ၂၁၆ / ဦးမောင်မောင်(ခ)အလီဘိုနှင့် ဒေါ်ခင်သန်းမြင့်အမှု၊ ၁၉၇၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ–၇၂)**

တရားမကျင့်ထုံးဥပဒေအမိန့် ၃၉ အရထုတ်သော ယာယီတားဝရမ်းနှင့် သီးခြားသက်သာခွင့်အက်ဥပဒေအရ ထုတ်သော အမြဲတားဝရမ်းမှာ အခြေခံအားဖြင့် တစ်သဘောတည်းပင်ဖြစ်သည်။ **(နူးအားမက်နှင့် ဦးထွန်းမောင် အမှု၊ ၁၉၆၂ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ–၄၃)**

### ယာယီတားဝရမ်း

တရားလိုစွဲဆိုသောအမှုသည် အခြေအမြစ်ရှိပါက ထာဝရတားဝရမ်း မထုတ်ပေးမီ အမှုအတောအတွင်း ယာယီတားဝရမ်းကို ထုတ်ပေးသည့် သာဓကရှိသည်။ ယာယီတားဝရမ်း ထုတ်ပေးသင့် မသင့် စဉ်းစားရန် မူပိုင်တံဆိပ်ကိစ္စ၊ ဆင်တူယိုးမှားတုပခြင်းတို့ကို ကြိုတင်၍ ဆုံးဖြတ်ရန်မလိုပေ။ တရားလိုစွဲဆိုသည့် အမှုသည် အခြေအမြစ် ရှိ မရှိကိုသာ စဉ်းစားဆင်ခြင်ရန်လိုပေသည်။ ယခုအမှုတွင် တရားပြိုင်သည်

*စာမျက်နှာ ၁၇ သို့*

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာပြခန်းများနှင့် ဂုဏ်ပြုယာဉ်များ ခင်းကျင်းပြသထားမှု ဓာတ်ပုံမြင်ကွင်း



ဂုဏ်ပြုယာဉ်များ ခင်းကျင်းပြသထားမှုကို ကြည့်ရှုလေ့လာကြသူများဖြင့် စည်ကားစွာတွေ့ရစဉ်။



ပြည်ထဲရေးဝန်ကြီးဌာနပြခန်း၌ ကြည့်ရှုလေ့လာကြသူများ။

ပြန်ကြားရေးဝန်ကြီးဌာနပြခန်း၌ ကြည့်ရှုလေ့လာကြသူများ။





သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနပြခန်း၌ ရုပ်သေးကြိုးဆွဲဖျော်ဖြေမှုကို ကြည့်ရှုကြသူများ။



တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကဖြင့် ဖျော်ဖြေမှုကို ကြည့်ရှုကြသူများ။

ဓာတ်ပုံ - ဇော်ဦး



ရှမ်းပြည်နယ်ပြခန်း၌ အာခါတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကဖြင့် ဖျော်ဖြေမှုကို ကြည့်ရှုကြသူများ။

*စာမျက်နှာ ၁၆ မှ*

ဆင်တူယိုးမှားကုန်အမှတ်တံဆိပ်ဖြင့် တရားလို၏ ကုန်အမှတ်တံဆိပ်ကိုတုပပြီး ဆေးသနပ်ခါးများ ထုတ်လုပ်ရောင်းချနေသည်ဟု အမြင်အားဖြင့် ယူဆနိုင်အောင် တရားပြိုင်အသုံးပြုသည့် မေးခွန်းစာရွက်၊ ဆေးသနပ်ခါးထည့်၍ ရောင်းချသော ဂျပ်ဘူးပါ အမှတ်တံဆိပ်၊ ပလတ်စတစ်ဘူးတို့ကို တရားလိုအသုံးပြုသည့် ပစ္စည်းများနှင့် နှိုင်းယှဉ်တင်ပြထားသည်ဖြစ်ရာ တရားလိုစွဲဆိုသော အမှုသည် အခြေအမြစ်ရှိကြောင်းပေါ်ပေါက်၍ ယာယီတားဝရမ်းထုတ်ဆင့်ပေးသင့်ပေသည်။ **(ဦးတင်လတ်(ခ) ဦးစိုင်းလတ်ပါ၂ နှင့် ဦးကျော်ငြိမ်း၊ ၂၀၁၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ-၂၁၆)**

## ထာဝရတားဝရမ်း

သီးခြားသက်သာခွင့်အက်ဥပဒေ ပုဒ်မ ၅၄ ပါပြဋ္ဌာန်းချက်အရ ဆိုလျှင် တရားပြိုင်သည် ပစ္စည်း၌ တရားလို၏ အခွင့်အရေးကိုဖြစ်စေ၊ တရားလို၏ပစ္စည်းခံစားခွင့်ကိုဖြစ်စေ၊ ထိပါးလျှင်သော်လည်းကောင်း တရားရုံးက (က) တရားပြိုင်သည် တရားလိုအတွက် ပစ္စည်းကိုယုံကြည်အပ်နှံခံရသူဖြစ်ခြင်း၊ (ခ) ထိပါးခြင်းကြောင့်ဖြစ်သော သို့မဟုတ် ဖြစ်စေတန်ရာသော အမှန်တကယ်ပျက်စီးနစ်နာမှုကို သိသာစေသည့် စံနှုန်းမရှိခြင်း၊ (ဂ) ငွေကြေးပေးလျော်စေခြင်းသည် လုံလောက်သော သက်သာခွင့် ဖြစ်မည်မဟုတ်သော ထိပါးမှုဖြစ်ခြင်း၊ (ဃ) ထိပါးခြင်းအတွက် ငွေကြေးဖြင့် လျော်ကြေးရနိုင်ဖွယ်ရာမရှိခြင်း၊ (င) တရားစီရင်ရေးမှုခင်းများ ပွားများခြင်းကို ပိတ်ပင်ရန်အလို့ငှာ တားဝရမ်းထုတ်ဆင့်ရန်လိုအပ်ခြင်း ဟူသောကိစ္စများတွင် ထာဝရတားဝရမ်းခွင့်ပြုနိုင်သည်။ သို့ဖြစ်ရာ ထာဝရတားဝရမ်း၏ သဘောသဘာဝမှာ တရားပြိုင်အား သတ်မှတ်ထားသောအမှုကိစ္စကို မပြုလုပ်စေရန် အစဉ်အမြဲရှောင်ကြဉ်ရန် တားဆီးပိတ်ပင်ခြင်းဖြစ်သည်။ **(ဦးဂဟာရစ်ခန်ဒရာပါနှင့် ဒေါ်နီသား(ခ)ဒေါ်လှလှတင်ပါ ၆၊ ၂၀၁၁ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ-၁၃၄)**

ထာဝရတားဝရမ်းထုတ်ပေးရန် တောင်းခံသည့်အမှုတွင် အမှု၏ ကနဦးအဆင့်၌ ယာယီတားဝရမ်းထုတ်ပေးရန် သင့် မသင့် စဉ်းစားရာ၌ တရားရုံးရှေ့မှောက်ရှိ အကြောင်းအရာအရ တောင်းဆိုသည့် သက်သာခွင့်ကိုရခွင့်ရှိကြောင်း ဖြစ်ဟန်လက္ခဏာ (Probability) ရှိခြင်း၊ တစ်နည်းအားဖြင့် တရားစွဲဆိုသည့်အမှုတွင် သာမန်အားဖြင့် မြင်သာသည့် အခြေ (Prima Facie) ရှိခြင်းတို့ကို တရားလိုက ထင်ရှားပြသရန်လိုပေသည်။ ရေရာသေချာသည့်အခြေအနေ ရှိ မရှိ သေချာစွာ မစိစစ်ဘဲ ယာယီတားဝရမ်းကို ပေါ့ပေါ့လွယ်လွယ်ထုတ်ပေးလျှင် ထာဝရတားဝရမ်းကို ကြိုတင်ထုတ်ပေးသည့်သဘော သက်ရောက်စေနိုင်သကဲ့သို့ ယာယီတားဝရမ်းထုတ်ပေးသင့်ပါလျက် ထုတ်ပေးခြင်း မပြုလျှင် တရားလို၏ နစ်နာမှုကို အကာအကွယ်ပေးရန်ပျက်ကွက်ရာ ရောက်ပေလိမ့်မည်။ အယူခံတရားလိုစွဲဆိုသော အမှုသည် သာမန်အမြင်အားဖြင့် အခြေခံ (Prima Facie) ရှိဖို့လိုသည်။ **(ဦးထွန်းမြင့်နှင့် ဦးသက်ရှည်အမှု၊ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး၊ စာမျက်နှာ-၇၄)**

ကုန်အမှတ်တံဆိပ်နှင့်စပ်လျဉ်း၍ အငြင်းပွားလျက်ရှိရာ အယူခံတရားပြိုင်က အယူခံတရားလိုကုမ္ပဏီ၏မြင်းခွာပုံသဏ္ဌာန် ကုန်အမှတ်တံဆိပ်ကိုတုပပြီး ရောင်းချနေကြောင်း အမြင်အားဖြင့် ယူဆနိုင်အောင် တင်ပြနိုင်ခြင်းမရှိသေးသည့် အခြေအနေတွင် အယူခံတရားလို စွဲဆိုသောအမှုသည် အခြေအမြစ်ရှိသည်ဟုဆိုနိုင်မည်မဟုတ်ပေ။ **(E.S.W.C Company နှင့် ဦးသန်းဝင်း)၊ ၂၀၀၅ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး၊ စာမျက်နှာ-၆၄၊ ၆၅))**

## ယာယီအရေးယူဆောင်ရွက်သည့်အမိန့်

မူပိုင်ခွင့်တရားရုံးသည် အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်မှုများနှင့်စပ်လျဉ်း၍ ပုဒ်မ ၇၇၊ ပုဒ်မခွဲ(က) အရ လျှောက်ထားလာပါက တရားမကြောင်းအရ ကုစားဆောင်ရွက်ရန် အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ခြင်းကို ကာကွယ်တားဆီးရန်နှင့် အကောက်ခွန်ဦးစီးဌာနတွင် ကျသင့်ခွန် အရပ်ရပ်ပေးဆောင်၍ ရှင်းလင်းထုတ်ယူပြီးသည့် သွင်းကုန်ပစ္စည်းများအပါအဝင် အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်သည့် ကုန်ပစ္စည်းများ နိုင်ငံတော်၏ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ ဝင်ရောက်လာခြင်းကို တားဆီးသင့်သည် ထင်မြင်သည့် ယာယီအရေးယူဆောင်ရွက်သည့် အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက် ပို၍ဖြစ်စေ ချမှတ်နိုင်သည်။ **(ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၇၉(က)(၁))**

## ထိရောက်သောတားဝရမ်းများ

ယခုအခါ အင်တာနက်ဝန်ဆောင်မှုပေးသူများက မူပိုင်ခွင့်ချိုးဖောက်ခြင်းကို တားဆီးရန် Dynamic Injunction ခေါ် ထိရောက်သော တားဝရမ်းများကိုလည်း အသုံးပြုနေကြပြီဖြစ်ပါသည်။ အင်တာနက်ပေါ်တွင် ကျူးလွန်သော မူပိုင်ခွင့်ချိုးဖောက်မှုများကို တားဆီးရန်အတွက် ထိရောက်သောတားဝရမ်းများ ချမှတ်ဆောင်ရွက်နိုင်ရန် နည်းပညာဖြင့် ပံ့ပိုးကူညီပေးနိုင်သည့်ဥပဒေများကို ပြဋ္ဌာန်းကျင့်သုံးလာကြပြီလည်းဖြစ်ပါသည်။

သို့ပါ၍ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် သိပ္ပံနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတို့တွင် မူပိုင်ခွင့်ကဏ္ဍမှာ ပိုမိုအရေးပါလာသဖြင့် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေပါပြဋ္ဌာန်းချက်များ၊ ယာယီတားဝရမ်း၊ ထာဝရတားဝရမ်း၊ ယာယီအရေးယူဆောင်ရွက်သည့် အမိန့်၊ နည်းပညာသုံးထိရောက်သော တားဝရမ်းများ၊ မူပိုင်ခွင့်နှင့်သက်ဆိုင်သည့် စီရင်ထုံးများ၊ အပြည်ပြည်ဆိုင်ရာတွင် ကျင့်သုံးဆောင်ရွက်နေမှုများကို စုဆောင်းတင်ပြအပ်ပါသည်။ ။



ပျော်ရွှင်လေ့လာအင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ အရင်အပတ်က ဖော်ပြခဲ့တဲ့ The Correct Use of Tenses (ကာလအပိုင်းအခြားများကို မှန်မှန်ကန်ကန်အသုံးပြုခြင်း) နဲ့ပတ်သက်ပြီး Simple Future Tense (ရိုးရိုးအနာဂတ်ကာလ) အကြောင်း လွယ်ကူရိုးရှင်းစွာဖော်ပြလိုက်ပြီး ပိုမိုကျွမ်းကျွမ်းကျင်ကျင်ဖြစ်စေဖို့ နမူနာဝါကျများနဲ့ အားဖြည့်ထားပါတယ်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း "Shortest way to talk about What do you want to do after you graduate" ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာဖော်ပြပေးလိုက်ပါတယ်။ Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အီဒီယံအသုံးအနှုန်းတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ် လေ့လာဖတ်ရှုကြဖို့တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ Simple Future Tense (အနာဂတ်ကာလ) အကြောင်းကို နမူနာဝါကျများဖြင့် လွယ်ကူရိုးရှင်းစွာ ဖော်ပြလိုက်ပါတယ်။

**Simple Future Tense (အနာဂတ်ကာလ)**


The simple future tense is used to show future action. We use 'shall' with 'I' and 'We', and 'will' with other nouns and pronouns.

အနာဂတ်ကာလတွင် ပြုလုပ်မည့် ဆောင်ရွက်ချက်ကို ဖော်ပြချင်သောအခါ အနာဂတ်ကာလကို သုံးရမည်။ 'Shall' ကို 'I' နှင့် 'We' တို့နှင့် သုံးရမည်။ 'Will' ကို တခြား 'nouns' များနှင့် 'pronouns' များနှင့် သုံးရမည်။ ဥပမာ –

- I **shall come** again **tomorrow**.
- We **shall meet** you there **tonight**.
- He **will finish** the work in **an hour**.
- They **will sing** in the concert **next week**.
- I **shall write** to you **soon**.
- He **will come** to your birthday.
- Hurry up! You **will be** late for school.

အနာဂတ်အချိန်ကို ဖော်ပြသောစကားလုံးများဖြစ်သည့်

- Tomorrow (မနက်ဖြန်)
- Tonight (ဒီည)
- in an hour (တစ်နာရီအတွင်း)
- next week (နောက်တစ်ပတ်)
- soon (မကြာမီ)
- coming Sunday (လာမည့်တနင်္ဂနွေနေ့)
- this afternoon (ဒီနေ့မွန်းလွဲ)
- tomorrow evening (မနက်ဖြန်ညနေ) စသည့် စကားလုံးများပါလျှင် Simple Future Tense ကို သုံးရမည်။




**More examples of Simple Future Tense**

- Please wait. My father will come in ten minutes.
- We shall play soccer this afternoon.
- They will go to Mandalay soon.
- My uncle will return from Yangon next Sunday.
- We all shall die one day.

**Positive and Negative Forms of Simple Future Tense**

| Subject | will/ shall | Infinitive |
|---|---|---|
| I/we/You/ They/He/ She/It | will ('ll)/ will not (won't) | be/win/eat/come etc. |
| I/We | shall / shall not (shan't) | be/win/eat/come etc. |

**Question Form of Simple Future Tense**

| Will/Shall | Subject | Infinitive? |
|---|---|---|
| Will | I/we/you/they/he/she/it | be/win/eat/come? etc. |
| Shall | I/we | be/win/eat/come? etc. |

**ယခင်အပတ်လေ့ကျင့်ခန်းမှ အဖြေများ**

**Exercise (1) မှ အဖြေများ**

1. He'd been working hard all day.
2. They'd been playing football.
3. I'd been looking forward to it.
4. She'd been having a bad dream.
5. He'd been watching a film.

**Exercise (2) မှ အဖြေများ**

1. We'd been playing/ it started
2. I'd been waiting/ I realised (that) I was in
3. went/ had been working (or) had worked
4. had been playing/ started
5. I'd been walking for about ten minutes when a car suddenly stopped just behind me.

**Exercise (3) မှ အဖြေများ**

1. were having
2. We'd been travelling
3. He was looking
4. She'd been running
5. He was walking

**Exercise (4) မှ အဖြေများ**

1. He said that he had been learning how to swim.
2. She said that she had been weeding her garden.
3. They said that they had been playing in the rain.
4. She said that she had been sewing a dress.
5. He said that the monkey had been eating peanuts.

## VOCABULARY (IDIOMS)

1. **to make a day of it**
   **(တစ်နေ့ကုန်တစ်နေ့ခန်း (ပျော်) ကြသည်။)**
   **We took a picnic lunch and made a day of it.**
2. **to win the day (အောင်မြင်အနိုင်ရသည်။)**
   **People who persist will finally win the day.**
3. **dead broke (ခြူး (ပိုက်ဆံ) တစ်ပြားတောင်မရှိသော။)**
   **I've been dead broke for a month now.**
4. **die hard (ဖျောက်ရခက်သည်။)**
   **Old habits die hard.**
5. **to be a dog in a manger (ကောက်ရိုးပုံစောင့်ခွေး)**
   **Don't be such a dog in the manger!**

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။*
*နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about "What do you want to do after you graduate?"

**ဒီတစ်ပတ်မှာတော့ What do you want to do after you graduate? ဘွဲ့ရပြီး ဘာလုပ်မလဲဆိုတဲ့ အကြောင်းနဲ့ပတ်သက်ပြီး ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းထားသလဲဆိုတာတွေကို "Shortest way to talk about "What do you want to do after you graduate?" ဆိုပြီးဖော်ပြလိုက်ပါတယ်။**

Wh + will + Sub + Vinf

၁။ ရှေ့အနာဂတ်မှာ လုပ်မယ့်အကြောင်းအရာတွေကို မေးခွန်းထုတ်တဲ့အခါ အထက်မှာဖော်ပြထားတဲ့ မေးခွန်းပုံစံနဲ့အတူ အနာဂတ်ကာလပြကာလကို သုံးနိုင်ပါတယ်။ ဥပမာ –

- မင်းမနက်ဖြန် ဘာလုပ်မလဲ?
  What will you do tomorrow?
- မင်းဘွဲ့ရပြီးရင် ဘာလုပ်မလဲ?
  What will you do after you graduate?
- မင်းရှေ့နှစ်မှာ ဘယ်သွားမလဲ?
  When will you go next year?
  When will you graduate?

will + Vinf

၂။ အနာဂတ်ကာလမှာ ကိုယ်တစ်ခုခု လုပ်မယ်၊ သွားမယ်၊ စားမယ်စသည်ဖြင့် ဖော်ပြပြောဆိုလိုတဲ့အခါ will + Vinf ကိုသုံးနိုင်ပါတယ်။ ဥပမာ –

- I will read a newspaper tomorrow.
- My mother will buy a packet of biscuits for me next week.
- I will graduate next semester.

I'm not sure …

၃။ တစ်ခုခုကို သေချာမသိတာ၊ သိပ်မကျိန်းသေတဲ့အခါမှာ ပြောလေ့ရှိတဲ့ စကားပြောပုံစံတစ်ခုကတော့ I'm not sure … ပဲ ဖြစ်ပါတယ်။ ဥပမာ –

- I'm not sure if she will marry me.
- I'm not sure if that's correct.
- I'm not sure I'm adult yet.
- I'm not sure I agree with abortion.
- **John**: What will you do after you graduate?
- **Rebecca**: I'm not sure yet. It depends.




**Conversation**

**What do you want to do after you graduate?**

John: Do you study?
Rebecca: Yes, I study at the university.
John: What subject do you study?
Rebecca: I'm studying marketing.
John: Ok, when will you graduate?
Rebecca: I will graduate next semester.
John: Will you continue to study your master's degree?
Rebecca: No. Not yet.
John: What will you do after you graduate?
Rebecca: I'm not sure yet. It depends.
John: Depends on what?
Rebecca: It depends on what kinds of job offers I get.
John: What do you mean?
Rebecca: Well, If I get a job that provides opportunity, I will take it.
John: What other jobs have you applied for?
Rebecca: Oh, I've made many applications to all kinds of companies.
John: What kinds of companies did you apply to?
Rebecca: Hotels, factories, import companies.
John: What if you get a job far away from home?
Rebecca: I would rather stay close to my family.
John: What will you do if you cannot find a job?
Rebecca: I cannot find a job; I will stay in school and study for a master's degree.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေဖို့ ကုန်ထုတ်လုပ်မှုစွမ်းအား မြှင့်တင်စို့

**ကမ္ဘာတစ်ဝန်းရှိဒေသများအားလုံးသည် ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အကြား ပျမ်းမျှအားဖြင့် လူသားဖွံ့ဖြိုးမှုတိုးတက်လာသော်လည်း လူဦးရေ ၁ ဒသမ ၅ ဘီလီယံနီးပါးတို့မှာ ကျန်းမာရေး၊ ပညာရေးနှင့် လူနေမှုအဆင့်အတန်းတို့တွင် နိမ့်ကျနေခြင်းနှင့်အတူ ဆင်းရဲနွမ်းပါးမှုအခြေအနေ အမျိုးမျိုးအောက်တွင် နေထိုင်ကြရသည်။**

**အောင်ထက်လင်း (ကြိမ်ချောင်း)**

ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအားလုံးက ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးမှု၏ အသီးအပွင့်များကို ညီမျှစွာ ရရှိခံစားနိုင်ရေးအတွက် ဆင်းရဲမွဲတေမှုပပျောက်ရန်၊ ကမ္ဘာမြေကို ကာကွယ်စောင့်ရှောက်ရန်နှင့် လူအများငြိမ်းချမ်းမှုနှင့် သာယာဝပြောမှုရရှိစေရန်အတွက် ထောင်စုနှစ် ရည်မှန်းချက်ပန်းတိုင်များ လုပ်ဆောင်ရန် ၂၀၁၅ ခုနှစ်တွင် ထောင်စုနှစ် ကြေညာစာတမ်းကို စတင်ကြေညာကျင့်သုံးခဲ့သည်။

**စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု**

ယင်းကြေညာစာတမ်းတွင် ပန်းတိုင် ၁၇ ခုရှိကာ ၎င်းကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များ (SDGs) သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက်များဟု လူသိများသည်။ နိုင်ငံတိုင်း၏ မဟာဗျူဟာ ရည်မှန်းချက်တစ်ရပ်မှာ မိမိတို့နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးပင်ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအပါအဝင် ဖွံ့ဖြိုးမှုနိမ့်ကျသော နိုင်ငံများသည် မိမိတို့နိုင်ငံကို ဆင်းရဲမွဲတေမှု သံသရာမှလွတ်မြောက်ရန် နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးပမ်းအားထုတ်လေ့ရှိသကဲ့သို့ ဖွံ့ဖြိုးပြီးနိုင်ငံများသည်လည်း ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ် စဉ်ဆက်မပြတ် ရှိနေစေရေးအတွက် ကြိုးစားနေကြသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။ မျက်မှောက်ကာလတွင် နိုင်ငံတိုင်းသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development)ကို အလေးထား လုပ်ဆောင်လာရသည်။

အဆိုပါ ရည်မှန်းချက်ပန်းတိုင်များကို ၁၅ နှစ်အတွင်း အကောင်အထည်ဖော် လုပ်ဆောင်သွားရန် သတ်မှတ်ခဲ့သော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံ အများစုသည် ပန်းတိုင်များကို ဖော်ဆောင်ရာတွင် အခက်အခဲများစွာ ကြုံတွေ့ခဲ့ရသဖြင့် လုပ်ငန်းအများစုသည် မပြီးပြတ်ဘဲ ကျန်ရှိနေခဲ့သည်။ ၂၀၁၅ ခုနှစ် စက်တင်ဘာလကုန်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ အထွေထွေညီလာခံမှ ပို၍အသေးစိတ်ကျကာ ပြီးပြည့်စုံသည့် လုပ်ငန်းအစီအစဉ်အဖြစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များကို အကောင်အထည်ဖော်သွားရန် အတည်ပြုခဲ့ကြသည်။ ပန်းတိုင်များသည် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်၍ ၂၀၃၀ ပြည့်နှစ်အထိ ၁၅ နှစ်ကြာအောင် အကောင်အထည်ဖော်သွားမည့် ကာလရှည် ဖွံ့ဖြိုးရေးလုပ်ငန်းရပ်များဖြစ်သည်။ ကိုဗစ်ရောဂါကြောင့် ကမ္ဘာတစ်ဝန်းရှိ စီးပွားရေးလုပ်ငန်းများ နာလန်ထူရန် နှစ်အတန်ကြာ အချိန်ယူရမည်ဖြစ်ကြောင်းနှင့် အာရှဒေသ စီးပွားရေး တိုးတက်မှုသည် နိုင်ငံများ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို တုံ့ဆိုင်းသွားစေနိုင်သည့် အကြောင်းရင်းခံများဖြစ်သည်။ ကိုဗစ်ကူးစက်ရောဂါ ပျံ့နှံ့မှု၏ နောက်ဆက်တွဲ စီးပွားရေး အကျပ်အတည်းသည် အလုပ်လက်မဲ့များ၊ ဆင်းရဲနွမ်းပါးမှုများဖြစ်ပေါ်စေကာ ကျန်းမာရေး၊ အာဟာရ မပြည့်ဝမှု၊ ရိက္ခာမဖူလုံမှုများကြောင့် နိုင်ငံများ၏ ဖွံ့ဖြိုးမှု ပန်းတိုင်များအတွက် အဟန့်အတားများ ဖြစ်ပေါ်စေခဲ့သည်။

**နှစ်အလိုက် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ မြှင့်တင်ရေး**

မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ၆၃၀၀၀ ကျော်ရှိသည့်အနက် နိုင်ငံတော်၏ ဘတ်ဂျက်အခြေအနေအရ တစ်နိုင်ငံလုံး တစ်ပြိုင်တည်းဆောင်ရွက်၍ မရနိုင်သဖြင့် နှစ်အလိုက် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ မြှင့်တင်ရေးကို ဦးစားပေးရွေးချယ် ဆောင်ရွက်သွားရမည်ဖြစ်သည်။ ဒေသ၏ ကုန်ကြမ်းရရှိနိုင်မှုအပေါ်မူတည်၍ ကျေးရွာတစ်ရွာချင်း ကုန်ပစ္စည်းတစ်မျိုးကို ကျွမ်းကျင်သူအများစုက အရေအတွက်များစွာ ထုတ်လုပ်သည့်လုပ်ငန်းများ၊ ကျေးရွာများကို ဦးစားပေးရွေးချယ်ရမည်ဖြစ်သည်။ နိုင်ငံတော်က နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေအဖြစ် ကျပ်ဘီလီယံ ၄၀၀ လျာထားသတ်မှတ်၍ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့များသို့ မတည်ထောက်ပံ့ငွေ ထုတ်ပေးဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသည်။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ထုတ်ကုန်များအတွက် ကုန်ကြမ်းရရှိနိုင်မှု အရေးကြီးသကဲ့သို့ ယင်းကုန်ကြမ်းများကို ကုန်ချောအဖြစ် ထုတ်လုပ်ရာတွင် ထုတ်လုပ်မှုလုပ်ငန်းစဉ် အဆင့်ဆင့်အတွက် ကုန်ကျစရိတ်များကိုလည်း ကြိုတင်တွက်ချက်ရန် လိုအပ်သည်။ ကျွမ်းကျင်လုပ်သား အလွယ်တကူ မရရှိနိုင်ပါက ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်မားမည်ဖြစ်သည်။

**❊ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် MSME လုပ်ငန်းများကို ကောင်းအောင် ဆောင်ရွက်ပြီး နိုင်ငံခြားဝင်ငွေ စီးဝင်လာအောင် ကြိုးစားဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့်လည်း လိုအပ်ချက်များ ဖြည့်ဆည်းပေးလျက်ရှိသည်။ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်း(MSME)များ တိုးတက်အောင်အားပေး၍ ပြည်တွင်းလိုအပ်ချက်ကို ပြည်တွင်း၌ပင် ထုတ်လုပ်နိုင်သည်အထိ ကြိုးစားဆောင်ရွက်ရာတွင် ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများရွေးချယ်၍ သင်တန်းများပေးကာ လုပ်ငန်းများဆောင်ရွက်ရမည် ဖြစ်သည်။ ဈေးကွက်နှင့်ချိတ်ဆက်၍ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်ထားရှိကာ သက်ဆိုင်ရာဌာနများ၊ ကျေးလက်နေ ပြည်သူများ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရမည်ဖြစ်သည်**

အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းရှင်များက ဈေးကွက်၏ ဝယ်လိုအားနှင့် ရောင်းလိုအား အခြေအနေများကို သိရှိနိုင်ရေးနှင့် မြန်မာနိုင်ငံအတွင်း ထုတ်လုပ်သည့် အိမ်တွင်းစက်မှုလက်မှု ထွက်ကုန်ပစ္စည်းများကို အားပေး၍ နိုင်ငံခြားမှတင်သွင်းမှုများကို ကန့်သတ်/ ထိန်းချုပ်ပေးရေးဆောင်ရွက်ရန်လည်း လိုအပ်သည်။ သီးနှံထွက်ရှိရာ နေရာများမှ သိုလှောင်မည့်နေရာ၊ ကုန်စည်ဒိုင်နေရာများသို့ ပို့ဆောင်ရန် ကုန်ထုတ်လမ်းများ ကောင်းမွန်ရေး ပိုမိုဆောင်ရွက်ပေးရန် လိုအပ်သည်။ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် MSME လုပ်ငန်းများကို ကောင်းအောင် ဆောင်ရွက်ပြီး နိုင်ငံခြားဝင်ငွေ စီးဝင်လာအောင် ကြိုးစားဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့်လည်း လိုအပ်ချက်များ ဖြည့်ဆည်းပေးလျက်ရှိသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်း (MSME)များ တိုးတက်အောင်အားပေး၍ ပြည်တွင်းလိုအပ်ချက်ကို ပြည်တွင်း၌ပင် ထုတ်လုပ်နိုင်သည်အထိ ကြိုးစားဆောင်ရွက်ရာတွင် ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများရွေးချယ်၍ သင်တန်းများပေးကာ လုပ်ငန်းများဆောင်ရွက်ရမည်ဖြစ်သည်။ ဈေးကွက်နှင့်ချိတ်ဆက်၍ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်ထားရှိကာ သက်ဆိုင်ရာဌာနများ၊ ကျေးလက်နေပြည်သူများ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရမည်ဖြစ်သည်။

**MSME လုပ်ငန်းများအတွက် ချေးငွေ**

MSME လုပ်ငန်းများအတွက် ချေးငွေအမျိုးအစားအလိုက် အများဆုံး ကျပ်သန်း ၃၀၀ မှ သန်း ၅၀၀ အထိ ပြည်တွင်းဘဏ် ၁၁ ဘဏ်မှ ချေးငွေလျှော့ချထားနိုင်ကြောင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီက ထုတ်ပြန်ထားသည်။ နိုင်ငံတော်အစိုးရအနေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုချဲ့ထွင်နိုင်ရေးတို့အတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီးများရရှိစေရန် MSME ချေးငွေများကို ၂၀၁၂ ခုနှစ်မှ စတင်၍ ထုတ်ချေးပေးလျက်ရှိသည်။ MSME လုပ်ငန်းရှင်များအနေဖြင့် အောက်ဖော်ပြပါ ချေးငွေအမျိုးအစားများကို သက်ဆိုင်ရာဘဏ်များသို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း ကြေညာထားသည်။

JICA Two – Step Loan ချေးငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ ရေဝတီဘဏ်၊ သမဝါယမဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်၊ ကမ္ဘောဇဘဏ်၊ ယူနိုက်တက်အမရာဘဏ်၊ ပထမပုဂ္ဂလိကဘဏ်၊ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ မြန်မာအရှေ့တိုင်းဘဏ်တို့တွင် ချေးယူနိုင်ကြောင်း သိရသည်။ ၂၀၂၂ ခုနှစ် နိုဝင်ဘာလအထိ နိုင်ငံတော်အစိုးရအစီအစဉ်ဖြင့် ထုတ်ချေးသည့် ချေးငွေအစီအစဉ်များအနက် SMIDB (SME) ချေးငွေအစီအစဉ်မှ လုပ်ငန်းရှင် ၄၅၆ ဦးသို့ ချေးငွေကျပ် ၂၀၆၃၈ သန်း၊ JICA Two-Step Loan (MSME) ချေးငွေအစီအစဉ်မှ လုပ်ငန်းရှင် ၂၀၄၅ ဦးသို့ ချေးငွေကျပ် ၃၆၄၅၃၄ ဒသမ ၁၈ သန်းနှင့် MEB (MSME) ချေးငွေအစီအစဉ်မှ လုပ်ငန်းရှင် ၃၄၂ ဦးသို့ ချေးငွေကျပ် ၂၅၉၇၇ သန်း ထုတ်ချေးပြီးဖြစ်ကြောင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီမှ သိရသည်။

**နိုင်ငံ့စီးပွားရေးအတွက် အဓိကမောင်းနှင်**

နိုင်ငံတော်အစိုးရက အသေးစား၊ အငယ်စားနှင့် အလတ်စား(MSME)လုပ်ငန်းများကို ထောက်ပံ့ကူညီအားပေးပြီး ပြည်တွင်းထုတ်ကုန်များ အဆင့်အတန်းမြင့်မားတိုးတက်လာအောင် ဖြည့်ဆည်းပေးလျက်ရှိသည်။ မြန်မာနိုင်ငံတွင် နိုင်ငံ့စီးပွားရေးလုပ်ငန်းအားလုံး၏ ၉၉ ရာခိုင်နှုန်းသည် MSME လုပ်ငန်းများဖြစ်ပြီး နိုင်ငံ့စီးပွားရေးအတွက် အဓိကမောင်းနှင်လည်ပတ်လျက်ရှိသည်။ နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများကို မြှင့်တင်အားပေးဆောင်ရွက်လျက်ရှိရာ ဒေသအသီးသီးရှိ အလားအလာကောင်းသည့် ကုန်ကြမ်းများ၊ လယ်ယာ၊ သားငါးထွက်ကုန်များကို နည်းပညာ၊ စက်ပစ္စည်းအကူညီဖြင့် ကုန်ကြမ်းအဆင့်မှ တန်ဖိုးမြှင့်ထုတ်ကုန်များ ဖြစ်ပေါ်ရေး၊ တန်ဖိုးကွင်းဆက် မြှင့်တင်နိုင်ရေးတို့ကို အားသွန်ခွန်စိုက်ဆောင်ရွက်ပြီး နိုင်ငံ့ GDP ကိုမြှင့်တင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအစည်းအဝေး (၁/၂၀၂၂) တွင် ပြောကြားခဲ့သည်။ မြန်မာနိုင်ငံ၏ စီးပွားရေး ပြန်လည်ဦးမော့လာရေးအတွက် MSME လုပ်ငန်းများ၏ အခန်းကဏ္ဍသည် များစွာအရေးပါလျက်ရှိသည်။


ပုဂ္ဂလိက စက်မှုလုပ်ငန်းဥပဒေအရ မှတ်ပုံတင်ထားသည့် လုပ်ငန်းများအနက် MSME လုပ်ငန်း သတ်မှတ်ချက်နှင့်ကိုက်ညီသည့်လုပ်ငန်း ၄၅၀၀၀ ကျော်ရှိသည်။ အခြားဝန်ကြီးဌာနများတွင် မှတ်ပုံတင်ထားသောလုပ်ငန်း ၂၅၀၀၀၀ ကျော်လည်းရှိသည်။ မှတ်ပုံတင်ထားသည့် MSME လုပ်ငန်းများ ရှင်သန်ရန်နှင့် လုပ်ငန်းများ ပုံမှန်လည်ပတ်စေရန်အတွက် နိုင်ငံတော်အစိုးရက ငွေကြေး အရင်းအနှီးများ ထုတ်ချေးပေးထားပြီး ချေးငွေပေးဆပ်မှု ကာလကိုလည်း သက်တမ်းထပ်မံတိုးမြှင့်ပေးထားသည်။ MSME လုပ်ငန်းများသည် စီးပွားရေးတွင် အင်အားကောင်းပြီး နိုင်ငံ၏ အားသာချက်အပေါ်တွင် အသုံးချနိုင်မည်ဆိုပါက အခွင့်အလမ်းကောင်းများ ရရှိလာမည်ဖြစ်သည်။ အခွင့်အလမ်းအနေဖြင့် ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း၏ လိုအပ်ချက်ဖြစ်သော စားသောက်ကုန်ဆိုင်ရာ ထုတ်ကုန်များကို သုံးစွဲသူအကြိုက် ထုတ်လုပ်ပေးရန် လိုအပ်သည်။ စားသောက်ကုန်ပစ္စည်းများကို အဆင့်အတန်းမြင့်မားသော နည်းပညာများအသုံးပြုပြီး အန္တရာယ်ကင်းရှင်းသော တန်ဖိုးမြှင့်ထုတ်ကုန်များ၊ ဆန်းသစ်တီထွင်ထားသည့် သုံးစွဲသူအကြိုက် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး၊ ကမ္ဘာ့တန်ဖိုးမြှင့် ကွင်းဆက်နှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းထုတ်လုပ်မှုကွန်ရက်များသို့ ဝင်ရောက်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်း၍ ဆောင်ရွက်ကြရန် လိုအပ်သည်။

**ဈေးကွက်သုတေသနနှင့် ဒစ်ဂျစ်တယ်နည်းပညာ**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စားသုံးသူများ၏ အပြုအမူနှင့်လိုအပ်ချက်ပုံစံများ ပြောင်းလဲလာသည့်အတွက် MSME လုပ်ငန်းများအနေဖြင့် ဈေးကွက်သုတေသနရလဒ်များကို လေ့လာဆောင်ရွက်ရန်နှင့် ဒစ်ဂျစ်တယ်နည်းပညာကို မဖြစ်မနေသုံးစွဲရန် လိုအပ်လာပြီဖြစ်သည်။ MSME လုပ်ငန်းများအနေဖြင့် လက်ရှိအချိန်အထိ ဒစ်ဂျစ်တယ်နည်းပညာများကို ထုတ်လုပ်မှုအပိုင်း၊ ဈေးကွက်မြှင့်တင်ရေးအပိုင်းနှင့် ကုန်သွယ်ငွေလွှဲသည့်အပိုင်းတို့တွင် ကျွမ်းကျင်စွာသုံးစွဲရန် လိုအပ်နေဆဲဖြစ်သည်။ နိုင်ငံတော်အစိုးရက MSME လုပ်ငန်းများ အခွင့်အရေး လက်ဝယ်ရရှိနိုင်ရန်နှင့် စိန်ခေါ်မှုများကို ဖြေရှင်းပေးနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသည်။ *စာမျက်နှာ ၂၁ သို့*

# တောင်တွင်းကြီးမြို့နယ် ကုက္ကိုခွကျေးရွာမှ မိရိုးဖလာအိုးလုပ်ငန်း

**မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၏ အနောက်ဘက် ၁၂ မိုင်အကွာ ဗိဿနိုးမြို့ဟောင်း အနောက်ဘက်တွင်ရှိသည့် ကုက္ကိုခွကျေးရွာ၏ မိရိုးဖလာအိုးလုပ်ငန်းသည် ဘိုးဘွားစဉ်ဆက် လက်ဆင့်ကမ်းလုပ်ကိုင်လာသည့် ရိုးရာလက်မှုအတတ်ပညာလုပ်ငန်းတစ်ခု ဖြစ်သည်။**



နေလှန်းထားပြီးသော မြေအိုးများကို မီးဖုတ်ရန် ပြင်ဆင်နေစဉ်။

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဗိဿနိုးမြို့ဟောင်းဆိုင်ရာ အချက်အလက်များမှ အရိုးအိုးမြှုပ်နှံမှုဆိုင်ရာ အထောက်အထားများ၊ ရေစင်တော်သွန်းအိုး၊ ငှက်ရုပ်ပုံအရိုးအိုးစသည့် သမိုင်းကြောင်းဆိုင်ရာ အထောက်အထားများနှင့် လေ့လာတွေ့ရှိချက်များအရလည်း အိုးလုပ်ငန်းသည် ပျူခေတ်ကတည်းက ထွန်းကားလာခဲ့သော မြန်မာတို့၏ လက်မှုအတတ်ပညာတစ်ခု ဖြစ်ခဲ့သည်။

ကုက္ကိုခွကျေးရွာ၌ အိုးလုပ်ငန်းကို မိုးအကုန် သီတင်းကျွတ်လတွင် စတင်လုပ်ကိုင်ကြပြီး တန်ခူးလ၊ ကဆုန်လအထိ လုပ်ကိုင်ကြကြောင်း သိရသည်။ အိုးလုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်အနေဖြင့် ပထမဦးစွာ ရွှံ့ခူးခြင်းလုပ်ငန်းကို ဆောင်ရွက်ရပြီး ကြီးရိုးကြီးကွင်းမှရွှံ့များကို သယ်ယူ၍ လိုအပ်သည့် အရွယ်အစားရရန် ရွှံ့တုံးကို ထုချေပေးပြီး နေလှန်းရသည်။ လှည်းတစ်စီးစာမြေကြီးဆိုလျှင် သဲသုံးအိတ်ခန့် ရောရပြီး ရေစိမ်ကာ ရွှံ့နှပ်ခြင်းလုပ်ငန်းကို လုပ်ဆောင်ရသည်။ ထို့နောက် ဂုံပြာခင်းကာ အစေးပေါက်အောင် ခြေထောက်ဖြင့်နင်းရသော ရွှံ့နင်းခြင်းလုပ်ငန်းကို အဆင့်ဆင့်ဆောင်ရွက်ရပြီး အိုးထိန်းစက်ဖြင့် အိုးပုံဖော်ခြင်း၊ တစ်ဆင့်ပြန်ဖွခြင်း၊ ပန်းရိုက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရသည်။

ထိုသို့ ဆောင်ရွက်ပြီး အိုးများကို အရိပ်ထဲတွင် နှစ်ညအိပ် သုံးရက်ထားရပြီး နေပူတွင်သုံးရက် ထုတ်လှန်းရကာ နေလှန်းပြီး အိုးများကို နွားလှည်းဖြင့် စနစ်တကျတင်ဆောင်၍ အိုးများကို မီးဖုတ်မည့် အိုးဖိုသို့ သယ်ယူရသည်။ အိုးဖိုမည့်နေရာမှာပင် ပထမဦးစွာ ထင်းစီခြင်း၊ ထင်းခွေခြင်းလုပ်ငန်းများ ဆောင်ရွက်ရပြီး ထိုထင်းများပေါ်တွင် မီးဖုတ်မည့်အိုးများကို စနစ်တကျခွေရသည်။ အိုးများ စနစ်တကျခွေပြီးပါက အိုးဖိုပတ်လည် ထင်းစီခြင်းနှင့် ကောက်ရိုးများဖြင့် ဖုံးအုပ်ခြင်းများ ဆောင်ရွက်ရသည်။ အိုးမီးဖုတ်ရာတွင် သတ်မှတ်ထင်းအမျိုးအစား၊ အရွယ်အစားကိုသာ အသုံးပြုရပြီး မီးအပူချိန်ကိုလည်း ချိန်ဆတတ်ရန်လိုသည်။ မီးအပူချိန် အချိန်အဆမှားယွင်းခဲ့ပါက အိုးများအားလုံး အဖတ်မတင်ဖြစ်တတ်ကြောင်းနှင့် အိုးမီးဖုတ်ရာတွင် တစ်ညအိပ်ဖုတ်ရကာ နောက်တစ်နေ့နံနက်တွင် အိုးများဖော်ယူပြီး ဈေးကွက်ကို တင်ပို့ရောင်းချရပြီဖြစ်ကြောင်း အိုးလုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။

အိုးလုပ်ငန်း၏ အဓိကကုန်ကြမ်းဖြစ်သည့် မြေကြီးကို ကြီးရိုးကြီးကန်အတွင်းမှ တူးဖော်ရယူကာ လှည်းတစ်စီးလျှင် ကျပ် ၄၀၀၀ ဖြင့် ဝယ်ယူရကြောင်းနှင့် ထင်းလှည်းတစ်စီးလျှင်ကျပ် ၇၀၀၀ ဖြင့် ဝယ်ယူရကြောင်း၊ လှည်းတစ်စီးစာ မြေကြီးကို ရွှံ့နှပ်ခြင်း၊ ရွှံ့နင်းခြင်းများ ဆောင်ရွက်ပြီးပါက အိုးအလုံးရေ ၁၀၀ ကျော် ထွက်ရှိကြောင်း၊ အိုးမီးဖုတ်ရာတွင် မီးဖို တစ်ဖိုလျှင် အိုးအလုံးရေ ၂၀၀ ကျော် ဝင်ဆံ့ကြောင်း သိရသည်။



အဓိကပြုလုပ်သောအိုးများမှာ သောက်ရေအိုးများဖြစ်ပြီး သောက်ရေအိုးအပြင် ကောက်ညှင်းပေါင်းအိုး၊ မြေဟင်းအိုး၊ ရေတည်အိုးကြီး၊ ရွက်အိုးအလတ်၊ ကျောင်းသားထမ်းအိုး၊ ဘုရားသောက်တော်ရေအိုး၊ ထန်းရည်မြူအိုး၊ မုန့်ပျားသလက်အိုးများနှင့် သင်္ကြန်ကာလဆိုလျှင် သင်္ကြန်အတာအိုး၊ သီတင်းကျွတ်ကာလဆိုလျှင် ဆီမီးခွက်များကိုပါ ပြုလုပ်ကြကြောင်း၊ ဈေးကွက်အနေဖြင့် သောက်ရေအိုးတစ်အိုးလျှင် ကျပ် ၁၀၀၀ နှုန်းဖြင့် ဖောက်သည်ပြန်လည်ပေးသွင်းရကြောင်း၊ တောင်တွင်းကြီးမြို့နယ်အပြင် မကွေး၊ မင်းဘူး၊ နတ်မောက်၊ မြို့သစ်၊ မလွန်၊ ကိုးပင်၊ မိချောင်းရဲ၊ ပြည်၊ အောင်လံစသည့် မြို့များအထိ တင်ပို့ရကြောင်း သိရသည်။

ဗိဿနိုးမြို့ဟောင်းအနီး၌ ကုက္ကိုခွကျေးရွာအပြင် အနီးတစ်ဝိုက်ရွာများဖြစ်သည့် ဂျုတ်ကုန်းကျေးရွာ၊ ရခိုင်စုကျေးရွာတို့တွင်လည်း မိရိုးဖလာအိုးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိပြီး ဘဝအမောများ၊ ချွေးစက်များကိုရင်း၍ အနုပညာဆန်စွာ ဖန်တီးရင်း ဘိုးဘွားအစဉ်အဆက် ထိန်းသိမ်းကာ လက်ဆင့်ကမ်းလုပ်ကိုင်လာသည့် ရိုးရာလက်မှု အတတ်ပညာလုပ်ငန်းတစ်ခုဖြစ်သော အိုးလုပ်ငန်းကို ယနေ့ထက်တိုင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အေးမိုးမိုးမြင့်**

---

*စာမျက်နှာ ၂၀ မှ*

MSME လုပ်ငန်းများကို တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြည်တွင်း အသားတင် ထုတ်လုပ်မှုတန်ဖိုး မြင့်မားတိုးတက်လာအောင် ကူညီပေးကာ နိုင်ငံ့စီးပွားမြင့်မားတိုးတက်လာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတွင် ပြည်တွင်းထုတ်ကုန်များ အရည်အသွေးနှင့် အဆင့်အတန်း မြင့်မားလျှင် ပြည်တွင်းသုံးစွဲရန်သာမက ပြည်ပသို့တင်ပို့ရန်အတွက်ပါ အလျှံပယ် ထုတ်လုပ်ရမည်ဖြစ်သည်။

အိမ်နီးချင်းနိုင်ငံများ၏ ထုတ်ကုန်ပစ္စည်း အရည်အသွေးနှင့် အဆင့်အတန်းမှာ မြင့်မားသောကြောင့် မြန်မာနိုင်ငံအနေဖြင့် လူသုံးကုန်ပစ္စည်း အသေးအမွှားမှအစ ကြီးကြီးမားမားအထိ ယင်းနိုင်ငံများမှ ဝယ်ယူအသုံးပြုလျက်ရှိသည်။ ပြည်တွင်းထုတ်ကုန်တိုးတက်မြှင့်တင်ထုတ်လုပ်နိုင်မှုကြောင့် ယင်းနိုင်ငံများ၏ စီးပွားရေးမှာ ဖွံ့ဖြိုးတိုးတက်နေပြီး မြန်မာနိုင်ငံအနေဖြင့် ပြည်ပသွင်းကုန်များကို မှီခိုအားထားနေရသောကြောင့် ကုန်သွယ်မှုလိုငွေပြပြီး ပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးခဲ့သည်။ တစ်ကမ္ဘာလုံးကြုံတွေ့ခဲ့သည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာ့စီးပွားရေးသည် အဆိုးဆုံးအခြေအနေသို့ ရောက်ရှိခဲ့ပြီး လူတစ်ဦးချင်းဝင်ငွေများလည်း ကျဆင်းသွားခဲ့သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများသည် စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် တိုက်ရိုက်ထိခိုက်မှုများ ကြုံတွေ့ခဲ့ရသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း အခြားနိုင်ငံများနည်းတူ ထိခိုက်ခံစားခဲ့ရသည်။ ငွေကြေးအရင်းအနှီးနည်းသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုထိခိုက်ခဲ့ရသည်။

**နိုင်ငံတကာဈေးကွက်၏ လိုအပ်ချက်**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံ၍ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရာတွင် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို စံချိန်စံညွှန်း အရည်အသွေး သတ်မှတ်ချက်များနှင့်အညီ ကိုက်ညီအောင် ကြိုးပမ်းထုတ်လုပ်ကြရန် လိုအပ်သည်။ ထုတ်ကုန်ပစ္စည်းများကို ဈေးကွက်ဝင်ရေး ဆောင်ရွက်ရာတွင် အရည်အသွေးနှင့် စံချိန်စံညွှန်း ကိုက်ညီရေးသည် အရေးကြီးသည်။ နိုင်ငံတကာ ဈေးကွက်တွင် ကုန်ပစ္စည်းများ၏ အရည်အသွေးနှင့် စံချိန်စံညွှန်းများကို ဦးစားပေး၍ အတိအကျ စစ်ဆေးလေ့ရှိပြီး အရည်အသွေး စံချိန်စံညွှန်းနှင့် ကိုက်ညီသော ကုန်ပစ္စည်းများကိုသာ လက်ခံဝယ်ယူလေ့ရှိသည်။ ကမ္ဘာပေါ်တွင် ရောဂါအမျိုးမျိုး ထူပြောလာသဖြင့် ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် ညီညွတ်သည့် သန့်ရှင်းလတ်ဆတ်ပြီး အရည်အသွေးပြည့်မီသော စားသောက်ကုန်များကို ရွေးချယ်စားသောက်ကြသည့် လူနေမှုပုံစံသစ်သို့ ပြောင်းလဲလာသည်ကို တွေ့ရမည်ဖြစ်သည်။ စားသောက်မှုပုံစံများ ပြောင်းလဲလာမှုအရ လတ်ဆတ်သည့်အသီးအနှံ၊ သားငါးထုတ်ကုန်များကို ဝယ်ယူစားသောက်ကြသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးမွေးမြူ ထုတ်လုပ်နေသော အခြေခံစားသောက်ကုန်များကို စတင်ထုတ်သည့်အချိန်မှစ၍ တန်ဖိုးမြှင့် စားသောက်ကုန်များအဖြစ် ဆက်လက်ထုပ်ပိုးပြီးသည်အထိ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ အစဉ်အမြဲ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

**အရည်အသွေးစစ်ဆေး**

မြန်မာနိုင်ငံတွင် အသေးစားထုတ်ကုန်လုပ်ငန်း ၁၇၂၃၄ ခုရှိသည့်အနက် အသင့်ထုပ်ပိုးပြီး ထုတ်လုပ်သည့် စားသောက်ကုန်လုပ်ငန်း ၄၂၆၅ ခုရှိနေသည်ဟု သိရသည်။ ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ပြည်တွင်းစားသောက်ကုန်များသာမက ပြည်ပမှ တင်သွင်းလာသည့် စားသောက်ကုန်များကိုလည်း ဈေးကွက်မတင်မီကတည်းက စစ်ဆေးပေးလျက်ရှိသည်။ ကုန်ပစ္စည်းများကို စားသုံးသူများအား ရောင်းချရာတွင် အရည်အသွေး စစ်ဆေးပြီးကြောင်း အသိအမှတ်ပြုပြီးမှသာ ပြည်သူများအား ရောင်းချခွင့်ရှိသည်။ မြန်မာနိုင်ငံတွင် အစားအသောက်ထုတ်လုပ်ဖြန့်ဖြူးရန် ထောက်ခံချက်ရရှိပြီးသည့် အစားအသောက်လုပ်ငန်း ၁၀၅၆ ခုနှင့်သောက်ရေသန့်လုပ်ငန်း ၂၃၆၈ ခုရှိကြောင်း သိရသည်။ ဖွံ့ဖြိုးပြီးနိုင်ငံကြီးများသည် စက်မှု၊ နည်းပညာနှင့် စွမ်းအင်ကဏ္ဍများကို အဆင့်မြင့်မားစွာ ဆောင်ရွက်နိုင်ကြပြီး ဖွံ့ဖြိုးပြီးနိုင်ငံငယ်များသည် အသေးစား၊ အလတ်စားလုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်ငန်းများကို မြင့်မားအောင် ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

**ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ် ရောက်ရှိရေး**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်၍ ကုန်ထုတ်လုပ်မှု မြှင့်တင်ရာ၌ စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်ထွက်ရှိအောင် ဆောင်ရွက်ရမည်ဖြစ်သည်။ နေ့စဉ်လိုအပ်လျက်ရှိသည့် စားသောက်ကုန်ပစ္စည်းများသည် စီးပွားရေးဈေးကွက်တွင် တွင်ကျယ်စွာ လည်ပတ်နေသဖြင့် ကုန်ထုတ်လုပ်မှုကို အားပေးခြင်းဖြင့် ပြည်သူများ၏ စီးပွားရေးကို မြှင့်တင်ပေးနိုင်မည်ဖြစ်သလို ထုတ်ကုန်ပစ္စည်းများကို အမယ်(အမည်)စုံအောင် ကြိုးပမ်းထုတ်လုပ်ခြင်းဖြင့် ပြည်သူများ၏ ကုန်သွယ်စီးပွား မြင့်မားတိုးတက်လာအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အာရှဖွံ့ဖြိုးမှုဘဏ်၏ စစ်တမ်းများက ကမ္ဘာ့စီးပွားရေး အကျပ်အတည်းသည် အာရှပစိဖိတ်ဒေသအတွင်း လူ ၂၁ သန်းအား တစ်ရက်လျှင် ၁ ဒသမ ၂၅ ဒေါ်လာအောက် ဝင်ငွေရှိသော အလွန်အမင်း ဆင်းရဲနွမ်းပါးမှုအဆင့် ထပ်မံဖြစ်ပေါ်စေနိုင်ကြောင်း ဆိုထားသည်။

သို့ဖြစ်ရာ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ကောင်းမွန်သောမူဝါဒများနှင့် ထိရောက်သော ဝန်ဆောင်မှုများကို အလေးထားလုပ်ဆောင်သွားရန် လိုအပ်ကြောင်းနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိရေးအတွက် အချိန်ယူ ကြိုးပမ်းအားထုတ်ပြီး ကုန်ထုတ်စွမ်းအားမြှင့်တင်ရန် လိုအပ်နေဦးမည်ဟု ရှုမြင်မိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## တရားဥပဒေစိုးမိုးရေးနှင့် မူးယစ်ဆေးဝါးအကြောင်း ပြည်တက္ကသိုလ်၌ ပညာပေးဟောပြော

**ပြည် ဇန်နဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး ပြည်တက္ကသိုလ် သီရိရေတာခန်းမဆောင်၌ "တရားဥပဒေ စိုးမိုးရေးနှင့် မူးယစ်ဆေးဝါး အကြောင်း သိကောင်းစရာ" ခေါင်းစဉ်ဖြင့် လူငယ်အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က ကျင်းပသည်။

ဟောပြောပွဲတွင် တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသက်လွင်က ဟောပြောပွဲ ရည်ရွယ်ချက်များကို ပြောကြားပြီး ပြည်မြို့ အမှတ် (၃၇) မူးယစ်တပ်ဖွဲ့စုမှ ရဲမှူးမျိုးမင်းက "မူးယစ်ဆေးဝါး အကြောင်း သိကောင်းစရာ" ခေါင်းစဉ်ဖြင့် ဘိန်းဖြူ ဆေးခြောက်နှင့် စိတ်ကြွရူးသွပ်ဆေးများအကြောင်း အပါအဝင် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ်သော ဆေးဝါးများ အန္တရာယ်နှင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဆိုင်ရာ သိမှတ်ဖွယ်ရာများကို ဆွေးနွေးဟောပြောသည်။ ဆက်လက်၍ ပြည်ခရိုင်တရားသူကြီးဦးဇေယျာတင့်ညိုက "ရာဇဝတ် တရားစီရင်ရေး" ခေါင်းစဉ်ဖြင့် တရားဥပဒေစိုးမိုးရေး၊ ပြစ်မှုပြစ်ဒဏ်များ အကြောင်းနှင့် တရားဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဗဟုသုတများအကြောင်းကို အသေးစိတ် ဟောပြောခဲ့သည်။




ဟောပြောပွဲသို့ ပြည်တက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် ဒုတိယ ပါမောက္ခချုပ်များ၊ သင်တန်းရေးရာ ဌာနမှူးများ၊ ပါမောက္ခဌာနမှူးများ၊ ကြီးကြပ်သူ ဆရာ ဆရာမများနှင့် တက္ကသိုလ် ဘာသာရပ်ပေါင်းစုံမှ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ပြီး ယင်းအသိပညာပေး ဟောပြောပွဲကို ကျောင်းသား လူငယ်မောင်မယ်များ အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

## ကျေးလက်ကုန်ထုတ်လမ်းဆောင်ရွက်ရန် ကွင်းဆင်းတိုင်းတာ

**စစ်တွေ ဇန်နဝါရီ ၈**

စစ်တွေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ပြည်နယ်အစိုးရ၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် သုံးဆောင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းလုပ်ငန်း ဆောင်ရွက်ရန် ကွင်းဆင်းတိုင်းတာမှုများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးညီညီနှင့် ဝန်ထမ်းများက ကျေးရွာမှ တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၆ ရက်က ဆောင်ရွက်ခဲ့သည်။

ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာရန်နှင့် ကျေးရွာမှ သီးနှံထွက်ကုန်များကို ဈေးကွက်သို့ လွယ်ကူစွာတင်ပို့နိုင်ရန်အတွက် အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းကို ဆောင်ရွက်မည်ဖြစ်ပြီး ကုန်ထုတ်လမ်းအရှည် နှစ်မိုင်၌ အကျယ် ၁၂ ပေ မြေသား+ဖြုန်းကျောက်ခင်းခြင်းလုပ်ငန်းကို ကျပ်သန်း ၂၇၀ ဖြင့်လည်းကောင်း၊ လမ်းပေါ်၌ ကွန်ကရစ်ရေပြွန်လေးစင်းတည်ဆောက်ခြင်းလုပ်ငန်းကို ကျပ်သန်း ၆၀ ဖြင့်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားကြောင်း သိရသည်။

**အောင်လှဖြူ (ရမ်းဗြဲ)**

## ကြားဝင်စေ့စပ်ဖြေရှင်းခြင်းနှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ သင်တန်းဖွင့်

**ရန်ကုန် ဇန်နဝါရီ ၈**

မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း(Myanmar International Arbitration Centre –MIAC) က ဖွင့်လှစ်သော ကြားဝင်စေ့စပ်ဖြေရှင်းခြင်းနှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်း သိကောင်းစရာသင်တန်း အမှတ်စဉ်(၃) ဖွင့်ပွဲကို ဇန်နဝါရီ ၇ ရက်က ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကျွန်းတောလမ်းနှင့် ဖျာပုံလမ်းထောင့်ရှိ MIAC (ဗဟို) သင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ MIAC (ဗဟို) ဥက္ကဋ္ဌ ဦးအဲလ်ဘတ်ဇော်မင်း၊ သင်တန်းနည်းပြ ဆရာကြီး ဆရာမကြီးများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး အသင်းဥက္ကဋ္ဌက အမှာစကားပြောကြားကာ အနုညာတစီရင်ဆုံးဖြတ်ခြင်းအကြောင်းနှင့် နိုင်ငံတကာ အတွေ့အကြုံများကို ဆွေးနွေးသည်။ ထို့နောက် သင်တန်းတာဝန်ခံ ဦးကျူးခေါင်က သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းသားများ၏ မေးမြန်းချက်များကို ဖြေကြားခဲ့သည်။ ယခုဖွင့်လှစ်သော အခြေခံသင်တန်းပြီးဆုံးသူများသည် Advanced Course နှင့် Arbitration Course များကို ဆက်လက် တက်ရောက်နိုင်ကြောင်း သိရသည်။

**မောင်မောင်(လှိုပ်စစ်)**



## သံတောင်ကြီးမြို့နယ် မစ(အလယ်) ကျေးရွာ၌ ၄၀၀ ဗို့ ဓာတ်အားလိုင်း တည်ဆောက်

**သံတောင်ကြီး ဇန်နဝါရီ ၈**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မစ(အလယ်) ကျေးရွာ၌ ယခုဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ရန်ပုံငွေဖြင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း



တည်ဆောက်ပြီးစီးမှုကို တာဝန်ရှိသူများက ဇန်နဝါရီ ၇ ရက်က ကွင်းဆင်းစစ်ဆေးသည်။

သံတောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဇော်မင်းဦးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မစ(အလယ်) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များနှင့်အတူ ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်း တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးခြင်းဖြစ်ပြီး ခရိုင်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များအား ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး စနစ်တကျ ပြုပြင်ထိန်းသိမ်းကြရန် မှာကြားသည်။

အဆိုပါ ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်းအရှည် ၂၅၈၅ ပေ တည်ဆောက်ခြင်းလုပ်ငန်းကို မစ(အလယ်) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းမှ ထောက်ပံ့ငွေကျပ်ဆယ်သန်းနှင့် ပြည်သူထည့်ဝင်ငွေ ကျပ် ၃ ဒသမ ၈ သန်း စုစုပေါင်း ငွေကျပ် ၁၃ ဒသမ ၈ သန်းဖြင့် စက်တင်ဘာ ၂၃ ရက်က စတင်ဆောင်ရွက်ခဲ့ကာ ယခု ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**အထွေး**

## စဉ့်ကူးမြို့နယ်အတွင်းမှ ကျေးရွာလေးရွာသို့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်

**စဉ့်ကူး ဇန်နဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းကို မူလကျေးရွာ လေးရွာအပြင် အခြားလေးရွာ၌ ထပ်တိုးဆောင်ရွက်မည်ဖြစ်ရာ စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၆ ရက်က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းကျော်နိုင်က ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်အောင်စိုးက စီမံကိန်းလုပ်ငန်းများ လုပ်ဆောင်ရာတွင် ကျေးရွာများကို အခြေခံ၍ ဆောင်ရွက်ရန်နှင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးသည့်အခါ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းစောင့်ရှောက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ထပ်တိုးဆောင်ရွက်မည့် ကျေးရွာလေးရွာမှ ကျေးရွာကော်မတီဝင်များ လက်ဝယ်သို့ ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ စီကို လွှဲပြောင်းပေးအပ်ခဲ့ကြကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စေတုတ္တရာမြို့နယ်၌ ကျေးရွာချင်းဆက်လမ်းနှင့် တံတားများ ဆောင်ရွက်

**စေတုတ္တရာ ဇန်နဝါရီ ၈**

စေတုတ္တရာမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနသည် မြို့နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာပေါင်း ၃၀ ကျော်ကို အကျိုးပြုနိုင်မည့် ကျေးရွာချင်းဆက်လမ်း သုံးလမ်းနှင့် ကျေးရွာချင်းဆက်တံတား ၁၄ စင်းကို ခွင့်ပြုငွေကျပ် ၉၄၁ ဒသမ ၇၂၆ သန်း အသုံးပြုကာ ဖောက်လုပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန အနေဖြင့် ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာချင်းဆက်တံတားများကို နှစ်စဉ် ဘဏ္ဍာရန်ပုံငွေများ လျာထား၍ ဆောင်ရွက်လျက်ရှိရာ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာချင်းဆက်လမ်း လုပ်ငန်းများဖြစ်သည့် ကွန်ကရစ်လမ်းလုပ်ငန်း တစ်ခု၊ ဘေလီတံတား တစ်စင်း၊ ချောင်းကျောက်စရစ်ခင်းခြင်းလုပ်ငန်း နှစ်ခုနှင့် ခြောက်မီတာ တံတား ငါးစင်း၊ Box Culvert ရှစ်စင်း စုစုပေါင်း တံတား ၁၄ စင်း အရှည်ပေ ၁၆၀ တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေကျပ် သန်း ၄၇၀၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၄၇၁ ဒသမ ၇၂၆ သန်းတို့ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် လုပ်ငန်းအားလုံး၏ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါ ကျေးရွာချင်းဆက်လမ်းနှင့် တံတားများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာ ၃၀ ရှိ အိမ်ခြေ ၂၆၀၀ ခန့်မှ လူဦးရေ ၁၁၀၀၀ ကျော်အတွက် ရာသီမရွေး လမ်းပန်းဆက်သွယ်ရေး အဆင်ပြေစေရန် အကျိုးပြုမည်ဖြစ်ကြောင်း မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးယုလွင်ထံမှ သိရသည်။

**တင်မိုးညွန့် (ပြန်/ဆက်)**

## ရွှေကျင်မြို့နယ် ဆန်းသစ်သမအသင်းသားပိုင် လယ်မြေများ၌ ဆောင်းမြေပဲများ စိုက်ပျိုးထားရှိ

**ရွှေကျင် ဇန်နဝါရီ ၈**

ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေရန် အတွက် သမဝါယမကဏ္ဍက တစ်ဖက် တစ်လမ်းမှ ဆောင်ရွက်ပေးလျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်ရှိ ဆန်းသစ်လယ်ယာနှင့် အထွေထွေစီးပွား ရေး သမဝါယမအသင်း၏ အသင်းသား ပိုင်လယ်မြေစိုက်ဧက ၃၄ ဧကပေါ်တွင် ဆောင်းမြေပဲများ စိုက်ပျိုးထားရှိသည်။ ဆောင်းမြေပဲများ ရိတ်သိမ်းချိန်တွင် တစ်ဧကပျမ်းမျှအထွက်နှုန်း တင်း ၇၀ ခန့်နှင့် ဆောင်းမြေပဲတင်းပေါင်း ၂၃၀၀ ကျော် ထွက်ရှိနိုင်မည်ကြောင်း သိရသည်။

**သတင်းစဉ်**



## ပြည်ပကြက်သွန်နီဝင်လာသော်လည်း ပြည်တွင်းကြက်သွန် ဈေးမကျ



**နွားထိုးကြီး ဇန်နဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး ကြက်သွန် ဈေးကွက်မှာ တစ်ပိဿာ ကျပ် ၄၀၀၀- ၅၀၀၀ အထိရှိပြီး တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် ဈေးကွက်ကြောင့် ကြက်သွန်နီ တစ်ပိဿာကျပ် ၂၅၀၀၊ ၃၀၀၀၊ ၃၅၀၀ အထိ ဈေးမကျဘဲ ဈေးကောင်းနေသည်။

အညာကြက်သွန်နီကို ဆောင်း ကြက်သွန်၊ မိုးကြက်သွန်၊ နွေကြက်သွန် ဟူ၍ စိုက်ကြသော်လည်း ဈေးကွက် ကြောင့် နွေ၊ မိုး၊ ဆောင်းအပြင် ကြားကြက်သွန်နီများပါ စိုက်ပျိုးနေ ကြသည်။

ဒေသထွက် ကြက်သွန်နီဈေးကောင်း နေ၍ တရုတ်ကြက်သွန်၊ အိန္ဒိယကြက်သွန် များ ဈေးကွက်ဝင်လာသော်လည်း အညာ ကြက်သွန်နီလောက် လူကြိုက်မများ ကြောင်း ကြက်သွန်ရောင်းသူများက ပြောသည်။ ကြက်သွန်နီဈေးကောင်းနေ၍ အညာတွင် ခရမ်းချဉ်သီး၊ မုန်လာတို့ အစားထိုး သုံးနေကြသည်။ **(၀၁၈)**




## ပခုက္ကူတက္ကသိုလ်၌ (၁၈) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**ပခုက္ကူ ဇန်နဝါရီ ၈**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာ ဦးစီးဌာန ပခုက္ကူတက္ကသိုလ်၌ ပညာသင် နှစ်အလိုက် ဝိဇ္ဇာ/သိပ္ပံဘွဲ့ရလူငယ် မောင် မယ်များ နေ့သင်တန်း (၁၈) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဇန်နဝါရီ ၇ ရက်က ကျင်းပသည်။

ဦးစွာ ပခုက္ကူတက္ကသိုလ် ခေတ္တ ပါမောက္ခချုပ် ဒေါက်တာ တင်ထွန်း အောင်က အမှာစကား ပြောကြားပြီး ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှ ၂၀၂၁- ၂၀၂၂ ပညာသင်နှစ်အထိ ကျင်းပခဲ့သော နေ့သင်တန်းစာမေးပွဲများတွင် ဖြေဆို အောင်မြင်ခဲ့ကြသည့် မဟာဝိဇ္ဇာဘွဲ့ ၁၉ ဦး၊ မဟာသိပ္ပံဘွဲ့ ၄၅ ဦး၊ ဝိဇ္ဇာဂုဏ်ထူး ဘွဲ့ ၁၀ ဦး၊ သိပ္ပံဂုဏ်ထူးဘွဲ့ ၂၈ ဦး၊ ဝိဇ္ဇာ ဘွဲ့ ၂၂ ဦး၊ သိပ္ပံဘွဲ့ ၄၀၊ စုစုပေါင်း ဘွဲ့ရမောင်မယ် ၁၆၄ ဦးနှင့် အဝေးရောက် ဘွဲ့ရမောင်မယ် ၁၆၇ ဦးတို့အား ခေတ္တ ပါမောက္ခချုပ်က ဘွဲ့များ အပ်နှင်းချီးမြှင့် ပေးသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ် များ၊ ပါမောက္ခ(ဌာနမှူး)များ၊ သင်ကြား/ စီမံဌာနမှူးများ၊ တက္ကသိုလ်ဝန်ထမ်းများ၊ ဘွဲ့ရမောင်မယ်များနှင့် မိဘဆွေမျိုးများ တက်ရောက်ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

## ဂန့်ဂေါမြို့နယ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကျင်းပ

**ဂန့်ဂေါ ဇန်နဝါရီ ၈**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါ အထက ပုံညာခန်းမ၌ ဇန်နဝါရီ ၇ ရက်က ၂၀၂၂ ခု ဂန့်ဂေါမြို့နယ် ပညာရေးစုံညီပွဲတော် ကျင်းပရာ ဂန့်ဂေါ အထက ကျောင်းသူ များက မြန်မာ့ကျောင်းသီချင်းဖြင့် သံပြိုင် သီဆိုဖွင့်လှစ်သည်။

ပညာရေးစုံညီပွဲတော်တွင် ၂၀၂၂- ၂၀၂၃ ပညာသင်နှစ် မြို့နယ်လူရည်ချွန်ဆု၊ (၇၅) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးဆုနှင့် ကဗျာဆု၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အင်္ဂလိပ်စာစွမ်းရည်ဆုနှင့် သင်္ချာစွမ်းရည်ဆု၊ အားကစားထူးချွန်ဆု များကို ဂန့်ဂေါခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်လွင်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ပေးအပ် သည်။ **(အပေါ်ပုံ)** ထို့နောက် ကျောင်းသား ကျောင်းသူလေးများက တေးသရုပ်ဖော် များ၊ အကအလှများဖြင့် ဖျော်ဖြေကြ ကြောင်း သိရသည်။ **မောင်ဆွေကျော်**




## လူငယ်များ မူးယစ်ဆေးဝါးအန္တရာယ်ကင်းဝေးစေချင် ခေါင်းစဉ်ဖြင့် စာဖတ်ဝိုင်းကျင်းပ

**အုတ်တွင်း ဇန်နဝါရီ ၈**

အုတ်တွင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်လူငယ် အသင်းအဖွဲ့ (Youth Club) တို့ပူးပေါင်း၍ စာရေးဆရာ ဒေါက်တာမြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး) ရေးသားသည့် “လူငယ်များ မူးယစ်ဆေးဝါးအန္တရာယ် ကင်းဝေးစေချင်” ခေါင်းစဉ်ဖြင့် ပြုလုပ် သော စာဖတ်ဝိုင်းကို ယမန်နေ့က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီး အရာရှိ ဒေါ်ခင်မူမူဝင်းက စာဖတ်ဝိုင်း ပြုလုပ်ရခြင်း ရှင်းလင်းပြောကြားပြီး လူငယ်အသင်းအဖွဲ့ (Youth Club) ဥက္ကဋ္ဌ ဆရာဦးဘုန်းမြင့်ကိုက မူးယစ်စေသော ပစ္စည်းများ၊ မူးယစ်ဆေး ဆိုသည်မှာ၊ လူငယ်များ မူးယစ်ထုံထိုင်းဘေးဖြစ်စေ တတ်သော/ဆေးဝါးများ စွဲစေသော အကြောင်းရင်းများ၊ အရက်နှင့် မူးယစ် ဆေး၊ မူးယစ်ဆေးအစ ဆေးလိပ်က ဆိုသည့်စကား၊ ကွမ်းစားခြင်းကြောင့် ဖြစ်ပွားနိုင်သော ရောဂါများ၊ ဘိန်းဖြူရှူခြင်း အန္တရာယ်၊ စိတ်ကြွမူးယစ်ဆေးများ သုံးစွဲ ခြင်း စသည့်မူးယစ်စေတတ်သော ဆေးဝါး များ၏ အန္တရာယ်နှင့် ရှောင်ရန်အချက်များ ကို လူငယ်အသင်းအဖွဲ့ ကျောင်းသား ကျောင်းသူများအား ပညာပေးဆွေးနွေး ပြောကြားသည်။



အုတ်တွင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့် ကျောင်းသား ကျောင်းသူ လူငယ်များ စာပေ အသိပညာဗဟုသုတ ရရှိစေရန် ရည်ရွယ်၍ အဆိုပါစာဖတ်ဝိုင်းကို ၂၀၁၈ ခုနှစ်မှစတင်ကာ လစဉ်ပုံမှန်ပညာပေး ဆွေးနွေးပေးလျက်ရှိကြောင်း သိရသည်။

**အေမင်းရည်စော(ပြန်/ဆက်)**

## ထိုင်းသရက်သီးစိမ်းများ အဝင်သွက်၍ သရက်သီးစိတ် ရောင်းသူများ အဆင်ပြေ

**ညောင်ဦး ဇန်နဝါရီ ၈**

ထိုင်းနိုင်ငံထွက် သရက်သီးများ မန္တလေး တိုင်းဒေသကြီး ညောင်ဦးမြို့ မဏိစည်သူ ဈေးသို့ လှိုင်လှိုင်ဝင်ရောက်လာပြီဖြစ် ကြောင်း သရက်ချဉ် ရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သည့် ဒေါ်ဝင်းမာ ထံမှ သိရသည်။

ထိုင်းနိုင်ငံထွက်ဒေသအခေါ် သရက် သီးများ တစ်နှစ်ပတ်လုံးဝင်ရောက်လျက် ရှိရာ ယခုအခါသရက်သီးများ များပြားစွာ ဝင်ရောက်လာသည်။ မြန်မာနိုင်ငံအတွင်း ဒေသမျိုးရင်းသရက်ပင်များ ဖူးပွင့်ချိန် ရောက်မှ သရက်သီးဈေးနှုန်း အနည်းငယ် ကျဆင်းခဲ့ကြောင်းသိရကာ ခြောက်ပိဿာ အိတ် တစ်အိတ်လျှင် ကျပ် ၆၀၀၀ ပေးဝယ်ရကြောင်း၊ သရက်သီးရာသီချိန် မရောက်မီ ခြောက်ပိဿာအိတ် တစ်အိတ် လျှင် ကျပ် ၈၀၀၀ ထိ ပေးဝယ်ကာ သရက်သီးအသစ် မပြတ်စေရန် ဝယ်ယူ ပြီး သရက်သီး ပေါက်စိတ်လုပ် ရောင်းချခဲ့ ကြောင်း၊ သရက်သီးပေါက်စိတ် တစ်ပိဿာ လျှင် ကျပ် ၂၀၀၀ ဖြင့် ပြန်လည်ရောင်းချ ရကြောင်း၊ သရက်သီး ပေါက်စိတ်များကို ဆား တစ်မျိုးတည်းဖြင့်သာ ရောမွှေပြီး ပြန်လည်ရောင်းချကြောင်း ဒေါ်ကေသီ က ရှင်းပြသည်။

မြန်မာ့ဒေသမျိုးရင်း သရက်များပေါ် ချိန်တွင် ပေါဦးပေါ်စသာ ဈေးရရှိပြီး သရက်မျိုးစုံလှိုင်လှိုင်ပေါ်ချိန် သရက်သီး တစ်တင်း ကျပ် ၂၀၀၀ မှ ၂၅၀၀ သာ ဈေးရှိတတ်ကြောင်း၊ သရက်မျိုးစုံ လှိုင်လှိုင် ပေါ်ချိန် စဉ့်အိုးများဖြင့် လှောင်သိပ်ခြင်း၊ သစ်သားသေတ္တာများအတွင်း ပလတ် စတစ်ခံသိပ်ခြင်း၊ ဖက်ကြမ်းဆေးလိပ်ပို များဖြင့် လှောင်သိပ်ခြင်း ပြုလုပ်ကြကာ သရက်သီးအစိမ်း ရှားပါးချိန်မှစတင်ပြီး လှောင်သိပ်ထားသည့် သရက်ချဉ်များကို စတင်ရောင်းချရကြောင်း၊ စတင်ရောင်းချ ချိန်က တစ်ပိဿာ ကျပ် ၁၂၀၀ မှ ယခု အခါ သရက်ချဉ် (အဟောင်း) တစ်ပိဿာ ကျပ် ၁၄၀၀ ဖြစ်နေကြောင်း သိရသည်။ ထိုင်းနိုင်ငံမှ ဝင်လာသည့် သရက်သီး များသည် ဒေသမျိုး သရက်လောက် စားမကောင်းသော်လည်း တစ်နှစ်ပတ်လုံး သီးကာ ရောင်းချရခြင်းကြောင့် ဈေးကွက် အသာစီးရနေကြောင်း သရက်ချဉ်လုပ်ငန်း ရှင်များက ရှင်းပြသည်။ **ကိုကြေးမုံ**



# ပြခန်းတွေကို လာရောက်လေ့လာကြတဲ့ ပြည်သူတွေ၊ ကျောင်းသားတွေဟာ လက်ရှိနိုင်ငံဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်ချက်တွေကို အသေးစိတ်သိရှိ လေ့လာနိုင်ကြမှာဖြစ်ပါတယ်

ဦးသိန်းမြင့်မွန်(ဒုတိယညွှန်ကြားရေးမှူးချုပ်)

*တွေ့ဆုံမေးမြန်း - ဇင်ဦး၊ ဟိန်းထက်ဇော်၊ ဓာတ်ပုံ - ဇော်ဦး*



ဦးသိန်းမြင့်မွန်



ကိုဇော်မင်းခိုင်



ဒေါ်သီရိရတနာလှိုင်



ဦးဝင်းကျော်



ဦးသန်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၈**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ၊ ဈေးအရောင်းပြခန်းများနှင့် ဂုဏ်ပြုယာဉ်များကို ပဉ္စမနေ့ ဆက်လက်ဖွင့်လှစ်ပြသမှုများအား ကျောင်းသား ကျောင်းသူများနှင့် ပြည်သူအများအပြား စိတ်ဝင်တစား လာရောက်လေ့လာ၊ ပြခန်းနှင့် ဈေးအရောင်းပြခန်းများမှ တာဝန်ရှိသူများ၊ လာရောက်လေ့လာသူများနှင့် တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြအပ်ပါသည်-

**ဦးသိန်းမြင့်မွန်(ဒုတိယညွှန်ကြားရေးမှူးချုပ်) တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ တံတားဦးစီးဌာန၊ လမ်းဦးစီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနဲ့ အဆောက်အဦဦးစီးဌာန အပါအဝင် ဌာနကြီးလေးခုကနေ ကဏ္ဍလေးခု ပြသပါတယ်။ တံတားဦးစီးဌာနအနေနဲ့ပြည်နယ်၊ တိုင်းဒေသကြီး အသီးသီးမှာ ပေ ၁၈၀ နဲ့အထက် တံတားကြီးများ တည်ဆောက်ဆဲ၊ အကောင်အထည်ဖော်ဆဲတံတားကြီးများရဲ့ မြေပုံ၊ တည်နေရာ၊ တံတားအရှည်ပုံစံငယ်များကို ပြသထားပါတယ်။ တံတားကြီးများ တည်ဆောက်တဲ့အခါမှာ အရည်အသွေးထိန်းသိမ်းရေး စစ်ဆေးဆောင်ရွက်ရာမှာ အသုံးပြုတဲ့ ပစ္စည်းတွေ၊ လုပ်ငန်းလုပ်ဆောင်ပုံအဆင့်ဆင့်ကို ပြသထားပါတယ်။ တံတားဦးစီးဌာနအနေနဲ့ နိုင်ငံတကာ အကူအညီနဲ့ အကောင်အထည်ဖော်တဲ့ တံတားကြီး ခြောက်စင်းရှိပါတယ်။ ရန်ကုန်မြို့မှာ သန်လျင် တံတားအမှတ်(၃)နဲ့ ဒလတံတား အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ နောက်ထပ်က မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်အတွင်းမှာ ဂျိုင်း (ကော့ကရိတ်)တံတား၊ ဂျိုင်း (ဇာသပြင်) တံတား၊ အတ္တရံတံတား တည်ဆောက်နေပါတယ်။ ရှမ်းပြည်နယ်ဘက် တရုတ်နိုင်ငံ နယ်စပ်မှာဆိုရင် ကွမ်းလုံတံတားသစ်ကြီးကို နိုင်ငံတကာ အကူအညီနဲ့ ဆောင်ရွက်နေပါတယ်။ တံတားသစ်ကြီးတွေ တည်ဆောက် အကောင်အထည်ဖော်သလို ရှိပြီးသား တံတားကြီးတွေကိုလည်း နှစ်အလိုက် နိုင်ငံတော်ရဲ့အရေးပါမှုကို ဦးစားပေးအလိုက် မပျက်စီးအောင်ထိန်းသိမ်းတာ၊ အဆင့်မြှင့်တာတွေ၊ နိုင်ငံတကာနဲ့ဆက်သွယ်တဲ့ လမ်းတွေ၊ ဒေသတွင်း အချင်းချင်းဆက်သွယ်တဲ့ လမ်းတွေ အဆင့်မြှင့်ဖို့လည်း ရည်မှန်းချက်ထား ဆောင်ရွက်နေပါတယ်။ ဒါ့အပြင် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနကလည်း နိုင်ငံ့ဝန်ထမ်းအိမ်ရာ၊ တန်ဖိုးသင့် ပြည်သူ့အိမ်ရာနဲ့ အဆင့်မြင့်အိမ်ရာ လုပ်ငန်းတွေ ဆောင်ရွက်မှုပုံစံတွေကိုလည်း ပြသထားပါတယ်။ နောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာတွေကိုလည်း ပြသထားပါတယ်။ စိန်ရတုလွတ်လပ်ရေးနေ့မှာ ပြခန်းတွေကို လာရောက် လေ့လာကြတဲ့ ပြည်သူတွေ၊ ကျောင်းသားတွေဟာ လက်ရှိနိုင်ငံဖွံ့ဖြိုးရေး လုပ်ငန်း ဆောင်ရွက်ချက်တွေကို အသေးစိတ်သိရှိ လေ့လာနိုင်ကြမှာဖြစ်ပါတယ်။

**ကိုဇော်မင်းခိုင်(Good & Right စပျစ်ဝိုင်) မကွေးတိုင်းဒေသကြီး ကိုယ်စားပြုအရောင်းပြခန်း**

ကျွန်တော်က မကွေးတိုင်းဒေသကြီး ချောင်းဖြူရွာကပါ။ မကွေးတိုင်းဒေသကြီး အရောင်းပြခန်းမှာ မကွေးတိုင်းအတွင်းက စပျစ်စိုက်ခင်းတွေက ထုတ်လုပ်တဲ့ စပျစ်သီးနဲ့ထုတ်လုပ်တဲ့ ဝိုင်ကို ရောင်းချပေးတာဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီးအတွင်းမှာ စပျစ်ကို ကျွန်တော်တို့အဖွဲ့ကနေ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းမှာ စတင်စိုက်ပျိုးခဲ့တာပါ။ ကျွန်တော်တို့အဖွဲ့ထဲမှာ စပျစ်ပင်အရေအတွက် ၁၃၂၀၀ လောက် စိုက်ပျိုးထားပါတယ်။ အခြားစိုက်ပျိုးထုတ်လုပ်သူတွေအပါအဝင် အပင်စုစုပေါင်း ၃၀၀၀၀ ကျော်လောက် ရှိပါတယ်။ ဝိုင်ထုတ်လုပ်ရောင်းချမှုအနေနဲ့ ၂၀၁၃ ခုနှစ်လောက်မှာစပြီး အောင်မြင်လာတာပါ။ စပျစ်ဝိုင် စထုတ်ဖြစ်တာက စားသုံးသူတွေဘက်က ဈေးကြီးကြီး ပေးဝယ်ရတာမျိုးမဖြစ်အောင် စိုက်ပျိုးသူတွေဘက်ကလည်း ဈေးတအားကျမသွားအောင် စပျစ်သီးအတိုင်း ရောင်းချပေးတာအပြင် အဆင့်မြင့်ထုတ်ကုန်အနေနဲ့လည်း ဝိုင်ထုတ်လုပ်ပြီး ဈေးကွက်ကို ထိန်းညှိနိုင်အောင် ဆောင်ရွက်ခဲ့တာပါ။ ပထမပိုင်း ဝိုင်စလုပ်တဲ့ အချိန်မှာတုန်းက အခက်အခဲတွေ ရှိခဲ့ပေမယ့် နောက်ပိုင်းမှာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနနဲ့ တိုင်းဒေသကြီး အစိုးရအပြင် အခြားမိတ်ဖက်ဌာနတွေရဲ့ နည်းပညာအကူအညီအပြင် မမြင်ရတဲ့ မျက်လုံးတစ်ဖက်ကို ဖွင့်ပေးလိုက်သလို အခုလိုမျိုး ဈေးကွက်ရောက်တဲ့အထိ အကူအညီတွေရတဲ့အတွက်ကျွန်တော်တို့ ထုတ်ကုန်ပစ္စည်းကို ထုတ်လုပ်ရောင်းချနိုင်တဲ့အထိ ဖြစ်လာခဲ့ပါတယ်။ ဌာနဆိုင်ရာတွေကလည်း အသေးစား စက်မှုလက်မှုလုပ်ငန်းတွေကို အားပေးတယ်၊ ကျွန်တော်တို့ ကိုယ်တိုင်ကလည်း ကြိုးကြိုးစားစား လုပ်တဲ့အတွက် အခုဆိုရင် ဈေးကွက်မှာ နာမည်တစ်ခုရတဲ့ အနေအထားထိ ရောက်လာပါပြီ။ အရင်ကလည်း နေပြည်တော်မှာပြုလုပ်တဲ့ မဲခေါင်-လန်ချန်းအစီအစဉ်နဲ့ ဆောင်ရွက်တဲ့ ပြပွဲတွေမှာလည်း ဝင်ရောက်ပြသခဲ့ဖူးပါတယ်။ အခု စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းမှာတော့ ပစ္စည်း ပြတ်လပ်လို့ နောက်ထပ်ပြန်မှာရတဲ့အထိကို ရောင်းအားကောင်းပါတယ်။



ဆောက်လုပ်ရေးဝန်ကြီးဌာနပြခန်း၌ ကြည့်ရှုလေ့လာသူများ။

**ဒေါ်သီရိရတနာလှိုင် (ရှိုးရာမောင် အထည်ဆိုင်) ပဲခူးတိုင်းဒေသကြီး ဈေးအရောင်းပြခန်း**

ပြခန်းမှာ ပဲခူးတိုင်းဒေသကြီး ဒေသထွက်ကုန်ပစ္စည်း တစ်ခုဖြစ်တဲ့ ရှိုးရာမောင်(ကျူပုဆိုး) ကို အဓိကထားပြီး လာရောက်ရောင်းချတာဖြစ်ပါတယ်။ ကျူပုဆိုးဆိုတာကတော့ ကျူထရံကွက် ဒီဇိုင်းကို အခြေခံထုတ်လုပ်ထားတဲ့ ပုဆိုးဒီဇိုင်းဖြစ်ပါတယ်။ ဒီပွဲမှာတော့ ကျွန်မတို့ ပုဆိုးအကွင်း ၁၂၀၀ လောက် ရောင်းချခဲ့ရပါတယ်။ နောက်တစ်ခုက ဌာနဆိုင်ရာတွေနဲ့ ဝယ်ယူသူတွေကို တိုက်ရိုက်ထိတွေ့ ရောင်းချခွင့်ရတဲ့အတွက် ကျွန်မဆွဲထားတဲ့ ဒီဇိုင်းသစ်တွေကို ဝယ်ယူဖို့အတွက် အမှာစာတွေလည်း ရခဲ့ပါတယ်။ ကျွန်မတို့ရဲ့ စက်ရုံကတော့ ရွှေတောင်မြို့မှာ တည်ရှိပါတယ်။ စက်ရုံကနေ ကျူပုဆိုးတွေကို မူလလက်ဟောင်းဆင်တွေအပြင် ဒီဇိုင်းထွင်ပြီး လေးလွှား၊ ခြောက်လွှား၊ ရှစ်လွှားအထိ လိုချင်တဲ့ပုံစံတွေကို ထုတ်လုပ်ပေးနေပါတယ်။

**ဦးဝင်းကျော် (လက်ထောက်ညွှန်ကြားရေးမှူး ) ကရင်ပြည်နယ် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားရေးဦးစီးဌာန**

ကျွန်တော်က (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ တိုင်းရင်းသားရိုးရာပြခန်းမှာ ကရင်ပြည်နယ် ပြခန်းအတွက် အဖွဲ့ဝင်အနေနဲ့ လိုက်ပါလာခြင်းဖြစ်ပါတယ်။ ကရင်ပြည်နယ် အရောင်းပြခန်းမှာ တာလပေါ၊ ကြက်သားတာလပေါ၊ ခရုတာလပေါ၊ သံတောင်ဒေသထွက် ကော်ဖီ၊ လှော်စာ၊ ခေါင်ရည်တွေကို ရောင်းချပေးခဲ့ပါတယ်။ မြည်းစမ်းကြည့်ချင်သူများအတွက် မြည်းစမ်းခွင့် ဝန်ဆောင်မှုတွေလည်း ပေးပါတယ်။ ကျွန်တော်တို့ ကရင်ပြည်နယ်အရောင်းပြခန်းမှာ တစ်နေ့ လာရောက်လည်ပတ်သူ ၅၀၀ အတွက် ရိုးရာအစားအစာတွေကို စတုဒိသာ နေ့စဉ်ကျွေးမွေးလျက်ရှိပါတယ်။ ပြည်နယ်အစိုးရအဖွဲ့ရဲ့ အစီအစဉ်နဲ့ ကျွေးမွေးတာဖြစ်ပါတယ်။ အဓိက ရောင်းချပေးလျက်ရှိတဲ့ အစားအစာတွေဟာလည်း ခွင့်ပြုလိုင်စင်ရရှိပြီး စားသောက်စရာတွေကို ရောင်းချပေးလျက်ရှိပါတယ်။ ရောင်းချတဲ့ပစ္စည်း အရေအတွက်က ဘားအံက ၁၉ မျိုးနဲ့ သံတောင်က ၁၀ မျိုး စုစုပေါင်း ပစ္စည်း ၂၉ မျိုးကို ရောင်းချပေးခဲ့တာ ယနေ့မှာ အနည်းငယ်သာ ကျန်ရှိပါတယ်။ တစ်နေ့ပျမ်းမျှရောင်းချငွေဟာ ၁၈ သိန်းကျော်ဝန်းကျင် နေ့စဉ်ရောင်းချရရှိပါတယ်။ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့မှာ ကျွန်တော်တို့လို တိုင်းဒေသကြီး၊ ပြည်နယ်တွေနဲ့ နေပြည်တော် ဒေသထွက်ကုန်ပစ္စည်းတွေကို အချင်းချင်းဖလှယ်ခွင့်၊ ဝယ်ယူအားပေးခွင့်နဲ့ အချင်းချင်းချစ်ကြည်ရင်းနှီးခွင့်တွေ ရရှိကြပါတယ်။ ကရင်အစားအစာတွေကို အခမဲ့ စတုဒိသာ ကျွေးခွင့်ရတာ ဝမ်းသာဂုဏ်ယူမိပါတယ်။

**ဦးသန်းနိုင်(ဥက္ကဋ္ဌ၊ ထူးဟန်သစ်ကုမ္ပဏီလီမိတက်) ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ကိုယ်စားပြုပြခန်း**

ကျွန်တော်တို့ ဝါးနဲ့ပတ်သက်တဲ့ ပြခန်းအနေနဲ့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနပြခန်းမှာ ပြသခွင့်ရရှိခဲ့ပါတယ်။ ကျွန်တော်တို့က စိုက်ပျိုးရေးလည်းလုပ်ပါတယ်။ အဓိက ကျွန်းပင်တွေကို စိုက်ပျိုးပါတယ်။ ကျွန်းကို စိုက်ပျိုးတဲ့အခါ ကျွန်းပင်တွေထိန်းသိမ်းဖို့ ဝါးပင်တွေကို စိုက်ပျိုးခဲ့ပါတယ်။ အဲဒီကနေ ဝါးနဲ့ပတ်သက်တဲ့ ဝါးမီးသွေး ထုတ်ကုန်တွေထုတ်ဖို့ ဂျပန်နိုင်ငံက ပညာရှင်တွေကို ခေါ်ယူပြီး နည်းပညာတွေ ရယူခဲ့ပါတယ်။ အခုလို (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့မှာ ထုတ်ကုန်တွေ အဆင်သင့်မဖြစ်သေးပေမယ့် ပြီးခဲ့သမျှတွေကို ပြသခွင့်ရခဲ့ပါတယ်။ ဝါးမီးသွေးနဲ့ပတ်သက်ပြီး ပြည်သူတွေ မသိရှိသေးတာတွေကို သိရှိလာအောင် အသေးစိတ်ရှင်းပြခွင့်လည်း ရရှိခဲ့ပါတယ်။ ဝါးမီးသွေးက လေကောင်းလေသန့်ရရှိတယ်။ ဝါးမီးသွေးကထုတ်တဲ့ ဝါးပေါင်းခံရည်ဟာလည်း ကျန်းမာရေးအတွက် အလွန်ကိုအကျိုးရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဝါးပင်တွေ ပေါပေါများများရှိတဲ့အတွက် ဝါးနဲ့ပတ်သက်တဲ့ ကုန်ချောတွေကိုထုတ်လုပ်ပြီး ပြည်သူတွေအနေနဲ့ ဈေးနှုန်း သက်သာစွာဝယ်ယူအသုံးပြုနိုင်စေဖို့ ကြိုးစားဆောင်ရွက်နေပါတယ်။ ဝါးပေါင်းခံရည်က ထုတ်လုပ်တဲ့ ဝါးဆပ်ပြာ၊ ခံတွင်းသန့်ဆေးရည်၊ ဝါးမီးသွေးစတဲ့အမယ်တွေနဲ့ ပြသရောင်းချပေးခဲ့ပါတယ်။

# မလေးရှားကလပ် ပီနန်းအသင်းသို့ နောက်ခံလူ ဇော်မင်းထွန်း ပြောင်းရွှေ့ကစားမည်




**ရန်ကုန် ဇန်နဝါရီ ၈**

မြန်မာနောက်ခံလူ ဇော်မင်းထွန်းသည် မလေးရှားစူပါလိဂ်ကလပ် ပီနန်းအသင်းသို့ တစ်ရာသီစာချုပ်ဖြင့် ပြောင်းရွှေ့ကစားမည်ဖြစ်သည်။

ဇော်မင်းထွန်းသည် ပြီးခဲ့သည့်ရက်ပိုင်းက ပီနန်းအသင်းနှင့် စာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး ကျောနံပါတ် - ၃ ဝတ်ဆင်ကစားမည်ဖြစ်သည်။ ဇော်မင်းထွန်းသည် ပီနန်းအသင်းတွင် လေ့ကျင့်မှုပြုလုပ်နေပြီဖြစ်သည်။ ဇော်မင်းထွန်းသည် ပြီးခဲ့သည့်နှစ်တွင် ထိုင်းလိဂ်-၁ ကလပ် ချောင်ဘူရီအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သော်လည်း ပထမအကျော့အပြီးတွင် နှစ်ဦးသဘောတူလမ်းခွဲကာ မလေးရှားကလပ်သို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ မလေးရှားစူပါလိဂ်ကလပ် ပီနန်းအသင်းသည် ပြီးခဲ့သည့်ရာသီတွင် ရလဒ်မကောင်းခဲ့သဖြင့် ရာသီသစ်အတွက် ပြင်ဆင်မှုများစွာပြုလုပ်လျက်ရှိပြီး ခံစစ်ပိုင်းအတွက် ဇော်မင်းထွန်းကို ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ဇော်မင်းထွန်းသည် မလေးရှားကလပ်သို့ ပြောင်းရွှေ့ခဲ့သဖြင့် လာမည့်ရာသီတွင် မလေးရှားစူပါလိဂ်၌ မြန်မာကစားသမားနှစ်ဦး ကစားမည်ဖြစ်ပြီး ဆီလန်ဂေါ်အသင်းတွင် တိုက်စစ်ကစားသမား ဟိန်းထက်အောင် ပါဝင်ကစားလျက်ရှိသည်။ မြန်မာဘောလုံးသမားများသည် ယခုနောက်ပိုင်းတွင် ထိုင်းကလပ်များသို့ဦးစားပေးပြောင်းရွှေ့ကစားလျက်ရှိသော်လည်း မလေးရှား အပါအဝင် အခြားအာဆီယံဒေသတွင်း ကလပ်များတွင်လည်း ပါဝင်ကစားလျက်ရှိသည်။

ဇော်မင်းထွန်းသည် ၂၀၁၉ ခုနှစ်တွင် ပြည်ပကလပ်များသို့ စတင်ပြောင်းရွှေ့ခဲ့ပြီး ထိုင်းကလပ်များတွင်သာ ကစားခဲ့သော်လည်း ပထမဆုံးအကြိမ်အဖြစ် မလေးရှားကလပ်တွင် သွားရောက်ကစားခြင်း ဖြစ်သည်။ ဇော်မင်းထွန်းသည် ၂၀၁၉ ရာသီတွင် ထိုင်းလိဂ်-၁ ကလပ် ချောင်ဘူရီအသင်း၊ ၂၀၂၀-၂၀၂၁ ရာသီတွင် ထိုင်းလိဂ်-၁ ကလပ် ဆူခိုထိုင်းအသင်း၊ ၂၀၂၁-၂၀၂၂ ရာသီတွင် ထိုင်းလိဂ်-၂ ကလပ် Trat အသင်း၊ ၂၀၂၂-၂၀၂၃ ရာသီ ပထမအကျော့တွင် ထိုင်းလိဂ်-၁ ကလပ် ချောင်ဘူရီအသင်းတို့၌ ပါဝင်ကစားခဲ့ခြင်းဖြစ်သည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ - Penang FC**

○ *ကျောဖုံးမှ*

လက်ရှိချန်ပီယံ ထိုင်းအသင်းနှင့် မလေးရှားအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဇန်နဝါရီ ၆ ရက်နှင့် ၇ ရက်က ကျင်းပသည့် ပထမအကျော့ပွဲစဉ်များတွင်အင်ဒိုနီးရှားနှင့်ဗီယက်နမ် ဂိုးမရှိသရေကျပြီး မလေးရှားအသင်းက ထိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ပထမအကျော့ပွဲစဉ်များတွင် ပြတ်သားသည့်ရလဒ် မထွက်ပေါ်သဖြင့် ဒုတိယအကျော့နှစ်ပွဲစလုံး အရေးပါနေပြီး လေးသင်းစလုံး အခွင့်အရေးကိုယ်စီရှိနေခြင်းဖြစ်သည်။ ပထမအကျော့ ဂိုးမရှိသရေကျခဲ့သည့် အင်ဒိုနီးရှားနှင့် ဗီယက်နမ်အသင်းမှာ ဗိုလ်လုပွဲတက်ရောက်ရန် နှစ်သင်းစလုံး အခွင့်အရေးကိုယ်စီရှိနေသော်လည်း အိမ်ကွင်းကစားရမည့် ဗီယက်နမ်အသင်းက အလေးပိုသာနေသည်။ ဗီယက်နမ်အသင်းသည် ပြိုင်ပွဲတစ်လျှောက်ပေးဂိုးမရှိသေးသည့် ခံစစ်စွမ်းဆောင်ရည်ကြောင့်လည်း အင်ဒိုနီးရှားအသင်းအနေဖြင့် အနိုင်ရရန် ပိုမိုအားထုတ်ရဖွယ်ရှိနေသည်။ ပထမအကျော့ အဝေးကွင်းတွင် အရေးနိမ့်ခဲ့သည့် လက်ရှိချန်ပီယံ ထိုင်းအသင်းအနေဖြင့် ချန်ပီယံဆုကာကွယ်နိုင်ရန် ဒုတိယအကျော့တွင် နှစ်ဂိုးနှင့်အထက် အနိုင်ကစားရတော့မည်ဖြစ်သည်။ မလေးရှားအသင်းသည် ပထမအကျော့ အိမ်ကွင်းအနိုင်ရလဒ်ကြောင့် အခွင့်အရေးပိုသာနေသော်လည်း ဒုတိယအကျော့တွင် အမှားလုပ်မရသည့် အနေအထားဖြစ်နေသည်။

ဆီမီးဖိုင်နယ်ရောက်လေးသင်းတွင် အင်ဒိုနီးရှားမှလွဲ၍ ကျန်အသင်းများမှာ ချန်ပီယံဆုရရှိဖူးပြီး ထိုင်းအသင်းက ခြောက်ကြိမ်၊ ဗီယက်နမ်အသင်းက နှစ်ကြိမ်၊ မလေးရှားအသင်းက တစ်ကြိမ် ဗိုလ်စွဲထားခြင်းဖြစ်ကာ အင်ဒိုနီးရှားအသင်းမှာမူ အမြင့်ဆုံး ဒုတိယဆုရရှိထားသည်။

**ရဲရင့်လွင်**

# ၂၀၂၃ ခုနှစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကြက်တောင်ပြိုင်ပွဲအတွက် လူရွေးချယ်ပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၈**

ကမ္ဘောဒီးယားနိုင်ငံတွင် ၂၀၂၃ ခုနှစ် မေ ၇ ရက်မှ ၁၅ ရက်အထိ ကျင်းပပြုလုပ်မည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကြက်တောင်ပြိုင်ပွဲအတွက် မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်မှ ဝင်ရောက် ယှဉ်ပြိုင်နိုင်ရန် ကြက်တောင် ကစားသမား လူရွေးချယ်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသား ကြက်တောင် အားကစားသမား ရွေးချယ်ရေးအတွက် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၁ ရက်နေ့ နောက်ဆုံးထားကာ ဖုန်း ၀၉-၅၅၀၅၀၅၈ သို့ စာရင်း ပေးသွင်းရမည်ဖြစ်ပြီး ဇန်နဝါရီ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် လူရွေးပွဲကျင်းပမည်ဖြစ်သည်။

**ရွေးချယ်မည်**

စာရင်း ပေးသွင်းရာတွင် Speci-alize တစ်ခုတည်းသာ ပေးသွင်းရမည်ဖြစ်ပြီး တစ်ဦးချင်းနှင့် နှစ်ယောက်တွဲ ရွေးချယ်မည်ဖြစ်၍ တစ်ဦးချင်းသီးသန့်/နှစ်ယောက်တွဲသီးသန့် ပထမရရှိသည့် ကစားသမားများကိုသာ ရွေးချယ်မည်ဖြစ်သည်။

**ရွေးချယ်ခွင့်ရှိကစားသမားများ**

ရွေးချယ်ခံယှဉ်ပြိုင်ခွင့်ရှိသည့် ကစားသမားများမှာ ၂၀၁၃ ခုနှစ်နှင့် နောက်ပိုင်း နိုင်ငံ့ကိုယ်စားပြု အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ဖူးသည့် နိုင်ငံ့ကိုယ်စားပြု အားကစားသမားများ၊ ၂၀၁၉ ခုနှစ် အမျိုးသားတံခွန်စိုက် ကြက်တောင်ပြိုင်ပွဲ အကြီးတန်းပြိုင်ပွဲတွင် အကြိုဗိုလ်လုပွဲအထိ တက်ရောက်ခဲ့သည့် ဆုရကစားသမားများ၊ ၂၀၂၂ ခုနှစ် အမျိုးသားတံခွန်စိုက် ကြက်တောင်ပြိုင်ပွဲ သာမန်တန်းတွင် ဗိုလ်လုပွဲ တက်ရောက်သည့် အမျိုးသားကစားသမားများ ဖြစ်ကြောင်း သိရသည်။

**အမျိုးသမီးသုံးဦးရွေးချယ်မည်**

ထို့အတူ အမျိုးသမီးကစားသမားများ ရွေးချယ်ရာတွင် ၂၀၂၂ ခုနှစ် အမျိုးသားတံခွန်စိုက် ကြက်တောင်ပြိုင်ပွဲ၊ အကြီးတန်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲရလဒ်ဖြင့် အမျိုးသမီးကစားသမား သုံးဦးအား ရွေးချယ်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**ပါဝင်ယှဉ်ပြိုင်**

ကမ္ဘောဒီးယား နိုင်ငံတွင် ကျင်းပမည့် Mixed Team ကြက်တောင်ပြိုင်ပွဲတွင် အမျိုးသား သုံးဦး၊ အမျိုးသမီးသုံးဦး ပါဝင် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယင်းပြိုင်ပွဲသို့ လာအို၊ ဘရူနိုင်း၊ အရှေ့တီမော၊ မြန်မာနှင့် အိမ်ရှင်ကမ္ဘောဒီးယားအသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲများ ပါဝင်ပြီး သုံးမျိုးယှဉ်ပြိုင်အနိုင်ရရှိသည့်အသင်းသည် အနိုင်ရရှိမည်ဖြစ်ကာ ရွှေတံဆိပ်ချီးမြှင့်ခြင်းခံရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်မှ သိရသည်။

**အာကာစိုး**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇန်နဝါရီ ၈

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး အင်းတကော်မြို့နယ်နေ ညီညီလတ်သည် ၎င်းအသုံးပြုသည့် “Nyi Nyi Latt” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင် ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပိုလန်နိုင်ငံ၏ တစ်နှစ်တာအကောင်းဆုံး အားကစားသမားအဖြစ် ဆွီယာတက်ခ် သတ်မှတ်ခံရ



ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ် အီဂါဆွီယာတက်ခ်သည် ဇန်နဝါရီ ၇ ရက် ညနေပိုင်းတွင် ပိုလန်နိုင်ငံ၏ ၂၀၂၂ ခုနှစ်အတွက် တစ်နှစ်တာ အကောင်းဆုံးအားကစားသမားအဖြစ် သတ်မှတ်ခံခဲ့ရကြောင်း သိရသည်။ အဆိုပါ တစ်နှစ်တာ အကောင်းဆုံးအားကစားသမားဆုကို ပိုလန်နိုင်ငံ၏ ဂုဏ်အရှိဆုံးအားကစားဆုများထဲမှ တစ်ခုအဖြစ် သတ်မှတ်ထားသည်။

ဆွီယာတက်ခ်သည် ၃၇ ပွဲဆက်နိုင်ပွဲရရှိမှုနှင့်အတူ ဒဗလျူတီအေ အဆင့်သတ်မှတ်ချက်တွင် ကမ္ဘာ့နံပါတ်တစ်နေရာကို ရောက်ရှိလာခဲ့သည်။ ထို့အပြင် ၎င်းအနေဖြင့် ပြင်သစ်အိုးပင်းနှင့် ယူအက်စ်အိုးပင်းပြိုင်ပွဲတွင် ဆုဖလားများ ဆွတ်ခူးရရှိပြီးနောက် အဆိုပါဆုကိုရရှိရန် ထင်ကြေးပေးခံနေရခြင်း ဖြစ်သည်။ ဆွီယာတက်ခ်သည် ဩစတြေးလျတွင် United Cup ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်နေသည့်အတွက် အဆိုပါဆုပေးပွဲကို တက်ရောက်နိုင်ခြင်းမရှိကြောင်း သိရသည်။

ဆွီယာတက်ခ်၏ နည်းပြဖြစ်သူ သောမက်စ်ဝစ်တိုရီစကီးက တစ်နှစ်တာအကောင်းဆုံးနည်းပြဆုကို ဆွတ်ခူးနိုင်ခဲ့ပြီး ပိုလန်အမျိုးသားဘော်လီဘောအသင်းက တစ်နှစ်တာအကောင်းဆုံး အသင်းဆုကို လက်ခံရရှိခဲ့သည်။

**အောင်ဇော်**

# နှင်းဆီကုန်းဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့သို့ အလှူငွေပေးအပ်လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၈**
ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ နှင်းဆီကုန်း ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့သို့ အလှူငွေပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီက အဆိုပါ နှင်းဆီကုန်းဘိုးဘွားရိပ်သာကျောင်း ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သီရိစန္ဒာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဦးသုမင်္ဂလအားအလှူရှင်များက လှူဖွယ်ဝတ္ထု၊ ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဦးတင်မောင် (စန္ဒီပရဆေး) မိသားစုနှင့် အလှူရှင်များက အလှူငွေ စုစုပေါင်း ကျပ် ၆၅ သိန်းကျော် ပေးအပ်လှူဒါန်းရာ နှင်းဆီကုန်းဘိုးဘွားရိပ်သာစောင့်ရှောက်ရေး အကျိုးတော်ဆောင်များက လက်ခံရယူကြသည်။

ယင်းနောက် သီရိစန္ဒာကျောင်းတိုက် ဆရာတော်ထံမှ အလှူရှင်များနှင့် အခမ်းအနားတက်ရောက်လာကြသူများက ဩဝါဒကထာနှင့် အနုမောဒနာတရားနာယူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **အောင်မြင့်(ပြန်/ဆက်)**

# ခရီးသည်များ လုံခြုံမှုရှိစေရန် YBS ယာဉ်များပေါ်တွင်Telematics Device များ တပ်ဆင်ထား

**ရန်ကုန် ဇန်နဝါရီ ၈**
ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ပြေးဆွဲနေသည့် YBS ယာဉ်စီး ခရီးသည်များ လုံခြုံမှုရှိစေရန် YBS ယာဉ်အစီးရေ ၃၈၈၅ စီးပေါ်တွင် Telematics Device များ တပ်ဆင်ဆောင်ရွက်ပြီးဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ ကျန်တဲ့ YBS ယာဉ်တွေပေါ်မှာလည်း တပ်ဆင်ဖို့ ဆောင်ရွက်နေပါတယ်။ YBS ယာဉ်တွေပေါ်မှာ ခရီးသည်တွေကို အုပ်စုဖွဲ့ပြီး ခါးပိုက်နှိုက်တာတို့၊ လုယက်တာတို့ ဖြစ်လာရင် ယာဉ်မောင်းတွေအနေနဲ့ Telematics Device SOS Button ကိုနှိပ်ပြီး YBO Control Center ကို အချိန်နဲ့တစ်ပြေးညီ အကြောင်းကြားနိုင်မှာဖြစ်ပါတယ်" ဟု (YRTC) မှ တွဲဖက်အတွင်းရေးမှူး ဦးလျှန်ကျင့်မန်က ပြောသည်။

ရန်ကုန်မြို့၌ပြေးဆွဲနေသော YBS ခရီးသည်တင်ယာဉ်များပေါ်တွင် ခါးပိုက်နှိုက်၊ လုယက်မှု၊ အကြမ်းဖက်မှု စသည့်ထူးခြားဖြစ်စဉ်များအနေဖြင့် အချိန်နှင့် တစ်ပြေးညီ YBO (Yangon Busopecrator) Control Center သို့ ဆက်သွယ်အကြောင်းကြားနိုင်ရန် ယခုကဲ့သို့ Telematics Device များကို YBS ယာဉ်များပေါ်တွင် တပ်ဆင်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။

ထိုသို့ YBS ယာဉ်များပေါ်တွင် ထူးခြားဖြစ်စဉ်များ ဖြစ်ပွားလာ၍ ယာဉ်မောင်းများက YBO Control Center သို့ ဆက်သွယ်အကြောင်းကြားလာပါက YBO Control Center မှတစ်ဆင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သို့ အလျင်အမြန် သတင်းပေးပို့တိုင်ကြားနိုင်ရန် သရုပ်ပြလေ့ကျင့်မှုများလည်း ဆောင်ရွက်ထားကြောင်း သိရသည်။

ယခုအခါ ခရီးသွားပြည်သူများအား ခါးပိုက်နှိုက်ခြင်း၊ လုယက်ခြင်းစသည့် အန္တရာယ်များမှ ကင်းဝေးစေရန် ရန်ကုန်မြို့ရှိ YBS မှတ်တိုင်တချို့၌ YRTC မှ ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များက စောင့်ကြည့်နေသကဲ့သို့ ခရီးသွားပြည်သူများအား အသိပညာပေးခြင်းများကိုလည်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အာကာလင်း**



**အများသိစေရန် ကြေညာချက်**

၁။ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်ဇေယျ(၇)လမ်း၊ အမှတ်(၂)တွင် (၂)ခန်းတွဲ(၆)ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ခွင့်အား မြေရှင် ဒေါ်သန်းသန်းအေး (GP) ဦးကျော်မျိုးနိုင်၊ လိုင်စင်ရကန်ထရိုက်တာ ဦးခင်မောင်ထွေး (LC-949)တို့ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ) မှ ၁၁-၈-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၁၉၂၁/၁၉၂၂/စည်ပင်-ယာ(အုံ)ဖြင့် ဆောက်လုပ်ခွင့်ပြုထားပြီးဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ခွင့်အား လိုင်စင်ရကန်ထရိုက်တာ ဦးခင်မောင်ထွေး(LC-949)အစား ဒေါ်အေးအေးမြင့်(LC-700)သို့ ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန် မြေရှင်နှင့် လိုင်စင်ရကန်ထရိုက်တာ (၂)ဦးတို့မှ အင်ဂျင်နီယာဌာန (အဆောက်အအုံ)သို့ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက် ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထား ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၈ဃ/၉၈၅၅၉ Suzuki Smash 112 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင် ၇/ပတတ(နိုင်) ၀၇၈၄၃၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး(ပြည်)
ပြည်မြို့

# လွိုင်ကော်မြို့၌ သန့်ရှင်းလတ်ဆတ်သည့် အသားငါးများ စားသုံးနိုင်ရေး ကွင်းဆင်းစစ်ဆေး

**လွိုင်ကော် ဇန်နဝါရီ ၈**
ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်စည်ပင်သာယာရေး၊ ငါးလုပ်ငန်းဦးစီးဌာန၊လွိုင်ကော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ FDA ၊ မြို့နယ်ရဲတပ်ဖွဲ့တို့ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် စားသုံးသူများ၏ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ စိတ်ကျေနပ် မှုရရှိစေရေးတို့အတွက် အသားငါးများ သန့်ရှင်းလတ်ဆတ်မှု ရှိမရှိကို ဇန်နဝါရီ ၇ ရက်က လွိုင်ကော်မြို့ သီရိမင်္ဂလာ ဈေးအတွင်းရှိ ဈေးဆိုင်များအား ကွင်းဆင်းစစ်ဆေးသည်။**(အောက်ပုံ)**

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနနှင့်တာဝန်ရှိသူများက အသားငါး ၊ ကြက်ဥနှင့် ဘဲဥအရောင်းဆိုင် ၂၆ ဆိုင်ကို စားသုံးသူများ လုံခြုံစိတ်ချမှုရှိစေရေး အသိပညာပေးစစ်ဆေးခဲ့ပြီး သန့်ရှင်းလတ်ဆတ်မှုမရှိသော အသားများကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။ **ကိုဇင်(လွိုင်ကော်)**



# တရားမဝင် သစ်မျိုးစုံ၊ တောရိုင်းတိရစ္ဆာန်များ၊ စားသောက်ကုန်၊ ဘက်ထရီ၊ စိုက်ပျိုးရေးသုံးပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၈**
တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသော 12V 12Ah Battery အလုံး ၆၀၀ အပါအဝင် ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၆၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး ဦးဆောင်သော ပူးပေါင်းအဖွဲ့က ပဲခူးမြို့နယ် ရွှေသံလွင်တိုးဂိတ်အနီးတွင် မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသော Prawn Hornet တံဆိပ် RBD Palm Olein ၁၀၈၀ လီတာ(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော Hino Freezer Box Truck အမျိုးအစားမော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းအရလည်းကောင်း၊ တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်များအတွင်း တရားမဝင် ကျွန်းသစ်၊ ကညင်သစ်နှင့် ပျဉ်းကတိုးသစ် ၅ ဒသမ ၃၀၀၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၉၂၀၄၀) ကို **(အောက်ပုံ)** သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၆၇၂၀၄၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

